


The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL.23, NO. 21 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | October 23 , 2023

# ကျောက္ကာရွာမှ မြန်မာ့ရိုးရာ ယွန်းလက်ရာ

စာမျက်နှာ- 24




## မြန်မာ့ဒီဂျစ်တယ်စီးပွားရေးတိုးတက်ဖို့ EComReg တွင် မှတ်ပုံတင်၍ အွန်လိုင်းလုပ်ငန်းများ ဆောင်ရွက်ကြပါစို့

စာမျက်နှာ- 3

## သိရှိထားသင့်သည့် အစားအသောက် ဖြည့်စွက်ပစ္စည်း(FoodAdditives) များ၏ ဂုဏ်သတ္တိများ

စာမျက်နှာ- 20

## ရပ်ဝန်းနှင့် ပိုးလမ်းမ ၁၀ နှစ်တာ ခရီး

စာမျက်နှာ- 8

## စတော့ဈေးကွက်နှင့် နိုင်ငံခြားသား ပါဝင်မှု

စာမျက်နှာ- 25




MIKKO
INSTANT
COFFEEMIX
MIKKO
3 in 1
INSTANT
COFFEEMIX
MIKKO


GWI
We always with you!
GLOBAL WORLD INSURANCE CO.,LTD
မော်တော်ယာဉ်
အာမခံ
သင့်မော်တော်ယာဉ်အတွက် စိုးရိမ်နေသလား?
.ဂလိုဘယ်ဝေါ(လ်)မှာ အခုပဲ အာမခံထားလိုက်ပါ.
Hotline: 09-890 56 777 1
ရန်ကုန်ရုံးချုပ်
အမှတ်(၆၂)၊ ဗဟိုစည်အိမ်ရာဝင်း၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
၀၁-၂၃၀၂၅၀၈၊ ၂၃၀၂၅၀၉
မန္တလေးရုံးခွဲ
အမှတ်(၇)၊ (၆၂)လမ်း၊ (၄၀×၄၁)လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
၀၉-၇၉၆၅၂၇၃၁၁
မကွေးရုံးခွဲ
အမှတ်(၁၁-၁၂)၊ တိုင်း(အား/ကာ)တိုက်တန်း၊ ရန်ကျော်ရပ်၊ မကွေးမြို့။
၀၉-၂၅၄၇၅၀၃၆၉
နေပြည်တော်ရုံးခွဲ
ဆိုင်ခန်း အမှတ်(၅၃)၊ ဘောဂသိဒ္ဓိ ယာဉ်ရပ်နားစခန်း၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်မြို့။
၀၉-၄၄၁၁၃၃၁၀၉
www.gw-insurance.com

# မြန်မာ့ဒီဂျစ်တယ်စီးပွားရေးတိုးတက်ဖို့ EComReg တွင် မှတ်ပုံတင်၍ အွန်လိုင်းလုပ်ငန်းများ ဆောင်ရွက်ကြပါစို့



ဒီဂျစ်တယ်စီးပွားရေး (Digital Economy) ဟုဆိုလျှင် မြန်မာပြည်သူများအနေဖြင့် မိမိတို့နှင့်စိမ်းသည်ဟု ထင်ကောင်းထင်ကြလိမ့်မည်။ လက်တွေ့သုံးသပ်ကြည့်ပါမူ ဒီဂျစ်တယ်စီးပွားရေး အပိုင်းအစများသည် မိမိတို့၏ နေ့စဉ်လူနေမှုဘဝတွင် ပါဝင်လျက်ရှိပေသည်။ ကိုဗစ်(၁၉)အလွန်ကာလများတွင် လူသားတို့၏အပြုအမူများ၊ ဆောင်ရွက်မှုနည်းလမ်းများသည် တိုးတက်လာသော နည်းပညာများ၏အထောက်အကူဖြင့် သိသာစွာ ပြောင်းလဲလာခဲ့သည်။

သမားရိုးကျ ကူးသန်းရောင်းဝယ်ခြင်း၊ သမားရိုးကျ ဈေးကွက်ရှာဖွေခြင်း အခြေအနေများမှသည် အီလက်ထရွန်နစ်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း လုပ်ငန်းများဆီသို့ သိသာစွာ ကူးပြောင်းလာခဲ့ကြပြီဖြစ်သည်။ နည်းပညာအရ တီထွင်ထားသည့် ဉာဏ်ရည်တုဖြစ်သော Artificial Intelligence (AI)၊ Chat GPT များကို လူသားတို့၏ နိစ္စဓူဝလုပ်ငန်းများ၊ စီးပွား ရေးလုပ်ငန်းများ၌ တွင်ကျယ်စွာအသုံးပြု၍ ပိုမိုထိရောက်သော နည်းလမ်းများဖြင့် ဒီဂျစ်တယ် အသွင်ကူးပြောင်းကာ ဆောင်ရွက်လာကြပြီဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ယနေ့ကာလတွင် မိုဘိုင်းဖုန်းများကို ကျေးလက်/ မြို့ပြနေ လူတန်းစားများအားလုံးနီးပါးက အသုံးပြုလာနိုင်ကြပြီဖြစ်သည်။ မိုဘိုင်းဖုန်းများမှတစ်ဆင့် သတင်းအချက်အလက်များကို အင်တာနက်မှ အချိန်နှင့်တစ်ပြေးညီ ရှာဖွေနိုင်ခြင်း၊ E-Commerce Platform များ၊ Social Media Platform များမှတစ်ဆင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ကူးသန်းရောင်းဝယ်ခြင်း၊ Digital Marketing နည်းလမ်းဖြင့် ဈေးကွက်ရှာဖွေ မြှင့်တင်လာကြခြင်း၊ ငွေပေးချေမှုများကို အွန်လိုင်းစနစ်ဖြင့် အသုံးပြုလာကြခြင်း၊ ဒီဂျစ်တယ်ပိုက်ဆံများကို တွင်ကျယ်စွာ အသုံးပြုလာကြခြင်း စသည်တို့သည် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အရေးပါသည့် အခြေခံလမ်းစများ ဖြစ်ကြသည်။

ထိုသို့ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ခြင်းအပါအဝင် စီးပွားရေးရာ ဆက်စပ်လုပ်ငန်းရပ်များကို ဒီဂျစ်တယ်ပလက်ဖောင်း (Digital Platform) များပေါ်သို့ ကူးပြောင်းရာတွင် စနစ်တကျ ထိန်းကျောင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာ သဘောတူညီချက်၊ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်ပါဆောင်ရွက်ရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏ ဒီဂျစ်တယ် အသွင်ကူးပြောင်းခြင်းနှင့် ဒီဂျစ်တယ်ပြောင်းလဲအသုံးပြုခြင်း လုပ်ငန်းစဉ်များကို ဒီဂျစ်တယ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee- DEDC) မှဦးဆောင်၍ ဆောင်ရွက်လျက်ရှိသည်။ DEDC သည် ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ဦးဆောင်မှုပေးရန်အတွက်ဖွဲ့စည်းထားသော အမျိုးသားအဆင့်ဦးဆောင်ကော်မတီဖြစ်သည်။ DEDC အနေဖြင့် မြန်မာ့ဒီဂျစ်တယ်စီးပွားရေး လမ်းပြမြေပုံကို ရေးဆွဲချမှတ်၍ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဒီဂျစ်တယ်ကုန်သွယ်မှု၊ ဘဏ္ဍာရေး ဝန်ဆောင်မှု၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍများကို ဒီဂျစ်တယ်အသွင်ကူးပြောင်း၍ ဒီဂျစ်တယ်နည်းလမ်းဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်ရေးကို အဓိကထား၍ ဆောင်ရွက်လျက်ရှိသည်။

အာဆီယံဒေသတွင်း E-Commerce ဆိုင်ရာလုပ်ငန်းများအတွက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ASEAN Coordinating Committee on e-Commerce and Digital Economy (ACCED) နှင့် ASEAN-Canada Free Trade Agreement စေ့စပ်ညှိနှိုင်းမှု၏ Working Group on E-Commerce တို့တွင် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုက်ပါဆောင်ရွက်ပေးလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အဓိကဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်။

ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပိုမိုလွယ်ကူချောမွေ့စေရေးအတွက် အာဆီယံပြတင်းတစ်ပေါက်(ASEAN Single Window-ASW) မှတစ်ဆင့် အာဆီယံနိုင်ငံများအကြား အီလက်ထရွန်နစ်နည်းဖြင့် ATIGA Form-D များ လဲလှယ်နိုင်ရေးအတွက် နိုင်ငံအလိုက် National Single Window Routing Platform (NSW-RP) စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ၂၀၁၉ ခုနှစ် မေလအတွင်း ATIGA Form-D စမ်းသပ်လဲလှယ်ခြင်း (Pilot Testing) များကို စတင်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် Parallel Testing ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် လွတ်လပ်သော ကုန်သွယ်မှုဒေသအလိုက် အီလက်ထရွန်နစ် ရုံးတံဆိပ်နှင့် လက်မှတ်များကိုခွင့်ပြုထားသည့် CO Form ငါးမျိုးတွင် Online CO Application System မှ အီလက်ထရွန်နစ် ရုံးတံဆိပ်နှင့် လက်မှတ်များ ထည့်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Online CO Application System ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ Online CO Application System ဖြင့် လျှောက်ထားသော Form AK, Form AJ, Form AANZ, Form AHK နှင့် Form RCEP တို့ကို တာဝန်ရှိသူက စိစစ်ပြီးသည့်အခါ အီလက်ထရွန်နစ် ရုံးတံဆိပ်နှင့် လက်မှတ်များကို အသုံးပြု၍ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစတင်၍ စိစစ် ခွင့်ပြုထုတ်ပေးနိုင်လျက်ရှိသည်။

ကိုဗစ်(၁၉)အလွန်ကာလတွင် ရောင်းချမှုပုံစံများ ပြောင်းလဲလာမှုအရ အခြားသော နိုင်ငံများနည်းတူ အွန်လိုင်းပေါ်သို့ရောက်ရှိလာသော မြန်မာ့စီးပွားရေးလုပ်ငန်းများသည်လည်း သက်ဆိုင်ရာ မြန်မာနိုင်ငံရှိ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်သော်လည်းကောင်း ကိုက်ညီရန်လိုအပ်သည်။ ထို့ကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃)ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့သည်။ ထို့ပြင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်အမှတ် (၅၁/၂၀၂၃) ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထို့နောက် အီလက်ထရွန်နစ် နည်းလမ်းကို အသုံးပြု၍ အရောင်းအဝယ်များ ပြုလုပ်ရာတွင် အကျုံးဝင် သက်ဆိုင်သည့် ဥပဒေများနှင့်ပြဋ္ဌာန်းချက်များကို လုပ်ငန်းရှင်များနှင့် စားသုံးသူများက ဥပဒေကြောင်းအရ နားလည်သဘောပေါက်စေရန်နှင့် ၎င်းတို့ကို သိရှိနားလည်ထားခြင်းအားဖြင့် ကြိုတင်မှန်းဆဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရန် အခြေခံမူအဖြစ် ခံယူထားရှိ၍ အီလက်ထရွန်နစ် နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်းလမ်းညွှန် (E-Commerce Guideline) အား ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၅ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။

E-Commerce Guidelines ၏ အပိုင်း(၅) E-Commerce ဆိုင်ရာ လိုက်နာရမည့် အချက်များတွင် မှတ်ပုံတင်ခြင်းသည် အရေးပါသော အခြေခံအချက်တစ်ရပ်အဖြစ် ပါဝင်သည်။ မြန်မာနိုင်ငံအတွင်း E-Commerce လုပ်ငန်းလုပ်ကိုင်သူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသတ်မှတ်ထားသော စနစ်တွင် မှတ်ပုံတင်ရမည်ဟု ဖော်ပြပါရှိသည်။

စနစ်တစ်ခုကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိရန်သည် အလွန် အခြေခံကျ အရေးကြီးသည့် အချက်တစ်ခုဖြစ်ရာ မှတ်ပုံတင်ခြင်း (Register) ပြုလုပ်ရန်သည် အဓိကကျလှသည်။ သို့ဖြစ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများ မှတ်ပုံတင် လက်မှတ်လျှောက်ထားနိုင်ရေးအတွက် EComReg စနစ်ကို Software ရေးဆွဲခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် စနစ်စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

စာမျက်နှာ ၆ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
သိန်းထွန်းဦး
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
သန့်စင်မင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**လက်ထောက်စာတည်း**
ဖြူဖြူဝင်း၊ ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊
မင်းဇော်မွန်(ဖျာပုံ)၊
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
မေသန္တာမိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ယခုတစ်ပတ် ဆန်နှင့် ဆန်ကွဲတန်ချိန် လေးသောင်းနီးပါးတင်ပို့

**ဆန်**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၆၀ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၂၁၅၀ ကျော် တင်ပို့ခဲ့သည်။

ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၉၆၇၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၂၃၃၀ ကျော်နှင့် အာဖရိကနိုင်ငံဖြစ်သော နယူးဂီနီနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀တင်ပို့ခဲ့ကြောင်း သိရသည်။ အာရှနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၆၂၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၂၄၇၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၄၅၀၀နှင့် ဟောင်ကောင်သို့ ဆန် ၇၈ တန် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၅၂၀ကျော်၊ စပိန်နိုင်ငံသို့ ဆန် ၄၂၅ တန်၊ ပိုလန်နိုင်ငံသို့ ဆန် ၃၇၅ တန်၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၆၀၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ အီတလီနိုင်ငံသို့ ဆန် ၁၂၅ တန်နှင့် လစ်သူယေးနီးယားနိုင်ငံသို့ ဆန် ၁၂၅ တန်တင်ပို့ခဲ့သည်။

အောက်တိုဘာလ ဒုတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၉ သန်း တန်ဖိုးရှိ ဆန် ၅၉၇ တန် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တန်ချိန် ၂၂၇၅၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၂၉ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၁၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**ဆန်ကွဲ**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈၃ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၆၉၀၀ ကျော် တင်ပို့ခဲ့သည်။

ဆန်ကွဲတင်ပို့သော နိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၃၇၀ ကျော်၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသို့ ဆန်ကွဲ ၁၃၇၀ ကျော်၊ ချက်သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၅ တန် တင်ပို့ပြီး တရုတ်နိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၂၀၈၀ တင်ပို့ခဲ့သည်။

အောက်တိုဘာလ ဒုတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၀၀ သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၁၉၅ တန် တင်ပို့ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၈၀၀၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၈၃ သန်းရရှိခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် အနည်းငယ်ပိုမိုတင်ပို့ ခဲ့သည်။

ယခုတစ်ပတ် ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၃၀၇၅၀ ကျော်ရှိပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၁၂ သန်းရရှိခဲ့ကြောင်း သိရှိရသည်။ **DAAT**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများ

စစ်ကိုင်းတိုင်းဒေသကြီးသည် ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များ အနေဖြင့် ကသာခရိုင်တွင် ဈေးအနည်းငယ် တက်နေပြီး ကျန်ခရိုင်များတွင် ဈေးအနည်းငယ် ကျဆင်းနေကြောင်း သိရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်တိုဘာလ(တတိယ)ပတ်တွင် ဖြစ်ပေါ်နေသော စပါး/ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ဧရာမင်း (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း) စပါး တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရေဦးခရိုင် ရေဦးမြို့နယ်မှ ပေါ်ဆန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ဧရာမင်း(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ နှံ့စပါး (ရွှေဝါ ထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ နှံ့စပါး (ရွှေဝါထွန်း) (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ များဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်မှ ညှော်မထ(စပါး) တင်း ၁၀၀ လျှင် ၃၂၀၀၀၀၀၊ ညှော်မထ (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ၃၁၀၀၀၀၀၊ ငစိန်(ဆန်)၂၄ပြည်ပါ တစ်အိတ်လျှင် ၁၀၀၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ဧရာမင်း(ဆန်)၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ နှံ့စပါး(ဒေသမျိုး)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၁၀၀၀၀၀၊ နှံ့စပါး(ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်မှ ဆင်းဧကရီ(၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၉၀၀၀၀၀၊ ဆင်းဧကရီ-၃ ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဧရာမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၅၀၀၀၀၀၊ ဧရာမင်း(ဆန်) ၂၄ ပြည် ဆန် တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ နှံ့စပါး(ဆင်း-၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၃၀၀၀၀၀၊ နှံ့စပါး (ဆင်း-၃)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀လျှင် ကျပ် ၂၀၀၀၀၀၀၊ မနောသုခ (ဆန်)၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ဧရာမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း (ဆန်)၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၂၈၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၄၀၀၀၀၀၊ ပေါ် ဆန်း (ဆန်)၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀၊ နှံ့စပါး ရွှေဝါထွန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်)၂၄ ပြည် တစ်အိတ်မှာ ကျပ် ၇၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အောက်တိုဘာလ (ဒုတိယ) ပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၇၃၀၀၊ မန္တလေးသို့အိတ်ရေ ၁၈၃၀၀၊ မကွေးသို့ အိတ်ရေ ၁၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ကချင်သို့ အိတ်ရေ ၅၀၀၊ စုစုပေါင်း အိတ်ရေ ၅၃၆၀၀ အိတ်၊ တန်အားဖြင့် ၂၆၈၀ စီး ထွက်ခဲ့ပြီး၊ ယခု အောက်တိုဘာလ တတိယပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသ ကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၆၆၀၀၊ မန္တလေးသို့ အိတ်ရေ ၁၈၂၀၀၊ မကွေးသို့ အိတ်ရေ ၁၀၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၂၅၀၀၊ ရှမ်း(မြောက်) သို့အိတ်ရေ ၂၅၀၀၊ ကချင်သို့ အိတ်ရေ ၅၀၀၊ စုစုပေါင်း အိတ်ရေ ၄၅၈၀၀ အိတ်၊ တန်အားဖြင့် ၂၂၉၀ စီးထွက်ခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် အိတ်ရေ ၇၈၀၀ အိတ်၊ တန်အားဖြင့် ၃၉၀ လျော့နည်း စီးထွက်ခဲ့ကြောင်း သိရှိရသည်။

**တင်မာဝေ(မုံရွာ)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၂၀-၁၀-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၆၅၄ | ၅၉၇ | ↓ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၆၁၂ | ၅၈၃ | ↓ | ၆၂၂ | ၆၃၇ | ↑ | | | | ၆၁၂ | ၅၇၇ | ↓ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၅၈၀ | ၅၈၃ | ↓ | ၆၀၇ | ၆၂၂ | ↑ | | | | ၅၄၂ | ၄၉၇ | ↓ |
| ပေါင်းဆန် | ၆၁၅ | ၅၉၇ | ↓ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီး(၂၀-၁၀-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၄၈၀၀၀ | - | ၅၇၀၀၀ | - | | | | |
| ပဲခူး | ၁၇၀၂၀ | - | ၆၇၀၀၀ | - | | | | |
| စစ်တွေ | ၁၈၂၀၀ | ↑ | ၇၀၀၀၀ | - | ၂၄၇၀၀ | - | ၁၁၀၀၀၀ | - |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၂၁၀၀၀ | - | ၈၆၀၀၀ | - | - | | ၁၂၀၀၀၀ | |
| ရန်ကုန်(ဝါးတန်း) | ၂၁၀၀၀ | - | ၈၆၀၀၀ | - | - | | ၁၂၀၀၀၀ | |
| မန္တလေး | ၂၅၀၀၀ | - | ၁၀၀၈၀၀ | - | | | ၁၄၅၀၀၀ | - |
| မကွေး | ၁၉၅၀၀ | ↑ | ၉၈၀၀၀ | ↑ | - | - | ၁၂၀၀၀၀ | - |
| မော်လမြိုင် | ၁၈၅၀၀ | ↓ | ၇၅၀၀၀ | - | ၂၅၅၀၀ | - | ၁၁၇၀၀၀ | ↓ |
| မြိတ် | ၁၉၀၀၀ | - | ၇၅၀၀၀ | - | | | ၁၁၁၅၀၀ | ↓ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဈေးအေးနေသည့် ပြည်ကြက်သွန်နီဈေးကွက်

ယခုအောက်တိုဘာလ တတိယပတ် ၁၆ ရက်မှ ၂၂ရက်ထိ ပြည်ကြက်သွန်နီ ဈေးကွက်သို့ တစ်ပတ်လျှင် ပိဿာချိန်ပေါင်း ငါးသောင်းခန့် ဝင်ရောက်မှုရှိနေကာ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းဘက်တို့မှ အများဆုံးဝင်ရောက်မှုရှိနေကြောင်း သိရသည်။

ပြည်ဈေးကွက် အရောင်းအဝယ်အနေဖြင့် ပန်းတောင်း(ဥသျှစ်ပင်)၊ ဧရာဝတီ (ကြံခင်း) နှင့် ရခိုင်(တောင်ကုတ်)ဘက်တို့သို့ စီးဆင်းမှုရှိနေပြီး ဒေသတွင်းဝယ်လက်များ၊ နယ်အိတ်ဆွဲ ဝယ်ရောင်းသမားများနှင့် အရောင်းအဝယ်မှာ ပုံမှန်ရှိနေသည်။

ယခုတစ်ပတ်ဈေးနှုန်းများမှာ ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် ကြီး၊ လတ်၊ သေး ကျပ် ၃၀၀၀-၂၉၀၀-၂၈၀၀ နှုန်းတို့ရှိပြီး ပြည်မြို့ပေါ်ရှိ လက်လီဈေးများတွင် ကျပ် ၃၅၀၀-၃၃၀၀-၃၄၀၀-၃၂၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်မှုရှိနေသည်။ လက်ရှိတွင် အမြင့်ဈေး ကျပ် ၃၃၀၀ ဝန်းကျင်နှင့် ဈေးငြိမ်နေလျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဧပြီမှ စက်တင်ဘာလအထိ ပြည်ဈေးကွက်အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ (အလတ်စ)ဈေးနှုန်းများမှာ-

| စဉ် | လအမည် | လက်ကားဈေး | လက်လီဈေး |
|---|---|---|---|
| ၁။ | ဧပြီ | ၁၄၀၀ | ၁၆၀၀ |
| ၂။ | မေ | ၂၁၀၀ | ၂၃၀၀ |
| ၃။ | ဇွန် | ၂၃၀၀ | ၂၅၀၀ |
| ၄။ | ဇူလိုင် | ၂၅၀၀ | ၂၆၀၀ |
| ၅။ | ဩဂုတ် | ၂၉၀၀ | ၃၁၀၀ |
| ၆။ | စက်တင်ဘာ | ၃၅၀၀ | ၃၇၀၀ |
| ၇။ | အောက်တိုဘာ | ၃၂၀၀ | ၃၃၀၀ |

**ဝင်းလှဲ့ဝါ (ပြည်)**

# အိန္ဒိယနိုင်ငံတွင် ၄၈ နှစ်အတွင်း အဆိုးရွားဆုံးမိုးခေါင်မှု ကျရောက်ခဲ့သဖြင့် ယခုနှစ်တွင် ပဲပုပ်အထွက်နှုန်းကျဆင်းနိုင်

အိန္ဒိယနိုင်ငံတွင် ၂၀၂၃-၂၀၂၄ ခုနှစ်များအတွင်း ပဲပုပ်ရိတ်သိမ်းမှု အခြေအနေများအကြောင်းကို USDA ၏ ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုအစီရင်ခံစာတွင် ဖော်ပြထားရာ ယခုနှစ်အတွင်း မက်ထရစ်တန်ချိန် ၁၁ သန်းထွက်ရှိနိုင်ကြောင်းနှင့် ယခင်လကထက် ၈ ရာခိုင်နှုန်း၊ ယခင်နှစ်ကထက် ၁၁ ရာခိုင်နှုန်း သိသာစွာ ကျဆင်းနိုင်ကြောင်း၊ ပဲပုပ်စိုက်ပျိုးသည့် ဧရိယာမှာ ဟက်တာ ၁၃ သန်းခန့်ရှိပြီး ယခင်လနှင့် ယခင်နှစ်ကထက်စာလျှင် တည်ငြိမ်ကြောင်း၊ သို့ရာတွင် ခန့်မှန်းအထွက်နှုန်းမှာ တစ်ဟက်တာလျှင် ၀ ဒသမ ၈၅ မက်ထရစ်တန်သာဖြစ်ရာ ယခင်မျှော်မှန်းထားသည်နှင့် နှိုင်းယှဉ်ပါက ဆုတ်ယုတ်သွားကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းသည့် အခြေအနေအမျိုးမျိုးကြောင့် ပြည်တွင်းပဲပုပ်ထုတ်လုပ်မှုအပေါ် စိန်ခေါ်မှုများနှင့် သိသာထင်ရှားစွာ ရင်ဆိုင်နေရသည်။ ပဲပုပ်စိုက်ပျိုးသူများက ဇူလိုင်လ၌ စိုက်ပျိုးမှုကို အပြီးသတ်ခဲ့ကြသည်။ သို့ရာတွင် ပြီးခဲ့သည့် ဩဂုတ်လမှာ လေးနှစ်အတွင်း အခြောက်သွေ့ဆုံးလ ဖြစ်ခဲ့သည့်အတွက် သီးပွင့်မှုပြုရန်လိုအပ်သည့် မိုးရွာသွန်းမှုကို လုံလောက်စွာ ရရှိခြင်းမရခဲ့ပါ။ စက်တင်ဘာလ၌ မိုးရေပြန်လည်ရရှိခဲ့သော်လည်း ဩဂုတ်လ၏ ရာသီဥတုအခြေအနေကြောင့် စိုက်ခင်းများ ထိခိုက်ခဲ့သည့်အပြင် ပဲပုပ်စိုက်ခင်းများ၌ ယင်ဖြူများနှင့် ရောဂါများပါ ကျရောက်ခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံတွင် ပဲပုပ်စိုက်ပျိုးမှုအားMadhya Pradesh၊ Maharashtra နှင့် Rajasthan ပြည်နယ်များတွင် မိုးရာသီ kharif season ကာလ၌သာ ပြုလုပ်ပြီး တစ်နိုင်ငံလုံး ပဲပုပ်အထွက်နှုန်း၏ ၉၄ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်သည်။ ပဲပုပ်ရိတ်သိမ်းမှုကို အောက်တိုဘာလကုန်မှ နိုဝင်ဘာလအတွင်း ပြုလုပ်လေ့ရှိကြသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၂၁-၂၀၂၂ ရာသီ၌ ပဲပုပ်တန်ချိန် ၁၁ ဒသမ ၈၈ သန်းခန့် ထုတ်လုပ်ခဲ့သည်။ ယခု စိုက်ပျိုးရာသီတွင် ၁၁ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ကြောင်း ခန့်မှန်းချက်အရ တန်ချိန် ၁၀ ဒသမ ၅၇ သန်းခန့်သာ ထွက်ရှိနိုင်မည်ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲပုပ် စားသုံးမှုနှုန်းမှာ မက်ထရစ်တန်ချိန် ၆ သန်းခန့်ရှိခဲ့သည်။ ပဲပုပ်ကို အိန္ဒိယမှ အမေရိကန်ပြည်ထောင်စု၊ သီရိလင်္ကာနှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ တင်ပို့လေ့ရှိပြီး ပဲပုပ်အစာကို ဗီယက်နမ်၊ သီရိလင်္ကာ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တင်ပို့လေ့ရှိသည်။ ပဲပုပ်အစာတင်ပို့သည့်ရာသီမှာ အောက်တိုဘာလတွင်စတင်၍မတ်လအထိဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ပဲပုပ်အစာ တန်ချိန် ၄ ဒသမ ၇ သိန်းတင်ပို့ခဲ့သည်ဟု သိရသည်။ မြန်မာနိုင်ငံမှ ပဲပုပ်ကို တန်ချိန် သောင်းဂဏန်းခန့်တင်ပို့နေသည်ဖြစ်ရာ အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရန် သို့မဟုတ် အိန္ဒိယမှ ပို့ကုန်တင်ပို့နေသည့် နိုင်ငံများ၏ လိုအပ်ချက်ကို ပါဝင်ဖြည့်ဆည်းရန် ဈေးကွက်အနေအထားကို လေ့လာသင့်ပါကြောင်း တင်ပြအပ်ပါသည်။

**ဒေါက်တာရွှေစင်ကို (ကုန်သွယ်ရေးဦးစီးဌာန)**

**Source:** https://www.agrolink.com.br/noticias/india-registra-maior-seca-dos-ultimos-48-anos-484527.html https://agriexchange.apeda.gov.in/news/NewsSearch.aspx?newsid=49927

# အောက်တိုဘာ ဒုတိယပတ်အတွင်း ပဲတန်ချိန် နှစ်သောင်းကျော် တင်ပို့

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်မှုများမှ မတ်ပဲ၊ ပဲတီစိမ်း နှင့် ပဲစင်းငုံ တန်ချိန် ၂၂၃၀၀ ကျော် တင်ပို့မှုအား စုစည်းဖော်ပြလိုက်ပါသည်။

**မတ်ပဲ**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၁၆ သန်း တန်ဖိုးရှိမတ်ပဲ တန်ချိန် ၁၇၆၀၀ နီးပါး တင်ပို့ခဲ့ပြီး နိုင်ငံအလိုက်အနေဖြင့် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၅၃၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၅၃၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀၀ နီးပါး၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၂၇၀ ကျော်၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၀၀၊ ယူအေအီးနိုင်ငံသို့ တန်ချိန် ၈၀၀၊ အီးယူနိုင်ငံများသို့ တန်ချိန် ၈၀ ကျော်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ အနည်းငယ် တင်ပို့ခဲ့သည်။ ထို့ပြင် မြန်မာ- တရုတ်နယ်စပ် ကုန်သွယ်မှုမှလည်း မတ်ပဲ ၃၄ တန် တင်ပို့ခဲ့သည်။

**ပဲတီစိမ်း**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ တန်ဖိုး ၂ ဒသမ ၃၂၆ သန်း တန်ဖိုးရှိ ပဲတီစိမ်းတန်ချိန် ၃၅၀၀ ကျော်တင်ပို့ခဲ့ပြီး နိုင်ငံအလိုက် တင်ပို့မှုမှာ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၆၅၀၊ တရုတ်နိုင်ငံသို့ တန်ချိန် ၅၀၀၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၄၅၀၊ စင်ကာပူနိုင်ငံသို့ ၂၆၇ တန်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၄၂၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ၁၇၅ တန်နှင့် အီးယူနိုင်ငံများသို့လည်း အနည်းငယ်စီတင်ပို့ခဲ့သည်။ ထို့ပြင် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်းတန်ဖိုးရှိ ပဲတီစိမ်း ၆၆ တန်ကျော် တင်ပို့ခဲ့သည်။

**ပဲစင်းငုံ**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အထိ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅၆ သန်း တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၁၁၀၀ ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သည်။ အောက်တိုဘာ ဒုတိယပတ်အတွင်း မတ်ပဲ၊ ပဲတီစိမ်း နှင့် ပဲစင်းငုံ တင်ပို့မှုစုစုပေါင်းမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၇၂ သန်းနှင့် တန်ချိန် ၂၂၃၀၀ ကျော် ကုန်သွယ်မှု ရှိခဲ့ပါသည်။

**CJ**

# ပြည်ပဲကုန်စည်ဒိုင်၏ ဈေးနှုန်းဈေးကွက်



ပြည်မြို့နယ်ရှိ ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံနှင့် နှမ်းသီးနှံများ အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။ ပဲမျိုးစုံသီးနှံများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ ဗိုလ်ကိတ်၊ စားတော်ပဲသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မတ်ပဲ**

ပြည်ကုန်စည်ဒိုင်တွင် အောက်တိုဘာဒုတိယပတ်တွင် မတ်ပဲ တစ်တင်းလျှင် ကျပ် ၈၃၀၀၀ ဖြင့် ရန်ကုန်အဝယ်တစ်ရက်လျှင် အိတ်၂၀၀ခန့် အဝယ်ရှိသည်။ တတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၈၆၅၀၀ ထိ ဈေးတက်လာခဲ့ပြီး တစ်ရက်လျှင် အိတ် ၁၅၀-၂၀၀ ခန့် အဝယ်ရှိသည်။

**ပဲစင်းငုံ**

အောက်တိုဘာ ဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် တစ်ရက်ကိုအိတ် ၁၀၀-၁၅၀ခန့် ရန်ကုန်အဝယ်ရှိခဲ့သည်။ တတိယပတ်တွင် ပဲစင်းငုံဈေးအေးပြီး ပဲတစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၁၀၀-၂၀၀ခန့်ရှိသည်။

**ကုလားပဲ**

ပြည်ကုန်စည်ဒိုင်တွင် အောက်တိုဘာလ ဒုတိယပတ်၏ ကုလားပဲဟော်လန် တစ်တင်းဈေးလျှင် ကျပ် ၉၃၀၀၀၊ မြကြေးမုံ့ တစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများ တစ်ရက်လျှင် အိတ် ၃၀၀ ခန့် အဝယ်ရှိသည်။ အောက်တိုဘာ တတိယပတ်တွင် ကုလားပဲဟော်လန် တစ်တင်းလျှင် ကျပ် ၉၃၅၀၀၊ မြကြေးမုံ့တစ်တင်းလျှင် ကျပ် ၉၃၅၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများ၊ ရန်ကုန်အဝယ်နှင့် နယ်စုံတင်ပို့ရောင်းချမှုမှာ တစ်ရက်လျှင် အိတ် ၃၀၀- ၃၅၀ ခန့် အဝယ်ရှိသည်။

**ပဲကြီး**

အောက်တိုဘာလ ဒုတိယပတ်တွင် ပဲကြီး(ကုန်း)ပဲတစ်တင်းကို ကျပ် ၁၀၄၀၀၀၊ ပဲကြီး (ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၁၀၆၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများ တစ်ရက်လျှင် အဝယ် အိတ် ၂၅၀-၃၀၀ ခန့်ရှိသည်။ အောက်တိုဘာ တတိယပတ်တွင် ပဲကြီး(ကုန်း)ပဲတစ်တင်းလျှင် ကျပ် ၁၀၄၀၀၀၊ ပဲကြီး(ရွှေကျွန်း)တစ်တင်းလျှင် ကျပ် ၁၀၆၀၀၀ ဖြင့် ဈေးအေးနေပြီး မြို့တွင်းအဝယ်တစ်ရက်လျှင် အိတ် ၃၀၀ ခန့်ရှိသည်။

**စားတော်ပဲ**

အောက်တိုဘာလ ဒုတိယပတ်တွင် စားတော်ပဲ(ကျွန်း)တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၂၀-၂၅ခန့် ရှိခဲ့သည်။ တတိယပတ်တွင် စားတော်ပဲ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၃၆၀၀၀ ဖြင့် အရောင်းအဝယ်ရှိပြီး မြို့တွင်းအဝယ် တစ်ရက်လျှင် အိတ် ၁၅-၂၀ ခန့် ရှိခဲ့သည်။

**ဗိုလ်ကိတ်**

ပြည်ကုန်စည်ဒိုင်တွင် အောက်တိုဘာလ ဒုတိယပတ်တွင် ဗိုလ်ကိတ် တစ်တင်းလျှင် ၆၉၀၀၀ ကျပ်ဖြင့် မြို့တွင်းနှင့်ရန်ကုန်အဝယ် တစ်ရက်လျှင် အိတ် ၅၀-၁၀၀ ခန့်ရှိသည်။ အောက်တိုဘာ တတိယပတ်တွင် ဗိုလ်ကိတ် တစ်တင်းလျှင် ကျပ် ၇၀၀၀၀ ဖြင့် မြို့တွင်းအဝယ်တစ်ရက်ကို အိတ် ၁၀၀ ခန့်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် ပဲမျိုးစုံရောင်းဝယ်မှုမှာ မြို့တွင်းရောင်းဝယ်မှုရှိသောပဲများမှာ အဝယ်သွက်လျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးသို့ တင်ပို့သော မတ်ပဲ၊ ပဲစင်းငုံမှာ အရောင်းအဝယ် ပုံမှန်သာရှိကြောင်းသိရှိရသည်။

**မိမိအေး(ပြည်)**

# အောက်တိုဘာ ဒုတိယပတ်အတွင်း ရော်ဘာနှင့် ပြောင်း တင်ပို့မှုအခြေအနေ

**ရော်ဘာ**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁၉ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၁၇၀ ကျော် တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၇၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၄၀၀ ကျော်နှင့် မ လေးရှားနိုင်ငံသို့ ရော်ဘာ ၆၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ဒုတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄၅ သန်း တန်ဖိုးရှိ ရော်ဘာ ၁၀၇၉ တန် တင်ပို့ကြောင်း သိရသည်။ နည်းလမ်းနှစ်သွယ်မှ ရော်ဘာတန်ချိန် ၂၂၄၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆၄ သန်းရရှိခဲ့သည်။ ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၅၀ခန့် ပိုမိုတင်ပို့ခဲ့သည်။

**ပြောင်း**

အောက်တိုဘာ ၇ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၂၈၈၀ ကျော် တင်ပို့ခဲ့သဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၅ သန်းရရှိခဲ့သည်။

အောက်တိုဘာဒုတိယပတ်တွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၃ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၄၆၀ ကျော် တင်ပို့နိုင်ခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ ပြောင်းတန်ချိန် ၄၃၄၀ ကျော်တင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၆၈ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် ပြောင်းတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်း တန်ချိန် သုံးထောင်ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။

**DAAT**

**စာမျက်နှာ ၃ ဆောင်းပါးမှအဆက်**

စနစ်မိတ်ဆက်ခြင်းနှင့် အသိပညာပေး အခမ်းအနားများကို မန္တလေးမြို့နှင့် ရန်ကုန်မြို့ကြီးများတွင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ နှောင်းပိုင်းနှင့် အောက်တိုဘာ ၂ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ အွန်လိုင်းရောင်းချခြင်းအတွက် မှတ်ပုံတင်လက်မှတ်လျှောက်ထား လိုသူသည် ရုံး၊ ဌာနများသို့ လူကိုယ်တိုင် လာရောက်ဆောင်ရွက်ရန်မလိုအပ်ဘဲ www.ecomreg.gov.mm မှတစ်ဆင့် အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်ပြီဖြစ်သည်။

**လွယ်သလား၊ ခက်သလား ECOMReg**

အွန်လိုင်းရောင်းချခြင်းမှတ်ပုံတင်ရန် ECOMReg စနစ်ကို ဘယ်လိုအသုံးပြုရမလ၊ဘယ်သူတွေက လျှောက်ရမှာလဲ၊ လျှောက်ထားရတာ လွယ်သလား၊ ခက်သလား၊ ခွင့်ပြုချက်ရဖို့ ဘယ်လောက်ကြာမှာလဲ စသည်တို့သည် လုပ်ငန်းရှင်များ အများစုသိလိုကြသော မေးခွန်းများဖြစ်ကြသည်။


ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ECOMReg စနစ်ကို လွယ်ကူစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားသည်။ ကုမ္ပဏီတည်ထောင်ထားပြီးသူ လုပ်ငန်းရှင်များလည်း လျှောက်ထားနိုင်သည့်အပြင် ကုမ္ပဏီတည်ထောင်ထားခြင်း မရှိသော်လည်း အွန်လိုင်းစီးပွားရေး (Online Business) ကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ကြသော Individual စီးပွားရေးလုပ်ငန်းများလည်း လျှောက်ထားရမည်ဖြစ်သည်။ ECOMReg စနစ်တွင် မှတ်ပုံတင်ခြင်းကို လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အောက်ပါစာရွက်စာတမ်းများ၏ SoftCopy ဖိုင်များကို PDF သို့မဟုတ် JPEG Format ဖြင့် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါမည်-

(က) ကုမ္ပဏီ (သို့မဟုတ်) စီးပွားရေး အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းအတွက် ပူးတွဲတင်ပြရန် ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် PDF (သို့)JPEG ပြင်ဆင်ထားခြင်း၊
(ခ) ကုမ္ပဏီ (သို့မဟုတ်) စီးပွားရေး အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းအတွက် ပူးတွဲတင်ပြရန် SME မှတ်ပုံတင်လက်မှတ် PDF (သို့) JPEG ပြင်ဆင်ထားခြင်း၊
(ဂ) ဆိုင်လိပ်စာမှန်ကန်ကြောင်း ရပ်ကွက် ထောက်ခံစာရယူ၍ PDF (သို့) JPEG ပြင်ဆင်ထားခြင်း၊
(ဃ) ရဲစခန်းထောက်ခံစာ ရယူ၍ PDF (သို့) JPEG ပြင်ဆင်ထားခြင်း၊
(င) Passport Photo (JPEG File Format) ပြင်ဆင်ထားခြင်း၊
(စ) လျှောက်ထားသူ Online Shop Owner ၏ မှတ်ပုံတင် ပူးတွဲတင်ပြရန် မှတ်ပုံတင် ရှေ့ခြမ်းနှင့် နောက်ခြမ်းတို့အား Scan ပြုလုပ် PDF (သို့) JPEG ပြင်ဆင်ထားရန်၊
(ဆ) နိုင်ငံခြားသား လျှောက်ထားသူများ Passport ရှေ့ခြမ်း စာမျက်နှာအား PDF (သို့) JPEG ပြင်ဆင်ထားရန်၊
(ဇ) လျှောက်ထားသူ Owner ၏ နေထိုင်ကြောင်း လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာများ ပူးတွဲတင်ပြရန် PDF (သို့) JPEF file format ပြင်ဆင်ထားရန်၊
(ဈ) မိမိတို့ လျှောက်ထားမည့် Online Shop များ၏ LOGO များ တင်ပြရန် JPEG file format ဖြင့် ပြင်ဆင်ထားရန်၊ Individual စီးပွားရေးလုပ်ငန်းများ လျှောက်ထားရန်အတွက်မူ Company မှတ်ပုံတင်လက်မှတ်ကို တင်ပြရန် မလိုအပ်ပါ။

**ECOMReg စနစ်တွင် Registration ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်**

ECOMReg စနစ်တွင် Online Sales မှတ်ပုံတင် လျှောက်ထားမည့်သူသည် အဆင့်(၁) အနေဖြင့် ဖုန်းနံပါတ် (သို့မဟုတ်) Email Address ဖြင့် Member လျှောက်ထားရန် လိုအပ်သည်။ Member လျှောက်ထားပြီးပါက အဆင့်(၂) အနေဖြင့်စနစ်သို့ Login ဝင်ရောက်၍ အပိုဒ် (၁၅) ပါ အချက်အလက်များကို မှန်ကန်စွာ ဖြည့်စွက်၍ လျှောက်ထားမှုပြုရမည်။ လျှောက်ထားမှုပြုစဉ် Online Application Fees ကျပ်သုံးထောင့်ကိုးရာ (၃၉၀၀ ကျပ်) အား MPU သို့မဟုတ် AYA Pay ဖြင့် ECOMReg စနစ်မှပင် ပေးသွင်းနိုင်သည်။

အဆင့်(၃) အနေဖြင့် လျှောက်လွှာပါအချက်အလက်များ မှန်ကန်စွာ ဖြည့်စွက်ထားခြင်း ရှိ/မရှိကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနခွဲ၏ တာဝန်ရှိသူများက စစ်ဆေးမှု ဆောင်ရွက်ပါမည်။ လျှောက်လွှာသည် အချက်အလက်များ ပြည့်စုံမှန်ကန်မှု မရှိခြင်း (သို့မဟုတ်) လိုအပ်ချက် တစ်စုံတစ်ရာ ရှိနေသေးပါက ပြန်လည်ပြင်ဆင်ရန် Reject Massage ကို ကုန်သွယ်ရေးဦးစီးဌာနမှ လျှောက်ထားသူထံသို့ ECOMReg စနစ်မှတစ်ဆင့် ပြန်လည်ပေးပို့ပေးမည်ဖြစ်သည်။ အဆင့်(၄) အနေဖြင့် အချက်အလက်ပြည့်စုံ မှန်ကန်သော လျှောက်လွှာများအတွက် ဌာနက စစ်ဆေးအတည်ပြုပေးမည်ဖြစ်သည်။ ၎င်းလုပ်ငန်းစဉ်များပြီးဆုံး၍ အတည်ပြုချက်ရရှိပြီးနောက် Certificate No. တစ်ခုရရှိ၍ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် အောင်မြင်ပြီဖြစ်သည်။ အချက်အလက် ပြည့်စုံမှန်ကန်စွာ တင်ပြလာသော လျှောက်လွှာများသည် နာရီပိုင်းအတွင်း စိစစ်၍ Certificate No. ရရှိနိုင်မည်ဖြစ်ပြီး အချက်အလက် မပြည့်စုံသော လျှောက်ထားမှုအတွက်မူ Reject ပြုလုပ်ခြင်း၊ ပြန်တင်ပြခြင်း စသည့်လုပ်ငန်း စဉ်များကို ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်၍ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ တင်ပြခြင်းဖြင့် Certificate ကို မြန်ဆန်စွာ ရရှိနိုင်မည်ဖြစ်သည်။




ECOMReg စနစ်တွင် Online Sales မှတ်ပုံတင်ခြင်းအတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာအထိ မှတ်ပုံတင်ကြေး (Registration Fees) ပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ပြုထားပါသည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ မှတ်ပုံတင်ခြင်း ဆောင်ရွက်သူများသည် Registration Fees ပေးသွင်းရန် မလိုဘဲ Online Application Fees ၃၉၀၀ ကျပ်သာ ပေးသွင်းရမည်ဖြစ်သည်။ Registration Fees ပေးသွင်းရမည့်ကာလသို့ ရောက်ရှိလာပါက Registration Fees အတွက် Online Payment ဆောင်ရွက်ပြီးမှသာ Certificate ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ အွန်လိုင်းရောင်းချသူများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ E-ComReg စနစ်တွင် တရားဝင် မှတ်ပုံတင်ထားခြင်းဖြင့် ဝယ်ယူသူများ၏ ယုံကြည်မှုကို ပိုမိုရရှိစေမည်။ ထို့ပြင် ဝယ်ယူသူများအနေဖြင့်လည်း တရားဝင် မှတ်ပုံတင်ထားသည့် အွန်လိုင်းဈေးဆိုင်များက ဝယ်ယူခြင်းဖြစ်၍ လိမ်လည်မှုများ အတန်သင့် ရှောင်ရှားနိုင်မည်ဖြစ်ပြီး အငြင်းပွားဖွယ်တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက စားသုံးသူကာကွယ်ရေးဥပဒေအရ အကာအကွယ်များကို ရရှိနိုင်မည်ဖြစ်သည်။ အဆိုပါ ECOMReg စနစ်အပေါ် မြန်မာနိုင်ငံရှိ အွန်လိုင်းရောင်းချသူများ၏ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိပြီး စနစ်ဖွင့်လှစ်ပြီး တစ်ပတ်အကြာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ လဆန်းပိုင်းတွင်ပင် မှတ်ပုံတင်လျှောက်ထားမှုအရေအတွက်သည် ၁၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်ရန် အဓိကမောင်းနှင်အားသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (Micro, Small & Medium Enterprises-MSMEs) များဖြစ်သည်။ ခေတ်ရေစီးကြောင်းအရ တိုးတက်လျက်ရှိသော ဒီဂျစ်တယ်နည်းပညာ၊ ICT နည်းပညာတို့ကို ကောင်းစွာအသုံးချ၍ အဆိုပါ MSMEs စီးပွားရေးလုပ်ငန်းများကို E-Commerce နည်းလမ်းဖြင့် အွန်လိုင်းမှရောင်းဝယ်ဖောက်ကားမှုများ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ တိုးတက်နေသော နည်းပညာများကို အသုံးပြု၍ အွန်လိုင်းမှရောင်းချခြင်းသည် သမားရိုးကျရောင်းဝယ်မှုပြုခြင်း နည်းလမ်းထက် အချိန်ကုန်၊ ငွေရင်းနှီးရမှု ပိုမိုသက်သာ၍ ပိုမိုထိရောက်သော ရောင်းဝယ်မှုများကို ဆောင်ရွက်နိုင်စေသည်။

တစ်ဖက်တွင်လည်း နည်းပညာတိုးတက်နေသော ယနေ့ခေတ်ကြီးတွင် မြန်မာ့အိမ်သူ အမျိုးသမီးများအနေဖြင့် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှု စီးပွားရေးလုပ်ငန်းများကို အိုးမကွာ၊ အိမ်မကွာ အွန်လိုင်းမှတစ်ဆင့် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်သဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုး ပွားအောင် ဆောင်ရွက်နိုင်မည်။ ထိုသို့ အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းခြင်းသည် အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုစွမ်းရည်ကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးနိုင်သည့် Women Empowerment နည်းလမ်းတစ်မျိုးလည်း ဖြစ်သည်။

ECOMReg စနစ်သည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အွန်လိုင်းရောင်းချသူနှင့် အွန်လိုင်းဝယ်ယူသူတို့အကြား Win-Win E-Commerce ဂေဟစနစ်တစ်ရပ်ကို အပြန်အလှန် ယုံကြည်မှုခိုင်မာစွာဖြင့် တည်ဆောက်ပေါ် ပေါက်လာရေးအတွက် များစွာ အထောက်အကူဖြစ်စေမည့် ခြေလှမ်းသစ်တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း၌ အွန်လိုင်းရောင်းဝယ်ဖောက်ကားမှုများကို ဆောင်ရွက်ကြသူများနှင့် မြန်မာပြည်သူများကို အဓိကရည်ရွယ်၍ ရောင်းချနေသော ပြည်ပအခြေစိုက် မြန်မာအွန်လိုင်းရောင်းချသူများ အနေဖြင့် စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ထားသည့် Online Sale မှတ်ပုံတင်စနစ်ဖြစ်သော (ECOMReg စနစ်) www.ecomreg.gov.mm တွင် တရားဝင် မှတ်ပုံတင်ခြင်းကို မပျက်မကွက် လိုက်ပါဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းလိုပါသည်။

သို့ပါ၍ မြန်မာ့ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အဆင့် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အာဆီယံဒေသတွင်း၌ ပူးပေါင်းဆောင်ရွက်မှုများ၊ အီလက်ထရောနစ် နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ခြင်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံအတွင်း၌ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အများပြည်သူသိရှိနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။

**(ဝင်းပပသူ၊ ကုန်သွယ်/ဦးစီး၊ နည်းပညာ)**

**မြန်မာ့ဆိပ်ကမ်းတွင် ၂၀ . ၁၀ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

**(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ**

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်း အမှတ်(၃) | IAL-001 | ကုန်သေတ္တာ ၄၄၀ တင် ၆၂၃ ချဆဲ |
| | METHI BHUM | ကုန်သေတ္တာ ၅၄၆ တင် ၆၈ဂ ချဆဲ |
| Yangon International Gateway Terminal | KHARIS PEGASUS | D'BAR ဂ၆၂၂ ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | VTC OCEAN | ဆန်တန်ချိန် ၂၀၀၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | MT .VIET TIN LUCKY | အလုပ်မလုပ် |
| သီလဝါဆိပ်ကမ်းအမှတ်(၄) | NEW LEGEND PEARL | Steel +G/C ၁၁၄၇၉ ချဆဲ |

**(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ**

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DMC JUPITER | ဆန်တန်ချိန် ၂၀၀၀၀ တန်တင်ရန် | INDONESIA | ၂၄·၁၀·၂၀၂၃ |
| ALMAR | ဂျုံတန်ချိန် ၁၁၀၀၀ တန်ချရန် | RUSSIA | ၃၀·၁၀·၂၀၂၃ |
| THETIS | ဂျုံတန်ချိန် ၁၉၉၃၅ တန်ချရန် | AUSTRALIA | ၃၀·၁၀·၂၀၂၃ |
| POAVOSA WISDOM | ဂျုံတန်ချိန် ၂၀၀၀၀ တန်ချရန် | AUSTRALIA | ၃၁·၁၀·၂၀၂၃ |

**(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း**

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁·၁၀·၂၀၂၃ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉·၁၀·၂၀၂၃ |
| SITC CHENMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉·၁၀·၂၀၂၃ |
| CONTRIVIA | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉·၁၀·၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉·၁၀·၂၀၂၃ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀·၁၀·၂၀၂၃ |
| WIEBKE SCHEPERS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀·၁၀·၂၀၂၃ |
| NEGAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၁·၁၀·၂၀၂၃ |
| MCC ANDALAS | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၁·၁၀·၂၀၂၃ |
| ASIAN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၃·၁၀·၂၀၂၃ |
| KOTA RUKUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄·၁၀·၂၀၂၃ |
| SITC CHUNMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄·၁၀·၂၀၂၃ |

# ဘက်စုံဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ခြင်းဆီသို့

**ငြိမ်းဝေနှင်း(စားသုံး)**

**(ယခင်တစ်ပတ်မှအဆက်)**

ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ စက်မှုကုန်ချောအုပ်စုတို့ တင်ပို့ပြီး လယ်ယာထွက်ကုန်ပစ္စည်း အနေနှင့် အဓိကထားတင်ပို့သည့် ဆန်၊ ကောက်ညှင်းဆန်၊ နာနတ်သီး၊ ပြောင်း၊ ရော်ဘာ၊ ဖရဲသီးတို့ကိုလည်း တင်ပို့လျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေး ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ပစ္စည်းများ စသဖြင့် တင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ကဏ္ဍသည် တရားမဝင် တင်သွင်း တင်ပို့မှုများကြောင့် တစ်နေ့တခြား လျော့ကျလာလျက်ရှိရာ တရားမဝင် ပို့ကုန်သွင်းကုန်များ လျော့ကျစေရန်အတွက် ကုန်ပစ္စည်းစစ်ဆေးရေးဌာနများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူ ဝန်ထမ်းများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပို့ကုန်/သွင်းကုန်များတိုးတက်မှသာ နိုင်ငံတော်အခွန်ဘဏ္ဍာများ တိုးတက်ရရှိနိုင်မည်ဖြစ်သည်။ ပို့ကုန်သွင်းကုန်များ တိုးတက်စေရန်အတွက် ကုန်သွယ်မှုလျာထားချက်များကို နှစ်စဉ်ရေးဆွဲပြီး လုပ်ဆောင်လျက်ရှိသည်။ ထိုသို့လုပ်ဆောင်ကြရာတွင် မြေပြင်၌ဖြစ်ပေါ်နေသည့် ကိန်းဂဏန်းတန်ဖိုးကို အခြေခံပြီးရေးဆွဲပြီး မှန်ကန်တိကျသည့် ကုန်သွယ်မှုလျာထားချက်ကို ရရှိမည်ဖြစ်သည်။ တရားမဝင် တင်ပို့တင်သွင်းမှုများ လျော့နည်းပပျောက်ရန် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်းပြီး တားဆီးဆောင်ရွက်လျက်ရှိသည်။ တရားမဝင် ကုန်သွယ်မှုကြောင့် နိုင်ငံတော် သယံဇာတအရင်းအမြစ်များ ဆုံးရှုံးလျက်ရှိရာ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာရရှိမှုလည်း ဆုံးရှုံးရသည့်အတွက် တရားမဝင် ကုန်သွယ်မှု ပပျောက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်ရန် ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဇုန်များ ကုန်သွယ်မှု လျင်မြန်တိုးတက်စေရန်အတွက် မြန်မာနိုင်ငံအတွင်း၌ရှိသော ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးဇုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်လည်း လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်ရေးဇုန်များတွင် အိမ်နီးချင်းနိုင်ငံများကို ပြည်တွင်းက ကုန်ပစ္စည်းများ တင်ပို့နိုင်ရန် စခန်းနှင့်ဇုန်တစ်ခုအသွင်သာ ရှိနေခဲ့ပြီး တစ်ဖက်နိုင်ငံက ကုန်သွယ်ရေးစခန်းများမှာ မြန်မာနိုင်ငံက ကုန်ပစ္စည်းတွေကို စနစ်တကျသိုလှောင်ပြီး တစ်ဆင့်ပြန်လည်ရောင်းချနိုင်သည့် ကုန်ရောင်းဝယ်ရေးစခန်းကြီးတစ်ခုအသွင်အဖြစ် တည်ရှိလျက်ရှိသည်။

မြန်မာနိုင်ငံ၌ရှိသော ကုန်သွယ်ရေးစခန်းနှင့် ကုန်သွယ်ရေးဇုန်များကို အဆင့်မြှင့်တင်နိုင်ရန် ကုန်သွယ်ရေးဇုန်နှင့် ကုန်သွယ်ရေးစခန်းများ၌ အဆင့်မြင့်သိုလှောင်ရုံများ၊ ကုန်ပစ္စည်း တင်ချလုပ်နိုင်သည့် နေရာများ၊ အအေးခန်းစက်ရုံ၊ အအေးခန်း ကုန်သေတ္တာများထားရှိနိုင်ရန်ကုန်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်၊ သိုလှောင်နည်းစနစ်မှန်ကန်စေရန်၊ သိုလှောင်ထိန်းသိမ်းနည်းစနစ်ကို ကျွမ်းကျင်စေရန် စသော မှန်ကန်သည့်လုပ်ငန်းရပ်များကို လုပ်ဆောင်လျက်ရှိကြသည်။ ပြည်ပက ကုန်သည်များ လာရောက်ဝယ်ယူနိုင်သည့် ကုန်သွယ်ရေးဇုန်၊ စခန်းများဖြစ်အောင် အဘက်ဘက်က လိုအပ်ချက်များကို ပြုပြင်လျက်ရှိသည်။

ကျွန်မတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျှော့ပေးမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ လိုင်စင် လျှောက်ထားရာမှာ ကြန့်ကြာမှုမရှိစေရေးအတွက် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပို့ကုန်သွင်းကုန်များ တိုးတက်စေရေး၊ နိုင်ငံတော်အခွန်ဘဏ္ဍာ တိုးတက်ရရှိစေရေး အတွက် ဘက်ပေါင်းစုံမှ ဖြေလျှော့ပေးမှုများကို ပြုလုပ်ပေးလျက်ရှိသည်။ အရည်အသွေးရှိ ပို့ကုန်များနှင့် အရည်အသွေးမြင့်ပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးသည် ပို့ကုန်မြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတိုင်းသည် ခေတ်မီတိုးတက်လာသည့်အလျောက် အရည်အသွေးကို အဓိကထားသည့် စားသုံးမှုပုံစံကို တဖြည်းဖြည်းနှင့် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ အရည်အသွေးကို အဓိကထားသည့် ဈေးကွက်ခေတ်ကို ရောက်ရှိလာသည့်အတွက် မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအနေနှင့်လည်း အရည်အသွေးကောင်းသည့် ကုန်ပစ္စည်းများ၊ အသီးအနှံများကို စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြင့် ကုန်သွယ်မှု အမြတ်ဝင်ငွေများလည်း ပိုမိုရရှိနိုင်မည်ဖြစ်သည်။

အရည်အသွေးကောင်းမှ ဈေးကောင်းရမှာဖြစ်ပြီး အရည်အသွေးသည် အဓိကဆိုသလို အရည်အသွေးကောင်းသည့် ပို့ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုကြရမှာဖြစ်သည်။ အရည်အသွေးကောင်းသည့် ကုန်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ပါက ပို့ကုန်ပိုမို တင်ပို့လာနိုင်မည်ဖြစ်ပြီး ကုန်သွယ်မှု ပိုမိုလွယ်ကူလျင်မြန် ချောမွေ့လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

♦ ♦ ♦

# မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်မှသည် တန်ဖိုးမြှင့်ထုတ်ကုန်ဆီသို့

**ဝင်းသန်း (ကျွန်းလှ)**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ အလယ်ဗဟိုတွင် ယဉ်ကျေးမှု ကွဲပြားမှုများနှင့် သမိုင်းကြောင်းများ ကြွယ်ဝသော နိုင်ငံအဖြစ် တည်ရှိသည်။ မြန်မာပြည်တွင် ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သည့် ရိုးရာလက်မှုပညာ အမျိုးမျိုးတို့တွင် မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းသည် ဆွေစဉ်မျိုးဆက် အမွေဆက်ခံခဲ့သည့် အရေးပါသော ယဉ်ကျေးမှု အမွေအနှစ်တစ်ခုအဖြစ် ထင်ရှားသည်။ ရက်လုပ်ထည်များသည် မြန်မာ့လူမှုရေး၊ ဘာသာရေးနှင့် စီးပွားရေး စသည်တို့တွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြန်မာလူမျိုးများ၏ လက်မှုပညာများကို ပြသထားသည်။ မြန်မာ့ရိုးရာ အထည်အလိပ်များသည် နိုင်ငံ၏ ယဉ်ကျေးမှုကြွယ်ဝမှုနှင့် ရာစုနှစ်များစွာရှိ လက်မှုပညာကို ရောင်ပြန်ဟပ်ကာ စွဲမက်ဖွယ်ကောင်းသော ဆွဲဆောင်မှုတစ်ခုဖြစ်သည်။ ချည်ထည်တစ်ခုစီသည် ရိုးရာ၊ သမိုင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဇာတ်လမ်းတစ်ပုဒ်ကို သရုပ်ဖော်ထားပြီး ယင်းအထည်များကို မြန်မာ့အမွေအနှစ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာစေသည်။

“ထမာ”ဟုလည်း လူသိများသော မြန်မာ့ရက်ကန်းသည် နှစ်ထောင်ပေါင်းများစွာ ရှည်လျားသော သမိုင်းကြောင်းရှိသည်။ ရက်ကန်း၏ ဇာစ်မြစ်ကို ရှေးပျူယဉ်ကျေးမှုမှ ခြေရာခံနိုင်သည်ဟု ရှေးဟောင်းသုတေသန တွေ့ရှိချက်များက အစောပိုင်း ရက်လုပ်ကိရိယာများနှင့် အထည်များ၏ အထောက်အထားများကို ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ အိန္ဒိယ၊ တရုတ်၊ အရှေ့တောင်အာရှကဲ့သို့သော အိမ်နီးချင်း ယဉ်ကျေးမှုများနှင့် ယဉ်ကျေးမှုဖလှယ်မှုများ၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ရာစုနှစ်များစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ရိုးရာနည်းပညာများဖြင့် ပေါင်းစပ်ကာ ယနေ့ခေတ်တွင် တည်ရှိနေသော မတူကွဲပြားသော ရက်ကန်းရိုးရာဓလေ့များကို မွေးဖွားပေးခဲ့သည်။ ရက်ကန်းအနုပညာသည် အများအားဖြင့် မိခင်မှသမီးသို့ လက်ဆင့်ကမ်းလေ့ရှိပြီး ကျွမ်းကျင်သော ရက်ကန်းသမားများသည် ၎င်းတို့၏ လက်မှုပညာကို နှစ်ပေါင်းများစွာ ကျွမ်းကျင်စွာ တတ်မြောက်ကြသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိဒေသအသီးသီးတွင် ရက်လုပ်ပုံသဏ္ဌာန်များ ကွဲပြားကြပြီး အသုံးပြုသည့် ပုံစံများ၊ ဒီဇိုင်းများနှင့် အရောင်များဖြင့် ခွဲခြားသတ်မှတ်နိုင်ကြသည်။

မြန်မာ့ရိုးရာ ရက်ကန်းစင်သည် ကျွမ်းကျင်သော ရက်ကန်းသမားများအသုံးပြုသည့် အဓိကကိရိယာဖြစ်ပြီး အနုစိတ်သော အထည်များကို ဖန်တီးသည်။ ရက်ကန်းကို ပုံမှန်အားဖြင့် ဝါးဖြင့်ပြုလုပ်ထားပြီး မြန်မာ့လက်မှုပညာ၏ ထက်မြက်မှုကို ပြသသည့် အခြေခံကျသော၊ ထိရောက်သောဒီဇိုင်းများကိုပါ ရရှိသည်။ မြန်မာရက်ကန်းသမားများသည် မိမိတို့၏ အထည်အလိပ်များကို ထုတ်လုပ်ရန်အတွက် ဒေသထွက် သဘာဝအမျှင်များကို အများစုအသုံးပြုကြသည်။ ချည်၊ ပိုးနှင့် ကြာမျှင်များကို အများစု အသုံးပြုကြသည်။ အထူးသဖြင့် ကြာပန်းပင်များမှ အမျှင်များကို ထုတ်ယူကာ ချည်မျှင်အဖြစ်သို့ ရရှိအောင် အဆင့်ဆင့်ပြုပြင်ထုတ်လုပ်ခြင်းသည် ရှားပါးပြီး လေးစားဖွယ်ကောင်းသော ပညာရပ်တစ်ခုဖြစ်ပေသည်။ ကြာချည်မျှင်များကို အသုံးပြုပြီး လက်ရာမြောက်သော အထည်များအဖြစ် ဖန်တီးသည့် လုပ်ငန်းစဉ်သည် ပင်ပန်းခက်ခဲပြီး အချိန်များစွာ ပေးရသောကြောင့် ကြာပန်းချည် အထည်အလိပ်များသည် ရှားပါးပြီး အလွန်တန်ဖိုးမြင့်မားသော အထည်ဖြစ်သည်။

မြန်မာ့အထည်အလိပ်များတွင် အဓိကအသုံးပြုသည့် ပစ္စည်းများမှာ ပိုးထည်နှင့် ချည်ထည်များဖြစ်သည်။ ပိုးကောင်များမှရရှိသော ပိုးသည် ၎င်း၏နူးညံ့မှုနှင့် တောက်ပြောင်မှုအတွက် အသိအမှတ်ပြုခံရပြီး ချည်သားသည် သက်သောင့်သက်သာရှိပြီး ဘက်စုံသုံးနိုင်သည့်အတွက် တန်ဖိုးရှိသည်။

မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်း၏ ထူးခြားချက်တစ်ခုမှာ ၎င်း၏တက်ကြွပြီး သပ်ရပ်သော ဒီဇိုင်းပုံစံများဖြစ်သည်။ မြန်မာ့အထည်အလိပ်များကို ရှုပ်ထွေးနက်နဲသော ဂျီဩမေတြီ ဒီဇိုင်းများ၊ ပန်းပုံစံများ၊ ဒဏ္ဍာရီလာသတ္တဝါများနှင့် အခြားသင်္ကေတများ၏ ကိုယ်စားပြုမှုများဖြင့် ဖန်တီးကြသည်။ တောက်ပြောင်သော အရောင်များကို ကျွမ်းကျင်စွာပေါင်းစပ်ပြီး ၎င်းတို့၏ဖန်တီးမှုများတွင် ခြားနားသော ဆန့်ကျင်လက်များကို ကျွမ်းကျင်စွာ ပေါင်းစပ်ထားသောကြောင့် ရက်ကန်းသမားများ၏ အနုပညာလက်ရာသည်လည်း ယခုချိန်ထိ တောက်ပနေသည်။

ထို့အပြင် မြန်မာ့ရက်ကန်းသည် မကြာခဏဆိုသလို “နှစ်ထပ်ကွတ်”ဟုခေါ်သော ထူးခြားသောနည်းပညာတစ်ခုပါဝင်ပြီး ချည်နှင့် ချည်များကို မယက်ခင်တွင် ခံနိုင်ရည်ရှိအောင် ဆေးဆိုးထားလေ့ရှိသည်။ ဤနည်းလမ်းသည် ထူးခြားသော တိကျမှုနှင့် ကျွမ်းကျင်မှုကို လိုအပ်ပြီး ဆွဲဆောင်မှုရှိသော အချိုးကျသော ပုံစံများကို ရရှိစေသည်။

မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းသည် မြန်မာ့လူ့အဖွဲ့အစည်းတွင် ကြီးမားသော ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုတစ်ခုဖြစ်သည်။ လက်မှုပညာသည်နိုင်ငံ၏ ဓလေ့ထုံးတမ်းများ၊ ဘာသာရေးအလေ့အထများနှင့် နေ့စဉ်လူမှုဘဝတို့နှင့် နက်နက်ရှိုင်းရှိုင်း ရောယှက်နေပေသည်။ အထည်အလိပ်များသည် အခမ်းအနားများ၊ ပွဲတော်များနှင့် ဘာသာရေးထုံးတမ်းများတွင် မရှိမဖြစ် အခန်းကဏ္ဍမှ ပါဝင်သည်။ ထို့ပြင် လက်ရက်ထည်များကို အခမ်းအနားကြီးများ၊ အထူးအချိန်အခါများတွင် လေးစားမှုနှင့် ချစ်ကြည်ရေးသင်္ကေတများအဖြစ် မကြာခဏ လဲလှယ်ကြသည်။

မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းကို ဆက်လက်မြတ်နိုးပြီး ဂုဏ်ပြုနေသော်လည်း ခေတ်သစ်ကမ္ဘာတွင် စိန်ခေါ်မှုအချို့နှင့် ရင်ဆိုင်နေရသည်။ စက်မှုထွန်းကားမှုနှင့် အမြောက်အမြားထုတ်လုပ်ပြီး ဈေးသက်သာသော အထည်အလိပ်များ တိုးလာခြင်းကြောင့် လက်လုပ်မြန်မာ့အထည်များ ဝယ်လိုအား ကျဆင်းလာခဲ့သည်။ ထို့ပြင် နိုင်ငံရေးနှင့် စီးပွားရေးအကြောင်းအရင်းများသည် ရိုးရာရက်ကန်းလုပ်ငန်းအသိုင်းအဝိုင်းကို သက်ရောက်မှုရှိပြီး ဤတန်ဖိုးကြီးသော အမွေအနှစ်များ၏ ရှင်သန်မှုကို ခြိမ်းခြောက်လျက်ရှိသည်။

အလွန်အရေးပါသော ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် အမျိုးမျိုးသော အဖွဲ့အစည်းများနှင့် ကြိုးပမ်းမှုများသည် မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းကို မြှင့်တင်ထိန်းသိမ်းရန်အတွက် လုပ်ဆောင်လျက်ရှိသည်။

**စာမျက်နှာ ၈ သို့**

စာမျက်နှာ ၈ သို့



# ရပ်ဝန်းနှင့် ပိုးလမ်းမ ၁၀ နှစ်တာ ခရီး

**သိန်းမြင့်ဝေ**

ရပ်ဝန်းနှင့် ပိုးလမ်းမ သို့မဟုတ် ခါးပတ်တစ်ကွင်း-လမ်းတစ်စင်း အစီအစဉ် (Belt and Road Initiative-BRI) စတင် တည်ထောင်ခဲ့သည်မှာ ၁၀ နှစ်ရှိပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ နှောင်းပိုင်းတွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ တတိယမြောက် ရပ်ဝန်းနှင့် ပိုးလမ်းမဖိုရမ် ကျင်းပမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ သတင်းစာဆရာနှင့် ပညာရှင်များသည် ခါးပတ်တစ်ကွင်း လမ်းတစ်စင်း အစီအစဉ်၏ ၁၀ နှစ်တာကာလကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ ထိုသို့ သုံးသပ်ရာတွင် အချို့သောဖြစ်ရပ်များအပေါ် အာရုံစိုက်သည့် အနောက်တိုင်း ရေးသားဖော်ပြချက်များက BRI ၏ ပုံရိပ်ကို ထိခိုက်စေခဲ့သည်။

BRI သည် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ပထမဆုံး အယူအဆဖြစ်သည်။ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း BRI သည် ယခင်က အနောက်နိုင်ငံများအပေါ် အလွန်အမင်းမှီခိုခဲ့သော တရုတ်နိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုပုံစံကို ပြန်လည်ပြင်ဆင်နိုင်ခဲ့သည်။ ထို့ပြင် တရုတ်၏ စီးပွားရေးအလေးပေးမှု (Economic focus) ကို ပြန်လည်ချိန်ညှိမြှင့်တင်နိုင်ခဲ့သည်။ ထိုမျှသာမက တရုတ်နိုင်ငံ၏ ကမ္ဘာ့မြင်ကွင်းကို ပြန်လည်ပုံဖော်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ပေးခဲ့သည်။

ပိုမိုကျယ်ပြန့်သော ရှုထောင့်ကို ရှုမြင်ရန် ကမ္ဘာသို့ ယူဆောင်လာသည့် BRI ပြောင်းလဲမှုများသည် တရုတ်နိုင်ငံသို့ ယူဆောင်လာခဲ့သည့် အပြောင်းအလဲများထက် ပို၍ပင် အဖိုးတန်ပါသည်။ BRIသည် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးပုံစံအား ပြန်လည်ချိန်ခွင်လျှာညီစေရန် မြှင့်တင်ပေးသည့်အပြင် နိုင်ငံတကာဆက်ဆံရေးပုံစံနှင့် ကမ္ဘာ့အမြင်များကိုလည်း ပြောင်းလဲစေခဲ့သည်။ BRI စီမံကိန်းသည် စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေသည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများ၏ အပြန်အလှန်ဆက်နွှယ်မှုကို မြှင့်တင်ပေးသည်။ အနောက်ကမ္ဘာမဟုတ်သော နိုင်ငံရှိပြည်သူများ၏ ကျန်းမာရေးကို သိသိသာသာ တိုးတက်စေသည်။ ယခုအချိန်အထိ နိုင်ငံပေါင်း ၁၅၀ ကျော်သည် BRI ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

တရုတ်နိုင်ငံသည် အာဖရိက၌ ရထားလမ်း ကီလိုမီတာ ၆၀၀၀ ကျော်နှင့် ကားလမ်း ကီလိုမီတာ ၁၀၀၀၀ ကျော် ဖောက်လုပ်ပေးခဲ့သည်။ ထို့ပြင် ဆိပ်ကမ်း၊ လေဆိပ်၊ ဓာတ်အားပေးစက်ရုံ၊ ကျောင်းနှင့် ဆေးရုံကဲ့သို့သော အဓိကအခြေခံအဆောက်အအုံ ပရောဂျက်များစွာကို တည်ဆောက်ခဲ့သည်။ လွန်ခဲ့သော ၁၀ နှစ်တာ ကာလအတွင်း တရုတ်နိုင်ငံ၏ နှစ်စဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံခန့်ရှိသည်။ အဆိုပါ အရင်းအနှီးများသည် BRI နိုင်ငံများသို့ ပိုမိုစီးဆင်းလျက်ရှိသည်။ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဘဏ် လေ့လာမှုအရ BRI သည် လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများ၏ အမှန်ဝင်ငွေကို ၁ ဒသမ ၂ ရာခိုင်နှုန်းမှ ၃ ဒသမ ၄ ရာခိုင်နှုန်းထိ တိုးတက်နိုင်ကြောင်း သိရှိရသည်။ ကင်ညာနိုင်ငံ မွမ်ဘာဆာ-နိုင်ရိုဘီ ရထားလမ်း (Mombasa–Nairobi standard gauge railway)၊ တရုတ်-လာအို မီးရထားလမ်း (China-Laos railway)နှင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်း (Jakarta-Bandung high-speed railway) အပါအဝင် ပရောဂျက်များစွာ ပြီးစီးပြီး ဒေသခံလူထုအကျိုးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

BRI သည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုပုံစံ (Alternative development model) ဖန်တီးပေးခြင်း ဖြစ်သည်။ ယခင်က ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဝါရှင်တန်သဘောတူညီချက် (Washington Consensus) ကို ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းအဖြစ် မှတ်ယူလေ့ရှိသည်။ ဝါရှင်တန် သဘောတူညီချက်ဆိုသည်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လိုသော နိုင်ငံများ လိုက်နာလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ဖော်ပြထားခြင်းဖြစ်သည်။ BRI ၁၀နှစ်ကြာ အောင်မြင်မှုသည် အခြေခံအဆောက်အအုံပထမ(Infrastructure first) ဟူသော တရုတ်စီးပွားရေး အတွေ့အကြုံကို ဖော်ပြနေသည်။ အခြေခံအဆောက်အအုံကို ဦးစားပေးခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပိုမိုသင့်လျော်ကြောင်း တရုတ်နိုင်ငံက ပြောကြားနေခြင်းလည်း ဖြစ်သည်။ ပို၍အရေးကြီးသည်မှာ တရုတ်၏ အခြေခံအဆောက်အအုံ တည်ဆောက်နိုင်စွမ်းအပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အောင်မြင်မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် နည်းပညာနှင့် အရင်းအနှီး နည်းပါးမှုကြောင့် တိုးတက်မှုနှေးကွေးနေသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို သိသိသာသာ တိုးတက်စေသောကြောင့် ဖြစ်သည်။

ဆယ်နှစ်တာကာလ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ကြိုးပမ်းရန် တွန်းအားပေးခဲ့သည်။ ထိုကဲ့သို့ ကြိုးပမ်းခြင်းအားဖြင့် နည်းပညာ၊ ကုန်သွယ်မှုနှင့် စည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်လာနိုင်သည်။ ထို့ပြင် BRI သည် အနောက်နိုင်ငံများအား ၎င်းတို့၏ နိုင်ငံခြားရေးဗျူဟာများ ဆင်ခြင်သုံးသပ်ရန်နှင့် ပြုပြင်ပြောင်းလဲရန် တွန်းအားပေးခဲ့သည်။ ဥပမာအားဖြင့် အမေရိကန်သည် BRI စတင်သည့်အချိန်တွင် အလားတူ အစီအစဉ်များစွာကို လုပ်ဆောင်နေပြီဖြစ်သည်။ သမ္မတ Donald Trump အစိုးရသည် အခြေခံအဆောက်အအုံ တည်ဆောက်မှုနှင့် ကုန်ထုတ်လုပ်မှုမြှင့်တင်သည့် အစီအစဉ်ကို စတင်ခဲ့သည်။ ထိုနည်းတူစွာပင် သမ္မတ Joe Biden အစိုးရသည် ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံအတွက် ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ် (Build Back Better World-B3W) ကို ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ပြီး စတင်လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းအတွက် သိသိသာသာ ရင်းနှီးမြှုပ်နှံလာခဲ့သည်။ မကြာသေးမီက အိန္ဒိယ၊ အရှေ့အလယ်ပိုင်းနှင့် အီးယူတို့ကို ဆက်သွယ်ပေးသည့် စီးပွားရေးစင်္ကြံ (Economic corridor) ကို အကောင်အထည် ဖော်လျက်ရှိသည်။ အဆိုပါ အစီအစဉ်အားလုံးကို BRI လှုံ့ဆော်ပေးခဲ့ခြင်း ဖြစ်နိုင်သည်။

အမှန်စင်စစ် အနောက်နိုင်ငံများ ဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု (Global governance) သည် သက်ဆိုင်ရာနိုင်ငံအား များစွာ အထောက်အကူ ဖြစ်စေခဲ့သည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ် ပြီးဆုံးပြီးနောက် နှစ်ပေါင်း ၈၀ နီးပါးအတွင်း အထူးသဖြင့် စစ်အေးတိုက်ပွဲ ပြီးဆုံးချိန်မှစ၍ အနောက်နိုင်ငံများ၏ အထောက်အကူပြုသည့် လုပ်ဆောင်ချက် နည်းပါးလာသည်ဟု ယူဆနိုင်သည်။ ထို့ပြင် ယခုအခါ အနောက်နိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်ကို အသုံးချ၍ အခြားနိုင်ငံများ၌ ကျင့်သုံးလေ့ရှိသော ရန်လိုမှု (Aggression) နှင့် ချဲ့ထွင်မှု (Expansion) ဟူသော လမ်းစဉ်ဟောင်းကို ကျင့်သုံးမည်မဟုတ်ပေ။

ရပ်ဝန်းနှင့် ပိုးလမ်းမ (BRI) အကောင်အထည်ဖော်သည့် ၁၀ နှစ်တာ ကာလအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်လာခဲ့သည်။ ထိုတိုးတက်မှုက ကိုလိုနီနယ်ချဲ့ သိမ်းပိုက်မှု (Colonial conquests)၊ ဘေးအန္တရာယ် (Disasters) နှင့် စစ်ပွဲများ (Wars) ယူဆောင်လာခြင်း မရှိခဲ့ပေ။ ယင်းအစား ကမ္ဘာ့ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ အခြေခံအဆောက်အအုံသစ်နှင့် စီးပွားရေးတိုးတက်မှုတို့ကို ယူဆောင်လာခဲ့သည်။ ၁၀ နှစ်တာကာလသည် BRI ကဲ့သို့ ကြီးမားသော ဗျူဟာကို အကဲဖြတ်ရန် စောလွန်းနေပါသည်။ တစ်နည်း အားဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမသည် ကောင်းကျိုးများ သယ်ဆောင်လာသော်လည်း ပိုမိုတိကျသော အကဲဖြတ်မှုအတွက် အချိန်ပိုမိုလိုအပ်သည်။ ထို့အတွက် အနှစ် ၂၀၊ ၃၀၊ ၄၀ သို့မဟုတ် ထို့ထက်ပို၍ စောင့်ဆိုင်းသင့်သည်ဟု ယူဆပါသည်။ သို့မှသာ တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့် ပွင့်လင်းမှုကိုသိရှိပြီး ရပ်ဝန်းနှင့် ပိုးလမ်းမအစီအစဉ်၏ အရေးပါမှုကို ကမ္ဘာက တန်ဖိုးထားလာနိုင်သည်။

**Source: www.scmp.com**

**စာမျက်နှာ ၇ ဆောင်းပါးမှအဆက်**

ပြည်တွင်း လက်မှုပညာသည်များနှင့် နိုင်ငံတကာမှ ဝါသနာရှင်များသည် ဤဈေးဟောင်းလက်ရာသည် နောင်လာနောက်သားများအတွက် ပျောက်ပျက်မသွားစေရန်နှင့် စိတ်ဝင်စားမှု ပြန်လည်ရှင်သန်လာစေရန်အတွက် ရည်ရွယ်သည့် အစပျိုးမှုများသည် ပြည်တွင်းရက်ကန်းသမားများကို ပံ့ပိုးပေးခြင်းနှင့် ရေရှည်တည်တံ့သောဈေးကွက်များ ဖန်တီးပေးခြင်းတို့သည် ဤအဖိုးတန် ယဉ်ကျေးမှုအမွေအနှစ်များ ဆက်လက်တည်တံ့နေစေရန်အတွက် အရေးကြီးသည်။

မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ပေါ်များပြီး ၎င်း၏ လက်မှုပညာရှင်များ၏ ထူးထူးခြားခြား အတတ်ပညာများအတွက် သက်ရှိ သက်သေတစ်ခုဖြစ်သည်။ အနုစိတ်သောပုံစံများ၊ သဘာဝအမျှင်များနှင့် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှုများသည် ဤလက်ရက်ထည်များကို ကြည့်ရှုလေ့လာရန် ရတနာတစ်ခု ဖြစ်လာစေသည်။ မြန်မာ့ရိုးရာရက်ကန်းလုပ်ငန်းကို တန်ဖိုးထား ထောက်ခံခြင်း၊ အားပေးကူညီခြင်းဖြင့် ကျွမ်းကျင်သော ရက်ကန်းသမားများ၏ အသက်မွေးဝမ်းကျောင်းအတွက် သာမက မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၏ အနှစ်သာရကို ဖော်ညွှန်းထားသည့် အဖိုးတန် အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များလည်း ထုတ်လုပ်နိုင်မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သည်။

# တစ်ပတ်အတွင်း ဓာတ်မြေဩဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

**ဓာတ်မြေဩဇာ**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၀၆သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၁၆၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၂၀၀၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ တန်ချိန် ၁၂၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၉၀၀ ကျော်၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တန်ချိန် ၈၀၀ ကျော်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ အင်္ဂလန်နိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ အီရန်နိုင်ငံမှ တန်ချိန် ၄၀၀ ခန့်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၁၄၀ ကျော် တင်သွင်းခဲ့ပြီး အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဓာတ်မြေဩဇာတန်ချိန် ၂၂၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။


နယ်စပ်ကုန်သွယ်မှု မှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၅ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၂၀၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၆၀၀ ခန့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၁၄၀၀ ခန့် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်ကုန်သွယ်မှုမှ ဓာတ်မြေဩဇာတန်ချိန် ၈၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဘိလပ်မြေ**

နယ်စပ်မှ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၇ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၃၆၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေတန်ချိန် ၆၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ယခုတစ်ပတ်အတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ



**နို့ဆီ**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၄ သန်း တန်ဖိုးရှိ နို့ဆီ တန်ချိန် ၃၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့ဆီတန်ချိန် ၂၀၀ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**နို့မှုန့်**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၈ သန်းတန်ဖိုးရှိ နို့မှုန့်တန်ချိန် ၁၇၀ ကျော် တင်သွင်းခဲ့ပြီး အမေရိကန်နိုင်ငံမှ တန်ချိန် ၁၅၀ ကျော် နယူးဇီလန်နိုင်ငံမှ တန်ချိန် ၂၀ ကျော်ဖြစ်သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ နို့မှုန့် တန်ချိန် ၂၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**ဆေးဝါးပစ္စည်းများ**

အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၇၀ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၅၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဆေးဝါးပစ္စည်းများ တန်ချိန် ၃၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၁၆.၁၀.၂၀၂၃)ရက်နေ့မှ (၂၂.၁၀.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | | |
|---|---|---|
| Quantity (MT) | 1000 | |
| CIF Price (USD/MT) | 892 | (FOB + 95 USD) |
| ပျမ်းမျှငွေလဲနှုန်း | 2519 | |
| Customs ငွေလဲနှုန်း | 2100 | |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 2,808,685 | 4.59 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 1% x CIF x ပျမ်းမျှငွေလဲနှုန်း | 22,469,480 | 36.69 |
| ၄ | ဆိပ်ကမ်းသိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 31 | 18,984,090 | 31.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 93,660,000 | 152.94 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,934,850 | 12.96 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 37,464,000 | 61.18 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 1.167% | 26,221,883 | 42.82 |
| ၁၅ | သင်္ဘောစောင့်ဆိုင်းခ(Demurrage Charge) | 1000 MT x USD 2 x 5 Day x ပြင်ပငွေလဲနှုန်း | 29320000 | 47.88 |
| | **အထွေထွေစရိတ်ပေါင်း** | | **141,997,083** | **473.29** |
| ၁၆ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | **2,246,948,000** | **3,669.15** |
| | **စရိတ်စုစုပေါင်း** | | **2,388,945,083** | **4,142.44** |

# ရွှေရည်ညွှန်းဈေး ကျပ် ၃၀၄၄၅၀၀ ရှိ

ပြည်တွင်း ရွှေရည်ညွှန်းဈေးမှာ အောက်တိုဘာ ၁၉ ရက် ပေါက်ဈေးအရ ကျပ်သိန်း ၃၀၄၄၅၀၀ ရှိပြီး ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၉၄၇ ဒေါ်လာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) မှ သိရသည်။ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေရည်ညွှန်းဈေးနှုန်းများအနေဖြင့် အောက်တိုဘာ ၁၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၉၄၂၉၀၀၊ ၁၄ ရက်တွင် ကျပ် ၃၀၂၂၆၀၀၊ ၁၆ ရက်တွင် ကျပ် ၂၉၈၉၈၀၀၊ ၁၇ ရက်တွင် ကျပ် ၃၀၀၂၃၀၀၊ ၁၈ ရက်တွင် ကျပ် ၃၀၂၇၃၀၀ ဖြစ်ကြောင်း သိရသည်။

တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ အောက်တိုဘာ ၁၃ ရက်တွင် ၁၈၈၂ ဒေါ်လာ၊ ၁၄ ရက်တွင် ၁၉၃၃ ဒေါ်လာ၊ ၁၆ ရက်တွင် ၁၉၁၂ ဒေါ်လာ၊ ၁၇ ရက်တွင် ၁၉၂၀ ဒေါ်လာ၊ ၁၈ ရက်တွင် ၁၉၃၆ ဒေါ်လာဖြစ်သည်။

YGEAအနေနှင့် ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းမှ စတင်ကာ အသင်း၏ ရွှေရည်ညွှန်းဈေးကို ဘဏ်တွေအကြား ဗဟိုဘဏ်၏ အွန်လိုင်းဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မြောက်သည့် ဒေါ်လာပေါက်ဈေးဖြင့် ပြောင်းလဲတွက်ချက်ထုတ်ပြန်နေခြင်းဖြစ်သည်။ ယခင်က ရွှေရည်ညွှန်းအဖြစ် ထုတ်ပြန်နေရာတွင် ၂၁၀၀ ကျပ်ဖြင့် တွက်ချက်ထုတ်ပြန်ရာမှ အောက်တိုဘာ ၇ ရက်မှစတင်ကာ ဗဟိုဘဏ် လေလံဈေး ၂၉၃၂ ကျပ်နှင့် ပြောင်းလဲတွက်ချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းနောက် အွန်လိုင်းဈေးကွက်တွင် အရောင်းအဝယ်ဖြစ်သည့် ဒေါ်လာပေါက်ဈေးနှင့် တွက်ချက်ကာ ရွှေရည်ညွှန်းဈေးကို ဈေးကွက်ဈေးနှုန်းအဖြစ် အောက်တိုဘာ ၁၂ ရက်မှစတင်ကာ ထပ်မံပြောင်းလဲထုတ်ပြန်နေခြင်းဖြစ်သည်။

**ပန်းဆု**

# ပြည်တွင်း ငွေကြေးဈေးကွက် ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်သာရှိ

လက်ရှိ ပြည်တွင်းငွေကြေးဈေးကွက်အတွင်း ကြိုက်ရောင်း၊ ကြိုက်ဝယ်စနစ်ဖြင့်သာ အရောင်းအဝယ်ပြုလုပ်နေကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံက သိရသည်။ ဈေးကွက်အတွင်း လက်ရှိတွင် ဝိသမလောဘသားများနှင့် ဈေးကစားသူအချို့က ဈေးနှုန်း ကမောက်ကမဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်နိုင်သည်ဟူသည့် မဟုတ်မမှန်သော ကောလာဟလများ ထုတ်လွှင့်ကာ မသိနားမလည်သူများအား လိမ်ညာအမြတ်ထုတ်ရန်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိပေးထားသည်။

ဗဟိုဘဏ်အနေဖြင့် ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းကိစ္စနှင့် ပတ်သက်၍ လက်ရှိသတ်မှတ်နှုန်းထားကို ပြောင်းလဲမည်မဟုတ်ဘဲ ဘဏ်ငွေလဲကောင်တာများတွင် နိုင်ငံခြားငွေ ငွေသားတိုးမြှင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် USD Liquidity နှင့် MMK Liquidity တို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံခြားငွေကြေးဈေးကွက် တည်ငြိမ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရန် ဆောင်ရွက်နေပြီး ပြည်တွင်းဈေးကွက်သို့ USD Liquidity/MMK Liquidity ကို ဘဏ်များမှတစ်ဆင့် ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**ပန်းဆု**

# စတော့ရှယ်ယာတန်ဖိုး ကျပ်သန်း ၁၇၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့် အောက်တိုဘာ ၅ ရက်မှ ၁၈ ရက်အထိ စာရင်းဝင် ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၁၇၀ ကျော် ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။ အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၆၃၂၈၀ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၇၁ ဒသမ ၀၈ သန်းရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၄၂၄၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၇ ဒသမ ၆၆ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၁၄၂၅၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၂ ဒသမ ၅၄ သန်း ရရှိခဲ့သည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၃၀၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂ ဒသမ ၅၁ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၂၄၃၀၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၁ ဒသမ ၀၀ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၂၀၂၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၅ ဒသမ ၀၅ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၅၁၄၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၀ ဒသမ ၉၄ သန်း ရရှိခဲ့သည်။ ယင်းအပြင် Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၂၇၂၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးကျပ် ၁၃ ဒသမ ၁၅ သန်း၊ Myanmar Agro Exchange Public Co.,Ltd. (MAEX) က အစုရှယ်ယာ ၁၀၂၈၇ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁၈ ဒသမ ၂၂ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့သည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၁၂ ရက် တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၈၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၁၈ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၃၇ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း အောက်တိုဘာ ၁၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၃၄၂၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၁၈ ရက်တွင် ကျပ် ၃၄၅၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်း ရှိပြီး GDP သည် -၁၈ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်အတွက် ငွေကြေးဖောင်းပွမှုနှုန်းသည် ၈ ရာခိုင်နှုန်းသို့ မြင့်တက်နိုင်ကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ GDP သည် ၁ ရာခိုင်နှုန်းခန့် တိုးတက်နိုင်ကြောင်း World Bank မှ ခန့်မှန်းထားသည်ကို တွေ့ရှိရသည်။ cecidata.com မှ ဖော်ပြချက်၌ ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ -၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်နှစ်ထက် ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖော်ပြထားသည်။

အောက်တိုဘာလ ၁၂ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၂-၁၀-၂၀၂၃ | ၁၃-၁၀-၂၀၂၃ | ၁၆-၁၀-၂၀၂၃ | ၁၇-၁၀-၂၀၂၃ | ၁၈-၁၀-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၆.၂၁၅ | ၃၆.၃၇၀ | ၃၆.၂၇၀ | ၃၆.၃၅၀ | ၃၆.၃၀၀ | ၀.၂၃ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၆၃ | ၁.၃၆၈ | ၁.၃၆၉ | ၁.၃၆၉ | ၁.၃၆၉ | ၀.၄၄ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၇၁၆ | ၄.၇၃၀ | ၄.၇၃၆ | ၄.၇၃၆ | ၄.၇၄၄ | ၀.၅၉ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၅၆၉၀ | ၁၅၆၈၂ | ၁၅၇၂၀ | ၁၅၇၁၅ | ၁၅၇၃၀ | ၀.၂၅ | ↑ |
| ၆ | Chinese Yuan | CNY | ၇.၂၉၉ | ၇.၃၀၈ | ၇.၃၁၂ | ၇.၃၁၂ | ၇.၃၁၅ | ၀.၂၂ | ↑ |
| ၇ | Indian Rupee | INR | ၈၃.၂၀၈ | ၈၃.၂၆၁ | ၈၃.၂၇၁ | ၈၃.၂၂၀ | ၈၃.၂၅၁ | ၀.၀၅ | ↑ |
| ၈ | Japanese Yen | JPY | ၁၄၉.၁၁၆ | ၁၄၉.၇၁၁ | ၁၄၉.၅၃၀ | ၁၄၉.၃၈၀ | ၁၄၉.၆၆၉ | ၀.၃၇ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၆၁ | ၁.၅၈၂ | ၁.၅၈၀ | ၁.၅၇၃ | ၁.၅၆၉ | ၀.၅၈ | ↑ |
| ၁၀ | Euro | EUR | ၀.၉၄၂ | ၀.၉၄၉ | ၀.၉၄၉ | ၀.၉၄၇ | ၀.၉၄၆ | ၀.၄၂ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၁၃ | ၀.၈၁၉ | ၀.၈၂၂ | ၀.၈၂၁ | ၀.၈၂၀ | ၀.၈၆ | ↑ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ အောက်တိုဘာ ၁၂ ရက်မှ အောက်တိုဘာ ၁၈ ရက်ထိ ရက်သတ္တပတ်အတွင်း ၃၂၉၀-၃၃၄၀ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၇ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၇ ဖြင့်လည်းကောင်း၊ ဧည့်မထ(၅ %)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၃ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၉၄ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၆၃၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၂ ဖြင့်လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဖြင့်လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ ကျဆင်းခဲ့ပြီး ပါကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ကာ အိန္ဒိယနိုင်ငံတွင် ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဖိလစ်ပိုင်၊ မလေးရှား၊ ကင်မရွန်း၊ အိုင်ဗရီကို့စ်နှင့် နီပေါအပါအဝင် အာရှနှင့်အာဖရိကနိုင်ငံများ ၇ နိုင်ငံသို့ ဘာစမာတီ မဟုတ်သော ဆန်ဖြူ တန်ချိန် ၁ ဒသမ ၃၄ သန်းကို National Cooperative Export Ltd (NCEL) မှတစ်ဆင့်တင်ပို့ရန် အိန္ဒိယအစိုးရက အတည်ပြုခဲ့ကြောင်း သိရှိရသည်။ ပြည်တွင်းဆန်ဖူလုံရေး မြှင့်တင်ရန် ဆန်ဖြူတင်ပို့မှုကို အိန္ဒိယအစိုးရက ၂၀၂၃ ခုနှစ် ဇူလိုင် ၂၀ ရက်မှစ၍ တားမြစ်ထားခဲ့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံမှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် Government to Government အစိုးရမှ အစိုးရသို့ (G2G) လမ်းကြောင်းမှတစ်ဆင့် တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။ ဩဂုတ်လတွင် NCEL မှတစ်ဆင့် ဆန်ဖြူတန်ချိန် သုည ဒသမ ၁၄ သန်းတင်ပို့ခွင့်ပြုခဲ့ရာ ဘူတန်၊ စင်ကာပူနှင့် မောရစ်သျှနိုင်ငံတို့ ပါဝင်ပြီး စက်တင်ဘာလတွင်လည်း NCEL မှတစ်ဆင့် ဆန်ဖြူတန်ချိန် ၇၅၀၀၀ ကို အာရပ်စော်ဘွားများ ပြည်ထောင်စု UAE သို့ တင်ပို့ရန်ခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ) တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ မှ ၁၀၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ကြား ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်(သစ်)တစ်အိတ်လျှင် ကျပ် ၅၈၀၀၀ မှ ၆၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ဧည့်မထ ရိုးရိုးဆန် (ဟောင်း) တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၆၈၀၀၀ ကြား ပေါက်ဈေးရှိကာ ယခုတစ်ပတ်တွင် ဆန်ကြမ်း(ဟောင်း)ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၂၇၁၂၂၆ ဒသမ ၄၆၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၂၄၇ သန်း၊ ဆန်ကွဲတန်ချိန် ၂၆၅၂၈၁ ဒသမ ၆၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၇ ဒသမ ၈၆၇ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၅၃၅၅၀၈ ဒသမ ၁၁၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၁၁၄ သန်း ရရှိထားပြီး၊ ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၅၇၁၅၈၃ ဒသမ ၂၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၄၁၁ သန်း၊ ဆန်ကွဲ တန်ချိန် ၄၀၂၅၇၃ ဒသမ ၅၅၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၈၀၅ သန်း၊ စုစုပေါင်း ဆန်နှင့် ဆန်ကွဲတင်ပို့နိုင်မှု တန်ချိန် ၉၇၃၃၃၆ ဒသမ ၈၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၃ ဒသမ ၂၁၆ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၃၀၀၃၅၆ ဒသမ ၇၈၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁၆၄ သန်းနှင့် ဆန်ကွဲ တင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၁၃၇၇၇၁ ဒသမ ၉၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉၃၈ သန်း လျော့နည်းတင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၀၀ ယွမ်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၄၅၅ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၉၂ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၇၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၈၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

# တရုတ်သို့ တင်ပို့ရန် ပြင်ဆင်နေသည့် မြန်မာ့ပြောင်း

ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် လေးသိန်းခန့် တင်ပို့နိုင်ရန် ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များထံမှ သိရှိရသည်။ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကလည်း လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၂၅၀ နှင့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၂၉၄ တန် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံကထွက်ရှိသည့် ပြောင်းများကို ယခင်က ထိုင်းနိုင်ငံသို့ အများဆုံး တင်ပို့ခဲ့ပြီး အခွန်ကင်းလွတ်ခွင့်ကာလ ကျော်လွန်သွားပြီဖြစ်သောကြောင့် စက်တင်ဘာလအတွင်းမှစပြီး သိသိသာသာ လျော့သွားကြောင်း သိရသည်။ ထို့ကြောင့် ယခု စက်တင်ဘာလမှစပြီး တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့ရန် ဈေးကွက်ရှာဖွေခဲ့ခြင်းဖြစ်ပြီး ဘိန်းအစားထိုး ပြောင်းသီးနှံအပြင် GACC နှင့်ပါ တင်ပို့ရန်လုပ်ဆောင်နေခြင်းဖြစ်သည်။ မြန်မာ့ထွက်ကုန် ပြောင်းသီးနှံကို တရုတ်ဈေးကွက်အပြင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့လည်း တင်ပို့ရန်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ပြည်တွင်းသုံးစွဲမှုမှ ပြောင်းတန်ချိန် တစ်သန်းဝန်းကျင်ခန့်ရှိပြီး ၂၀၂၃ ခုနှစ်အတွင်း၌ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပြောင်းတန်ချိန် သုံးသိန်းဝန်းကျင် ထွက်ရှိနိုင်ကြောင်း ပြောင်းလုပ်ငန်းရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

Source- Htet toe ၊ ဇေခိုင်(တောင်ကြီး)

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံအနက် ကင်ညာနိုင်ငံသည် ယခုတစ်ပတ်တွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး Puerto Rico နိုင်ငံတွင် သုည ဒသမ ၇၀ ရာခိုင်နှုန်း၊ ပိုလန်နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဂျာမနီနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ခုနစ်နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် အောက်တိုဘာ ၁၆ ရက် ဖော်ပြချက်၌ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အာဂျင်တီးနား၊ ဘီနင်၊ ကနေဒါ၊ ခရိုအေးရှား၊ ဒိန်းမတ်၊ ဂျော်ဒန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၉၁ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ပါကစ္စတန်၊ အိုက်စလန်၊ အက်စ်တိုးနီးယား၊ ဩစတြေးလျ၊ ဖင်လန်၊ ဆွီဒင်၊ စပိန်၊ အီတလီ၊ နယ်သာလန်နှင့် ပြင်သစ် အပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၂၁ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၄ နိုင်ငံအနက် တူရကီနိုင်ငံသည် ယခုတစ်ပတ်တွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး လူဇင်ဘတ်နိုင်ငံတွင် ၄ ဒသမ ၇၀ ရာခိုင်နှုန်း၊ နော်ဝေနိုင်ငံတွင် ၃ ရာခိုင်နှုန်းနှင့် ဖင်လန်နိုင်ငံတွင် ၂ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ ထိုင်ဝမ်၊ ဘူလ်တန်၊ ကနေဒါ၊ ဂျော်ဒန်၊ မိုနာကို၊ နယူးဇီလန်နှင့် ဆူဒန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၈ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်းပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဖိလစ်ပိုင်၊ ပါကစ္စတန်၊ စပိန်၊ အီတလီ၊ နယ်သာလန်၊ ပြင်သစ်၊ လက်ဘနွန်နှင့် ဟန်ဂေရီအပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁၀ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံတွင် (၃ဒသမ၆၀ရာခိုင်နှုန်း) ဖြင့် ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၁၃ | ၁.၂၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၉ | ၁.၁၄ |
| ၃ | ထိုင်း | လီတာ | ၁.၂၈ | ၀.၈၃ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၄ | ၀.၉၇ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၁ | ၁.၉၀ |
| ၆ | မလေးရှား | လီတာ | ၀.၄၃ | ၀.၄၅ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၂၇ | ၁.၁၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၆ | ၁.၁၇ |
| ၉ | လာအို | လီတာ | ၁.၅၀ | ၁.၀၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

### DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

16/10/2023

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၄ | ၁.၁၁ |
| ၂ | ဂျပန် | လီတာ | ၁.၂၀ | ၁.၀၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၅ | ၁.၁၂ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၀၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၁၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၅၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၂၃၇၀ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၅၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၃၅၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၀၅၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၂၉၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၁၁၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၅၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၁၂၀၊ ဒီဇယ် တစ်လီတာလျှင် ၂၂၆၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။






မြန်မာနိုင်ငံ အတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ မှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၀ နှင့် ဒီဇယ် တစ်လီတာလျှင် ၆၅ ကျပ်သို့ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# နို့စားနွား မွေးမြူရေးခြံမှ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်

ဧရာဝတီတိုင်းဒေသကြီးရှိ ထိပ်တန်းနို့စားနွားမွေးမြူရေးခြံသည် ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု၊ ပဲရုံဆိပ်ကျေးရွာ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၃၇/၄)တွင် တည်ရှိပြီး ခြံအကျယ်တစ်ဧကနှင့် စားကျက် ၅ဒသမ ၅ဧကရှိပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်း ၂၅၀ခန့်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစတင်ချိန်တွင် လုပ်သားအင်အား ၂၃ ဦးခန့်ရှိသည်။



၎င်းနို့စားနွား မွေးမြူရေးခြံမှ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဖရီရှန် (Holstein Friesian) အမျိုးအစား နို့စားနွားမ အကောင်ရေ ၃၀ ဖြင့် စတင်မွေးမြူခဲ့ရာ နှစ်စဉ် တိုးပွားမွေးမြူ၍ လက်ရှိအချိန်တွင် နို့စားနွား ၉၃ ကောင်အထိ တိုးပွားမွေးမြူနိုင်ခဲ့ကြောင်း ထိပ်တန်းမွေးမြူရေး ခြံပိုင်ရှင် ဦးမြတ်သိန်းထွန်းက ပြောပြခဲ့သည်။

နို့ထုတ်ယူပုံမှာ နို့ပေးနွားမ ၉၃ ကောင်မှ ထုတ်လုပ်ပေးလျက်ရှိပြီး ၎င်းနို့များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ပူးပေါင်း၍ School Milk Program ဖြင့် ဌားယူထားသော ပေါင်းခံစက်နှင့် ပေါင်းခံထုတ်လုပ်လျက်ရှိသည်။

ထုတ်လုပ်သောအမျိုးအစားများမှာ (က) နို့စိမ်း (Fresh Milk)၊ (ခ) နို့ပေါင်း (Pastearized Milk)၊ (ဂ) အဆီထုတ်နို့ပေါင်း (Low Fat Pasterized Milke)၊ (ဃ) ဒိန်ချဉ် (Yogurt)၊ (င)အဆီထုတ်ဒိန်ချဉ် (Law Fat Yogurt)တို့ဖြစ်ကြသည်။

MSMEsလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး MSMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အလားအလာရှိသော လုပ်ငန်းများအတွက် မတည်ရင်းနှီးငွေလိုအပ်မှု၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အဖွဲ့အစည်း များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးနှင့် ဈေးကွက်ရ နို့စိမ်း၊ နို့ပေါင်း၊ အဆီထုတ်နို့ပေါင်း၊ ဒိန်ချဉ်နှင့် အဆီထုတ် ဒိန်ချဉ်များထုတ်လုပ်ပြီး အရည်အသွေးမြင့် ထုပ်ပိုးမှုစနစ်နှင့် ဈေးကွက်ရရှိနိုင်ရေး လုပ်ငန်းခွင်နှင့် တိုးချဲ့နိုင်ရေးတို့ကို စားသုံးသူရေးရာဦးစီးဌာန၊ ညောင်တုန်းမြို့နယ်ဦးစီးမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ဒုတိယပတ်တွင် ကွင်းဆင်းလေ့လာ အပြန်အလှန် ဆွေး နွေးခဲ့သည်။

နို့စားနွားခြံမှ ထွက်သော နို့နှင့် နို့ထွက်ပစ္စည်းများသည် ကျောင်းသူ၊ ကျောင်းသား၊ လူငယ်များ သက်ကြီးရွယ်အိုများနှင့် လူလတ်ပိုင်းများပါ ကြိုက်နှစ်သက်ကြပြီး အသင့်စားနို့ဘူးများကို စားသောက်ဆိုင်များ၊ စတိုးများတွင် အလွယ်တကူဝယ်ယူ သောက်သုံးနိုင်ပြီး စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရေး ဦးစားပေးထုတ်လုပ်ထားသော ကုန်စည်ဖြစ်ကြောင်း သိရသည်။**CONSUMER (MT)**

# မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်၏ အဓိက ကုန်သွယ်ရေးစခန်း စစ်တွေနှင့် မောင်တော

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံလျက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုကို စစ်တွေ ကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းများဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံ ကူမင်းမြို့မှ မြန်မာနိုင်ငံ မူဆယ်-မန္တလေး-ကျောက်ဖြူ ကီလိုမီတာ ၁၄၀၀ ရှည်လျားသော အမြန်ရထားလမ်းဖြင့် အိန္ဒိယသမုဒ္ဒရာသို့ ဝင်ရောက်နိုင်ရေး စီမံကိန်းများ ပါဝင်သည်။ ထို့ကြောင့် ရခိုင်ပြည်နယ် စစ်တွေဒေသသည် အရှေ့အာရှနိုင်ငံများနှင့် အနောက်အာရှနိုင်ငံများ၊ အာဖရိက နိုင်ငံများအကြား ကုန်သွယ်မှုပြုလုပ်ရာတွင် အဓိကကျသော ဒေသတစ်ခုဖြစ်လာသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကပို့ကုန်များမှာ လယ်ယာထွက်ကုန် ပစ္စည်းများ၊ ရေထွက်ပစ္စည်းများဖြစ်ပြီး သွင်းကုန်များမှာ ပလတ်စတစ်ပစ္စည်း၊ A4 စက္ကူနှင့် အဝတ်အထည်များဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေ သိပ်သည်းဆ များပြားသောနိုင်ငံဖြစ်သည့်အလျောက် စားနပ်ရိက္ခာများ လုံလောက်မှုမရှိ၍ ပြည်ပမှတင်သွင်းရသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံမှ ဆန်နှင့် လယ်ယာထွက်ကုန် ပစ္စည်းများ၊ ရေထွက်ပစ္စည်းများကို တင်သွင်းနေရသည်။ အလားတူ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆန်ထုတ်လုပ်မှု အများဆုံး နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံ နှစ်စဉ်တန်ချိန် လေးသိန်းခန့် ဝယ်ယူရေးအတွက် G to G သဘောတူစာချုပ် ချုပ်ဆိုထားသည့်နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စစ်တွေဆိပ်ကမ်းကို အသုံးပြု၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ တင်ပို့ခြင်းကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံသို့ ပဲတင်ပို့ခြင်းကိုလည်းကောင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အိန္ဒိယ၊ အာရှအလယ်ပိုင်းနိုင်ငံများသို့လည်းကောင်း၊ အာဖရိကနိုင်ငံများသို့လည်းကောင်း ချိတ်ဆက်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုမှာ ရခိုင်ပြည်နယ် ဒေသထွက်ကုန်များ အနည်းငယ်သာပါဝင်ပြီး ရခိုင်ပြည်နယ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့ ထုတ်လုပ်တင်ပို့နိုင်သည်အထိ လုပ်ဆောင်နိုင်သော အခွင့်အလမ်းများ ဖြစ်ပေါ်လျက်ရှိသည်။ ဒေသထွက်ကုန်များ ပိုမိုထွက်ရှိပါက MSME လုပ်ငန်းများမှတစ်ဆင့် Value Added ထုတ်ကုန်အဖြစ် ဆောင်ရွက်ခြင်းဖြင့် ဒေသအလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်လာပါက ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**စစ်တွေကုန်သွယ်ရေးစခန်း**

**အသိပေးကြေညာချက်**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

၁။ နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စအား အထောက်အကူပြုရန် ရည်ရွယ်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံသားများက မိမိတို့ရရှိသည့် လစာငွေ၊ သို့မဟုတ် အခြားဝင်ငွေများကို မြန်မာနိုင်ငံသို့ ဘဏ်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်လွှဲပို့ခြင်းအပေါ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တင်သွင်းခွင့်ပါမစ်များကို အောက်ပါအတိုင်း ခွင့်ပြုဆောင်ရွက်ပေးမည် ဖြစ်ပါသည် -

(က) ပုံမှန်လစာရရှိသူများ (သင်္ဘောသားများအပါအဝင်) - တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ သိန်းနှင့်အထက် လွှဲပို့ပါက လွှဲပို့ငွေ၏ ၅% တန်ဖိုးနှင့်ညီမျှသော လျှပ်စစ်သုံးမော်တော်ယာဉ် တစ်နှစ်လျှင် တစ်စီးနှုန်း၊

(ခ) ပုံမှန်လစာ ရရှိသူများမှအပ အခြားဝင်ငွေရရှိသူများ - တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၅ သောင်းနှင့်အထက် လွှဲပို့ပါက လွှဲပို့ငွေ၏ ၅% တန်ဖိုးနှင့် ညီမျှသော လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တစ်နှစ်လျှင် တစ်စီးနှုန်း။

၂။ အပိုဒ် ၁ (ခ) ပါ အကျုံးဝင်သူများအနေဖြင့် လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် တင်သွင်းခွင့်ပြုရာတွင် တစ်ဦးတစ်ယောက်ချင်းတင်သွင်းမှုကိုလည်းကောင်း၊ တစ်ဦးတစ်ယောက်ချင်း တင်သွင်းရန် ယာဉ်တန်ဖိုး မပြည့်မီပါက စုပေါင်း၍ တင်သွင်းမှုကိုလည်းကောင်း ပါမစ်ခွင့်ပြုပေးမည် ဖြစ်ပါသည်။

၃။ လျှပ်စစ်သုံးမော်တော်ယာဉ်/ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ဝယ်ယူတင်သွင်းခွင့်ပြုသည့် အစီအစဉ်ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့မှစတင် ခွင့်ပြုသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် Email များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

(က) ဖုန်း - ၀၆၇-၃၄၀၈၄၃၃

(ခ) Email-dottraining2008@gmail.com

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# တိမ်မြုပ်နေသည့် ကြိမ်ပို့ကုန်

ကော့သောင်းကုန်သွယ်ရေးစခန်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ကုန်သွယ်မှုပမာဏ လျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၂၅၀ ဒေါ်လာသန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၀ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈၀ ဒေါ်လာသန်း ဖြစ်သည်။ ကော့သောင်းကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုပမာဏ လျာထားချက် ပြည့်မီကျော်လွန်စေရေးအတွက် One Stop Services ဌာနများ၊ မိတ်ဖက်ဌာနများ၊ ဆက်စပ်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များဖြင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။ ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် အသေးအဖွဲ့ဟူ၍မရှိ အရာရာကို အလေးအနက်ထား၍ လုပ်ငန်း တာဝန်များကို နေ့မနား၊ ညမအား ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကြိမ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခြောက်တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တင်ပို့မှု လုံးဝပျောက်ကွယ်ခဲ့ပြီး ကော့သောင်းကုန်သွယ်ရေးစခန်းမှ တင်ပို့နေတဲ့ ကြိမ်များသည် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကြိမ်နည်းတောင်၊ ကြိမ်နီတောင်၊ ကရသူရိက္ခန်းများမှ ထွက်ရှိပါတယ်။ ကြိမ်ကို ပျောက်ကွယ်နေရာမှ အောက်တိုဘာ ၈ ရက်တွင် ကော့သောင်းကုန်သွယ်ရေးစခန်းမှ တန်ချိန်အားဖြင့် ၅၉ တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၀၀၀ ဖိုးကို အမည်သစ်ပို့ကုန်အဖြစ် ပြန်လည်တင်ပို့နိုင်ခဲ့ပါတယ်။

ကြိမ်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်တွင် တင်ပို့မှုပျောက်ကွယ်ခဲ့ရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အောက်တိုဘာလတွင် တိမ်မြုပ်နေသည့်ကြိမ်ပို့ကုန်အား ပြန်လည်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ တစ်ဖက်ထိုင်းနိုင်ငံသို့ ကြိမ်တင်ပို့မှု အလားအလာကောင်းများရှိကြောင်း သိရသည်။

**ကော့သောင်းကုန်သွယ်ရေးစခန်း**

# လွယ်ဂျယ်ဒေသ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကြံများ ပိုမိုစိုက်ပျိုးပေး


ဗန်းမော်-လွယ်ဂျယ်ဒေသအတွင်း နေထိုင်ကြသည့် တောင်သူများသည် ကြံ၊ တစ်သျှုးငှက်ပျော၊ ပြောင်း၊ ရွှေဖရုံသီး စသည့် ရာသီပေါ်သီးနှံများအား စိုက်ပျိုး၍ တစ်ဖက် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြပြီး ကြံများကို အဓိကထား၍ စိုက်ပျိုးကြသည်။ မေလနှင့် ဇွန်လများတွင် ကြံများကို စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလ မှ ဧပြီလများတွင် ကြံများထွက်ရှိသဖြင့် တစ်ဖက်တရုတ်နိုင်ငံသို့ ဒေသသုံးအနေဖြင့် တင်ပို့ရောင်းချလျက်ရှိပြီး တယ်ဟုန်ပြည်နယ်၊ ကျန်းဖုန်းခရိုင် သကြားစက်များမှ သကြားထုတ်လုပ်ရန်အတွက် ဝယ်ယူခြင်းဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လွယ်ဂျယ် နယ်စပ်မှတစ်ဆင့် တစ်ဖက် တရုတ်နိုင်ငံသို့ ကြံတန်ချိန် ၈၀၀၈၀၊ တန်ဖိုး ၆ဒသမ ၄၀၉ သန်းအား တင်ပို့နိုင်ခဲ့သည်။

နိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၃ခုနှစ် ဇူလိုင် ၁၃ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁၅/ ၂၀၂၃)ဖြင့်ထုတ်ပြန်ချက်အရ ယခင်နှစ် ကြံတင်ပို့သည့် ကာလများကို အခြေခံ၍ ကြံတင်ပို့ရာသီကို နိုဝင်ဘာမှ ဇွန်အထိသတ်မှတ်ထားသဖြင့် ကြံပို့ကုန်ရငွေများအား ၅၀ ရာခိုင်နှုန်းငွေလဲနှုန်းဖြင့် ပေးသွင်းရန်ဖြစ်သည့်အတွက် ကြံတင်ပို့သည့် တောင်သူများအနေဖြင့် ကုန်ပစ္စည်းသယ်ဆောင်မှုအတွက် QR Code စနစ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ငွေပေးချေမှုအနေဖြင့် Bank to Bank စနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံရှိ Authorized Dealer Bank (AD Bank) များတွင် ယွမ်အကောင့်များ ဖွင့်လှစ်ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ခဲ့ပြီး တစ်ဖက်တရုတ်နိုင်ငံရှိ ကြံဝယ်ယူမည့် ကုမ္ပဏီများသို့လည်း မြန်မာနိုင်ငံဘက်ရှိ Authorized Dealer Bank (AD Bank)များတွင် ဖွင့်လှစ်ထားသည့် မိမိကုမ္ပဏီအကောင့်သို့သာ ငွေပေးချေဆောင်ရွက်ရန် တစ်ဖက်တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများနှင့်အညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန် ညှိနှိုင်းထားရမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာ့ဈေးကွက်တွင် သကြားဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ယခုနှစ် ကြံရာသီတွင် ကြံဈေးနှုန်းများလည်း မြင့်တက်လာမည်ဖြစ်၍ ကြံတင်ပို့သူများအနေဖြင့် ဈေးကွက် အလားအလာကောင်းများ ရရှိနိုင်မည်ဖြစ်ရာ ကြံစိုက်ပျိုးသူ တောင်သူများအနေဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးရန် လိုအပ်ပြီး စိုက်ပျိုးရာတွင်လည်း အထွက်နှုန်းပိုမိုရရှိနိုင်မည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်ပျိုးမှုနည်းစနစ်ကောင်းများရရှိရေး၊ လိုအပ်မည့် သွင်းအားစုများ၊ အပြည့်အဝရရှိရေးနှင့် ကြုံတွေ့နေရသည့် အခက်အခဲများအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ အတူတကွ ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

ကြံစိုက်ပျိုး တင်ပို့ရောင်းချသူ တောင်သူလုပ်ငန်းရှင်များအနေဖြင့် ကြံများအား တစ်ဖက်တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရောင်းချခြင်းထက် တစ်ဆင့်မြင့်ကုန်ချော (Value added) ပြုလုပ်၍ တင်ပို့ရောင်းချမည်ဆိုပါက အမြတ်ဝေစုပိုမိုရရှိနိုင်မည်ဖြစ်၍ တစ်ဆင့်မြင့် ကုန်ချောထုတ်လုပ်၍ တင်ပို့နိုင်ရန် နည်းလမ်းကောင်းများကိုလည်း ရှာဖွေလေ့လာ၍ တင်ပို့နိုင်ရန် အထူးလိုအပ်လျက်ရှိသည်။

**လွယ်ဂျယ်ကုန်သွယ်ရေးစခန်း**





နာရီဆိုလျှင်
CHERRY OO
WATCH GALLERY
Phone No. : 09 967 500 700
cherryoowatchgallery
cherryoowatchgallery




MPGG
Myanmar Power Generator Group Co., Ltd
YGN Office
Lot245, Kyaing Tong Street, 23rd Block, Industrial Zone (1), Dagon Myothit (South), Yangon, Myanmar.
Tel : 01-3590518, 3591126, 2348506, 09-430 35187, 09-443 1513 79
Tel/Fax : 01-3591127
H.P : 09-5013 784, 09-5016 765, 09-5041 699, 09-4550 41699, 09-7650 16765, 09-4292 35 755
E-mail : mpggroup907@gmail.com
Website : www.myanmarpowergenerator.com
MDY Office
Ah Kywad-876/878, No-594, Yangon-Mandalay Road, Dragon Tile, Pyi Gyi Tagon Tsp.Mandalay.
HP: 09 5006156, 09 427273536, 09 791177309

## SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251
website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com






Plot No.20/21, Thilawa Port Development Zone,
Kyauktan Township, Yangon, Myanmar.
Ph : +959 33162666

# Online Sales

## မှတ်ပုံတင်လျှောက်ထားရာတွင် ပိုမိုအဆင်ပြေမြန်ဆန်စေရန်အတွက် aqmif&ufcefvkyfief;pOfrsm;

Nang Nweni(နည်းပညာ)

Online Sales မှတ်ပုံတင်လျှောက်ထားမှုအတွက် အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို eComReg Systemတွင် ကွန်ပျူတာ၊ မိုဘိုင်းဖုန်းများအသုံးပြု၍ လျှောက်ထားနိုင်သည့်စနစ်ဖြစ်သည်။ စနစ်အသုံးပြုရမည့် URL rSm https://www.ecomreg.gov.mm၊ Online Payment များဖြင့်ငွေပေးသွင်းရမည်ဖြစ်ပြီး လက်ရှိတွင် AYA Pay (or) MPU(e-Commerce Pay) တို့ဖြင့် ပေးသွင်း ရမည်ဖြစ်သည်။

### trsdK;tpm;a&G;,favQmufxm;jcif;

မှတ်ပုံတင်အမျိုးအစား(၂)မျိုးဖြင့် လျှောက်ထားနိုင်ရာ အမျိုးအစား(၁) - ကုမ္ပဏီ(သို့)စီးပွားရေးဖွဲ့အစည်း၊ အမျိုးအစား(၂) - လူပုဂ္ဂိုလ်တစ်ဦးချင်းတို့ဖြင့်လျှောက်ထားနိုင်ပြီး မိမိတို့နှင့်ကိုက်ညီသည့် အခြေအနေပေါ် မူတည်၍ ရွေးချယ်လျှောက်ထားရပါမည်။

မည့်သည့်အမျိုးအစားဖြင့် လျှောက်ထားသည်ဖြစ်စေ မိမိတွင် ကိုယ်ပိုင်ထုတ်ကုန် (ကုန်ပစ္စည်း/ဝန်ဆောင်မှု)ဖြစ်ပါက “Are you a product owner” တွင် “Yes”ကို ရွေးချယ်၍ ကိုယ်ပိုင်ထုတ်ကုန်များကို Typing ရိုက်ဖြည့်သွင်းပေးရမည်။ ကိုယ်ပိုင်ထုတ်ကုန်မရှိပါက “No”ကိုသာ ရွေးချယ်ပေးရမည်။

### Bufvufrsm;&rnfhtaxmuftxm;rsm;

အမျိုးအစား(၁)ဖြစ်စေ၊ အမျိုးအစား(၂)ဖြစ်စေ မှတ်ပုံတင်လျှောက်ထားရာတွင် မဖြစ်မနေ ပူးတွဲတင်ပြရမည့် အထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လုပ်ငန်း၏ Logojpg File
(၂) လုပ်ငန်းလိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံချက် pdf File
(၃) လုပ်ငန်းပိုင်ရှင် ဓာတ်ပုံ(Passport) jpg File
(၄) နိုင်ငံသားဖြစ်ပါက လုပ်ငန်းပိုင်ရှင် မှတ်ပုံတင် ရှေ့/နောက်(ကာလာ) pdf File (သို့) နိုင်ငံခြားသားဖြစ်ပါက လုပ်ငန်းပိုင်ရှင် Passport 1st Page (ကာလာ) pdf File
(၅) လုပ်ငန်းပိုင်ရှင် နေထိုင်သော လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံချက် pdf File
(၆) လုပ်ငန်းပိုင်ရှင် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက် pdf File
(၇) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ(ကာလာ) (ဒါရိုက်တာListtyg) [အမျိုးအစား(၁)အတွက်သာ]

**မှတ်ချက်။** ။ ဓာတ်ပုံများ၊ ထောက်ခံချက်များ၊ Passport များ၊ Logo များသည် ထင်ရှားပြတ်သားပြီး အပြည့်အစုံပါဝင်ရမည်။

(၈) ကုမ္ပဏီLetter Headပါ ဒါရိုက်တာလက်မှတ်ထိုး၍ကုမ္ပဏီ၏လုပ်ငန်းဖြစ်ကြောင်း ထောက်ခံချက်[အမျိုးအစား (၁) အတွက်သာ

(လျှောက်ထားသည့်လုပ်ငန်းအမည်သည် ကုမ္ပဏီအမည်ဖြစ်ပြီး လျှောက်ထားသည့် Link တွင် ဖော်ပြသည့်အမည်များသည် အခြားအမည်များဖြစ်ပါက)(သို့မဟုတ်)(လျှောက်ထားသည့်လုပ်ငန်းအမည်သည် ကုမ္ပဏီအမည်မဟုတ်ခြင်း၊ Link များသည် ကုမ္ပဏီအမည်ဖြင့် Link များမဟုတ်ခြင်းဖြစ်ပါက)

အမျိုးအစား(၁) ရွေးချယ်လျှောက်ထားမှုတွင် SME အမှတ်နှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ် ထည့်သွင်းပါက အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည် -

(၁) SMEလုပ်ငန်းမှတ်ပုံတင်/SME Card pdf File
(၂) ပသကမှတ်ပုံတင်လက်မှတ် pdf File

### rSwfyHkwifav Qmufxm;&efaqmif&Guf&rnfh vkyfief;tqifhrsm;

Online Sales မှတ်ပုံတင်လျှောက်ထား/ရယူရန် ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အဆင့်(၁) -စနစ်တွင် Member Register လျှောက်ထားခြင်း
အဆင့်(၂) -အချက်အလက်များဖြင့်သွင်း လျှောက်ထားခြင်း
အဆင့်(၃) -Online Application Form ကြေးကျသင့်ငွေ ပေးသွင်းခြင်းနှင့် ဖြည့်သွင်းပြီး အချက်အလက်များ ပေးပို့ခြင်း
အဆင့်(၄) -Online Sales မှတ်ပုံတင် (Online Sales Certificate) ရယူခြင်း

အဆင့်(၁) - စနစ်တွင် Member Register လျှောက်ထားခြင်း

https://www.ecomreg.gov.mm တွင် Member Register ဦးစွာ ပြုလုပ်ပြီးမှသာ မှတ်ပုံတင်လျှောက်ထားမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လက်ရှိတွင် Member Register ကြေး ကျသင့်မှုမရှိဘဲ လျှောက်ထားနိုင်မည်ဖြစ်သည်။

Member လျှောက်ထားရာတွင် email phone Number များ၊ Password များ ဖြည့်လျှောက်ထားနိုင်ပြီး လျှောက်ထားသည့် email/phone number များသို့ OTP Code ပေးပို့ပြီး Confirm ပြုလုပ်ပြီးပါက Member Register ရရှိပြီဖြစ်သည်။ ၎င်း email/phone number၊ Password တို့ဖြင့် Login ဝင်ရောက်၍ မှတ်ပုံတင်ဖြည့်သွင်းလျှောက်ထားနိုင်ပြီဖြစ်သည်။

Member Register(၁)ခုလျှင်မှတ်ပုံတင်(၁)စောင်သာလျှောက်ထားနိုင်မည်ဖြစ်သည်။ အဆင့်(၂)- အချက်အလက်များဖြင့် သွင်းလျှောက်ထားခြင်း အမျိုးအစား(၁)ဖြစ်စေ၊ အမျိုးအစား(၂)ဖြစ်စေ မှတ်ပုံတင်လျှောက်ထားရာ၌ စနစ်တွင် ဖြည့်သွင်းရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပြီး *ပြထားသည့်အချက်များ မဖြစ်မနေဖြည့်သွင်းပေးရမည်ဖြစ်ပါသည်-

**Business Information(Step 1)**

(၁) *“Name of Business” - မှတ်ပုံတင်မည့်လုပ်ငန်းအမည် (English / Myanmar) တစ်ခုမဟုတ်တစ်ခု မဖြစ်မနေဖြည့်သွင်းရမည်။
(၂) *“Busniness Logo attachment” -တွင် လုပ်ငန်း၏ Logo တင်ပြရမည်။
(၃) *“Company Registration Number (or) အခြား အသင်းအဖွဲ့အမှတ်-တွင်Company မှတ်ပုံတင်အမှတ် ဖြည့်သွင်းပေးရမည်။ [အမျိုးအစား(၁)အတွက်သာ]
(၄) *“Companyမှတ်ပုံတင်လက်မှတ်Attacment တွဲပေးရန်” တွင် ဒါရိုက်တာစာရင်း ပါဝင်သော Company မှတ်ပုံတင်လက်မှတ် pdf တွဲပေးရမည်။[အမျိုးအစား(၁) အတွက်သာ]
(၅) “EIR-Exporter Importer Registration Number” တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ် ဖြည့်သွင်းပေးရမည်။
«အမျိုးအစား(၁)အတွက်သာရှိပါက ဖြည့်သွင်းရန် ဖြစ်သည်]
(၆) “EIR-Exporter Importer RegistrationAttachment တွဲပေးရန်”တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် pdf တွဲပေးရမည်။
[အမျိုးအစား(၁)အတွက်om, ပသကအမှတ်ဖြည့်သွင်းခဲ့ပါက]
(၇) “SME Registration Number” တွင် SME နှင့်ပတ်သက်သည့် Numberဖြည့်သွင်းပေးရမည်။ [ရှိပါကဖြည့်သွင်းရန်ဖြစ်သည်]
(၈) “SMEမှတ်ပုံတင်လက်မှတ်Attachment တွဲပေးရန်”တွင် SME နှင့်ပတ်သက်သည့် အထောက်အထားpdf တွဲပေးရမည်။ [ရှိပါက]
(၉) *“Type of Online Business”-တွင် ကုန်ပစ္စည်း(Goods)/ဝန်ဆောင်မှု (Services) ရွေးချယ်ရမည်။(တစ်ခုရွေးချယ်ရမည်)
(၁၀) *“Online Business Categories” - တွင် ကုန်ပစ္စည်းအုပ်စု(Goods)/ ဝန်ဆောင်မှုအုပ်စု(Services)များ ရွေးချယ်ရမည်။(တစ်ခုထက်ပိုရွေးချယ်နိုင်သည်)
(၁၁)“Are you a product Owner” ကိုယ်ပိုင်ထုတ်ကုန်ရှိပါက “Yes” ကို ရွေးချယ်၍ Product Detailတွင် ထုတ်ကုန်များကို Typing ရိုက်ပေးရမည်။ မရှိပါက“No” ရွေးချယ်ရမည်။
(၁၂)*“Type of eCommerce Model” တွင် မိမိလုပ်ငန်းသည် Business to Business ဖြစ်ပါက “B2B”, Business to Consumerဖြစ်ပါက “B2C”, ကိုယ်ပိုင်ထုတ်ကုန်ရှိပါက, Consumer to Consumer ဖြစ်ပါက “C2C-ကိုရွေးချယ်ရမည်။
(၁၃)*“Business Address” တွင်သတ်မှတ်ထားသည့် Format များအတိုင်း ဖြည့်သွင်းရမည်။
(၁၄)*“လိပ်စာမှန်ကန်ကြောင်းရပ်ကွက်ထောက်စာ Attachment” တွင် လုပ်ငန်းလိပ်စာ မှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံချက် တွဲတင်ပေးရမည်။
(၁၅)*“Contact Person” တွင်လုပ်ငန်းအတွက် ဆက်သွယ်ရန် ပုဂ္ဂိုလ်ထည့်ပေးရမည်။
(၁၆)*“Contact eMail” တွင်လုပ်ငန်းအတွက်ဆက်သွယ်ရန် eMailထည့်ပေးရမည်။
(၁၇)*“Contact Phone Number”တွင်လုပ်ငန်းအတွက် ဆက်သွယ်ရန် Phone Number ထည့်ပေးရမည်။
(၁၈)*“Number of Employee” တွင် လုပ်ငန်း၏ ဝန်ထမ်းအင်အားထည့်ပေးရမည်။ (အနည်းဆုံး ၁ ဦးထည့်ရမည်)
(၁၉)*“Payment Method” တွင် လုပ်ငန်းအတွက် အသုံးပြုသည့် Payment Method များ ရွေးချယ်ဖြည့်သွင်းပေးရမည်။
(၂၀)*“Use of Deliverly Method” တွင် လုပ်ငန်းအတွက် အသုံးပြုသည့် Delivery Method များ ရွေးချယ်ဖြည့်သွင်းပေးရမည်။
(၂၁)“Attachment အခြားသတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်များ”တွင် သီးခြားထပ်မံတင်ပြရမည့် Attachment များ တွဲတင်ပြပေးရန်ဖြစ်သည်။ (ဥပမာ - ကုမ္ပဏီLetter Head ပါ ဒါရိုက်တာ လက်မှတ်ထိုး၍ကုမ္ပဏီ၏လုပ်ငန်းဖြစ်ကြောင်း ထောက်ခံချက်)

**Owner Information(Step 2)**

(၁)“Business Owner Name” - လုပ်ငန်းပိုင်ရှင်အမည် (Myanmar/ English) တစ်ခုမဟုတ်တစ်ခု မဖြစ်မနေဖြည့်သွင်းရမည်။
(၂)“Citizen Type” တွင် နိုင်ငံသားဖြစ်ပါက “Citizen”, နိုင်ငံခြားသားဖြစ်ပါက “Foreigner” ကိုရွေးချယ်ရမည်။
(၃)“Passport Size Photo” - တွင် လုပ်ငန်းပိုင်ရှင်၏ Passport Color Photo attach တွဲတင်ပြရမည်။
(၄)“Business Owner NRC Number” - တွင် မှတ်ပုံတင် Format အတိုင်း ရွေးချယ်ဖြည့်သွင်းပေးရမည်။ (Citizen ရွေးချယ်ခဲ့ပါက)
(၅)“NRC Scan Attachment(Front Side)”တွင် လုပ်ငန်းပိုင်ရှင်၏မှတ်ပုံတင် Front side တင်ပြပေးရမည်။
(၆)“NRC Scan Attachment(Back Side)” တွင် လုပ်ငန်းပိုင်ရှင်၏ မှတ်ပုံတင် Front side တင်ပြပေးရမည်။
(၇)“Business Owner Address” တွင် လုပ်ငန်းပိုင်ရှင်၏ လိပ်စာရိုက်ထည့် တင်ပြပေးရမည်။
(၈)“လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံစာ Attachment”တွင် လုပ်ငန်းပိုင်ရှင် လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံချက် တွဲတင်ပေးရမည်။
(၉)“Business Owner Permanent Address” တွင် လုပ်ငန်းပိုင်ရှင်၏ အမြဲတမ်း နေရပ်လိပ်စာရိုက်ထည့် တင်ပြပေးရမည်။
(၁၀) “Contact eMail” တွင် လုပ်ငန်းပိုင်ရှင်နှင့်ဆက်သွယ်ရန် eMailထည့်ပေးရမည်။
(၁၁)“Contact Phone Number” တွင် လုပ်ငန်းပိုင်ရှင်နှင့် ဆက်သွယ်ရန် Phone Number ထည့်ပေးရမည်။
(၁၂)“Attachment” တွင် သီးခြားထပ်မံ တင်ပြရမည့် Attachmentများ တွဲတင်ပြပေးရန်ဖြစ်သည်။ (ဥပမာ - ရဲစခန်းထောက်ခံစာ) (attach တွဲပြီးပါကAdd to click နှိပ်ပါ)

**e-Commerce Platform(Step 3)**

အမျိုးအစား(၁)ဖြစ်စေ၊ အမျိုးအစား(၂)ဖြစ်စေ အွန်လိုင်းစနစ်အသုံးပြု၍ ကုန်စည်/ဝန်ဆောင်မှုရောင်းချမည့် Website, Social Media, Mobile App Link များ(Online စျေးဆိုင်များ)မှ အနည်းဆုံးတစ်ခု ဖြည့်သွင်းလျှောက်ထားရမည်ဖြစ်ပြီး အားလုံးလည်း ရွေးချယ်လျှောက်ထားနိုင်သည်-

(၁)“e-Commerce Platform”တွင် Website(www.yourdomain.com), Social Media(facebook, Twiter, etc), Mobile Application တို့အားလုံး ရွေးချယ်နိုင်ပြီး အနည်းဆုံးတစ်ခု ရွေးချယ်လျှောက်ထားရမည်။

*စာမျက်နှာ - ၁၇ သို့*

# ပြည်ပဝင်ငွေ ရရှိနေသော ဝါးအခြေခံလက်မှုပစ္စည်းများနှင့် ဈေးနှုန်းဈေးကွက်

### ဝါးပင်

ဝါးပင်သည် ဥရောပတိုက်မှအပ အရှေ့အာရှတိုက်နှင့် တောင်အာဖရိကတိုက်များတွင် ပေါများစွာ ပေါက်ရောက်လေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဝါးပင်သည် သဘာဝပေါက်ပင်အဖြစ် အလယ်ရိုးမ၊ ပဲခူးတိုင်း၊ အနောက်ရိုးမ၊ ရခိုင်ပြည်နယ်၊ ရှမ်းကုန်းပြင်မြင့်၊ အထက် ချင်းတွင်းခရိုင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ပေါများစွာ ပေါက်ရောက်သည်။

### ဝါးအမျိုးအစားများ

မြန်မာနိုင်ငံသည် ဝါးပေါက်ရောက်ရာ တိုင်းပြည်များအနက် တတိယအများဆုံးပေါက်ရောက်သည့် နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးစုံပေါက်ရောက်သည့်အတွက် ဝါးမျိုးနွယ်ပေါင်း ၂၅ မျိုးနှင့် ဝါးမျိုးစိတ်ပေါင်း ၁၀၂ မျိုးခန့်ရှိသည်။

### ဝါးကိုအသုံးပြုပုံ

ဝါးပေါက်ရောက်ရာဒေသရှိ လူအများသည် ဝါးကိုအမျိုးမျိုး အသုံးပြုကြသည်။ ဝါးကို အိမ်တိုင်များ၊ ခြမ်းပြီးအခင်းများ၊ အိမ်၏ အမိုးနှင့် အကာများလည်း ဝါးကိုရက်၍ အသုံးပြုလေ့ရှိကြသည်။ အချို့ဝါးကြီးများ၏ အဆစ်ပိုင်းများကို ချက်ပြုတ်ရန်အိုးအဖြစ် အသုံးပြုလေ့ရှိကြသည်။ လိုက်ကာများ၊ ကစားစရာများ၊ ကိရိယာတန်ဆာပလာများနှင့် အခြားလူအသုံးအဆောင်များ၊ ယပ်တောင်များ၊ လမ်းလျှောက်တုတ်၊ ငါးများတံ၊ လေးနှင့် မြားများ၊ တံတားများ၊ ရေတစ်လျှောက်များ၊ ငှက်လှောင်အိမ်၊ ဖျာ၊ ကုလားထိုင်၊ အိပ်ယာနှင့် ပုခက်များကို ပြုလုပ်အသုံးပြုကြသည်။ ဝါး၏ အတွင်းသားကို ထုပြီးလျှင် စက္ကူအမျိုးမျိုး ပြုလုပ်နိုင်ရန် ပျော့ဖတ်အဖြစ် အသုံးပြုကြသည်။

ဝါးနှင့်ပတ်သက်၍ ထွက်ရှိသည့်နိုင်ငံများမှလည်း အိန္ဒိယ နိုင်ငံကမူ ဝါးကို ဆင်းရဲသားများအတွက် သစ်ဟုလည်းကောင်း၊ တရုတ်နိုင်ငံမှ လူသားများအတွက် မိတ်ဆွေဟုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံကမူ မိတ်ဆွေဟုလည်းကောင်း၊ ထိုင်းနိုင်ငံမှ ပြုလွယ်ပြင်လွယ်ပြီး ခိုင်ခန့်မှုရှိသော အရာဟုလည်းကောင်း တင်စားခေါ်ဝေါ်ကြပြီး နှစ်စဉ် စက်တင်ဘာလ ၁၈ ရက်နေ့ကို ကမ္ဘာ့ဝါးပင်များနေ့အဖြစ်သတ်မှတ်ကြပြီး ဝါးဖြင့်ထုတ်လုပ်ထားသည့် လက်မှုပစ္စည်းများကို ထိုနေ့တွင် အခမ်းအနားဖြင့် ဖော်ပြရောင်းချလေ့ရှိသည်။

### ဈေးနှုန်းဈေးကွက်

ဈေးနှုန်းဈေးကွက်အနေဖြင့် ဝါးနာရီတစ်လုံးလျှင် ကျပ် ၁၅၀၀၀ မှ ၃၀၀၀၀၊ တစ်ရှူးဘောက်တစ်ခုလျှင် ကျပ် ၅၀၀၀ မှ ၁၅၀၀၀၊ မီးအိမ်အမျိုးမျိုးကို ကျပ် ၁၀၀၀၀ မှ ၃၀၀၀၀၊ ခတ်ပုံဘောင်တစ်ခုလျှင် ကျပ် ၃၀၀၀ မှ ၁၀၀၀၀၊ ဖုန်းတင်စင်တစ်ခုလျှင် ကျပ် ၅၀၀၀၊ လင်ဗန်းတစ်ခုလျှင် ကျပ် ၁၀၀၀၀ မှ ၃၀၀၀၀၊ ရေခွက်တစ်ခွက်လျှင် ကျပ် ၃၀၀၀ မှ ၅၀၀၀၊ ရေနွေးအိုးတစ်လုံးလျှင် ကျပ် ၁၅၀၀၀ မှ ၃၀၀၀၀၊ ဝါးခမောက်တစ်လုံးလျှင် ကျပ် ၂၀၀၀၊ ၅၀၀၀ မှ ၁၀၀၀၀ကျပ်၊ သစ်သီးခြင်းတစ်လုံးလျှင် ကျပ် ၅၀၀၀ မှ ၁၀၀၀၀ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အများအားဖြင့် ပုဂံ၊ အင်းလေး၊ ငါးသိုင်းချောင်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်မောင်းကွေးရွာ၊ ကျိုင်းတုံ၊ ယန်းကျိန် စသည့်မြို့များမှ အများဆုံးပြုလုပ်ကြကြောင်း သိရသည်။

ပြည်ပဈေးကွက်ရှိသည့် ကြိမ်၊ ဝါးလက်မှုထည်များ ပြုလုပ်နိုင်ရန် ကျေးရွာများအရောက် ကုန်ကြမ်းချပေးသည့်အတွက် ကျေးရွာနေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး ဝင်ငွေရရှိနေကြကြောင်း မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ အလုပ်လက်မဲ့ဖြစ်နေသော အမျိုးသမီးများနှင့် အိမ်ထောင်ရှင်မိခင်များ နေအိမ်၌ပင် ကြိမ်၊ ဝါး လက်မှုထည်များကို တစ်နိုင်တစ်ပိုင်ထုတ်လုပ်နိုင်သည့်အတွက် ဝင်ငွေရရှိနေ ကြကြောင်း သိရသည်။ ထို့အပြင် ကြိမ်၊ ဝါးလက်မှုထည်များကို ပြည်ပသို့တင်ပို့မှုမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ရရှိပြီး ကြိမ်၊ ဝါးလက်မှုထည်များကို အဓိကအားဖြင့် ဥရောပ၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က အများဆုံး မှာယူလျက်ရှိပြီး အမေရိကန်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သို့လည်း တင်ပို့ကြောင်း၊ ပြည်ပသို့တင်ပို့ရာတွင် ဈေးနှုန်းအနေဖြင့် လက်မှုထည်ပစ္စည်းတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅ ဒေါ်လာမှ ဒေါ်လာ ၁၀၀ ကျော်အထိ ရရှိကြောင်း သိရသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ Focal လုပ်၍ ၎င်းလုပ်ငန်းတာဝန်များထဲတွင် မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးရန်လိုသည့် အချက်လည်း ပါဝင်သည့်အတွက် လက်မှုအတတ်ပညာသာမက ပညာရပ်ဗဟုသုတအနေဖြင့်လည်း ဝါးအမျိုးမျိုးအကြောင်း၊ ဝါးသက်တမ်းအလိုက် အသုံးဝင်မှုများ၊ ဝါးတာရှည်ခံနည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးမှု မြင့်တက်စေရန် ကိုယ်တိုင်လေ့လာ၊ လေ့ကျင့်စေခြင်း၊ ကျွမ်းကျင်မှုနှင့် တီထွင်ဖန်တီးမှုပေါင်းစပ်ပြီး Fesign အမျိုးမျိုးဖန်တီးထုတ်လုပ်နိုင်ရန်လည်း လေ့ကျင့်စေခြင်းများကို ဒေသအလိုက် သင်တန်းပို့ချပေးလျက်ရှိသည်။ သင်တန်းသားများအနေဖြင့်လည်း မိမိတို့တာဝန်ကျရာ ဒေသအသီးသီးသို့ ပြန်ရောက်သည့်အချိန်တွင်လည်း နိုင်ငံအတွင်း ပေါများစွာပေါက်ရောက်နေသော ဝါးသယံဇာတများကို အသုံးပြု၍ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဝါးလက်မှုထည်နည်းပညာများကို ပြုလုပ်၍ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရေး ရည်ရွယ်၍ ဆောင်ရွက်ပေးနေကြောင်းလည်း သိရှိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် ယခုကဲ့သို့ နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးမှု၊ သက်ဆိုင်ရာဌာနများ၏ ပံ့ပိုးကူညီမှုများသည် ဒေသတွင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအတွက် ကောင်းမွန်သည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိသည်။ MSME နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်တို့သည် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်သည့်အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချပေးနိုင်မှု၊ ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုများလည်း ရှိနိုင်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**စန္ဒာစိုးလွင်**

■

### ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၁၀-၂၀၂၃) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၅၂၀၀ | ၁၄၀၀၀ | ↓ | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၆၀၀ | ၅၆၀၀ | - |
| ရန်ကုန် | ၁၄၀၀၀ | ၁၄၀၀၀ | - | ၁၂၅၀၀ | ၁၂၅၀၀ | - | ၅၆၀၀ | ၅၆၀၀ | - |
| မန္တလေး | ၁၅၀၀၀ | ၁၅၀၀၀ | - | ၁၃၅၀၀ | ၁၃၅၀၀ | - | ၄၈၅၀ | ၅၆၅၀ | ↑ |
| ပဲခူး | ၁၅၅၀၀ | ၁၆၀၀၀ | - | ၁၄၅၀၀ | ၁၅၀၀၀ | - | ၄၆၀၀ | ၄၈၀၀ | - |
| မကွေး | ၁၁၅၀၀ | ၁၄၅၀၀ | ↑ | ၁၁၅၀၀ | ၁၄၅၀၀ | ↑ | ၆၈၀၀ | ၆၈၀၀ | - |
| မုံရွာ | ၁၄၅၀၀ | ၁၃၅၀၀ | ↓ | ၁၃၀၀၀ | ၁၁၀၀၀ | ↓ | ၄၆၀၀ | ၇၄၀၀ | ↑ |

*စာမျက်နှာ - ၁၆၊ **Online Sales** မှတ်ပုံတင်လျှောက်ထားရာတွင် . . . မှအဆက်*

(၂)"Website URLs"တွင်"Website URLs" နှင့် ၎င်း Site LogoAttach တင်ပြရမည်ဖြစ်ပြီး ထည့်သွင်းပြီးပါက Add to Click နှိပ်ရမည်။

(Website URLsတစ်ခုထက်ပို၍ ထည့်သွင်းနိုင်သည်)

(၃)"Social Media URLs"တွင် "Social Media URLs" နှင့် ၎င်း Site Logo Attach တင်ပြရမည်ဖြစ်ပြီး ထည့်သွင်းပြီးပါက Add to Click နှိပ်ရမည်။

(Socaial Media URLs တစ်ခုထက်ပို၍ ထည့်သွင်းနိုင်သည်)

Influencer/Reseller တွင်ပစ္စည်းများ ကိုယ်ပိုင်ရောင်းချခြင်းမဟုတ်သော်လည်း ကြော်ငြာဆောင်ရွက်ပေးသူများဖြစ်ပါက Influencer ကို ရွေးချယ်လျှောက်ထားနိုင်ပြီး အော်ဒါကောက် ရောင်းချသူများဖြစ်ပါက Reseller ကို ရွေးချယ်လျှောက်ထားနိုင်သည်။

(၄)"MobileApplication"တွင် "Mobile Application URLs"နှင့် ၎င်း Site Logo Attach တင်ပြရမည်ဖြစ်ပြီး ထည့်သွင်းပြီးပါက Add to Click နှိပ်ရမည်။

(Mobile Application URLs တစ်ခုထက်ပို၍ ထည့်သွင်းနိုင်သည်)

အဆင့်(၃) - Online Application Form ကြေးကျသင့်ငွေ ပေးသွင်းခြင်းနှင့် ဖြည့်သွင်းပြီး အချက်အလက်များအား စနစ်မှတစ်ဆင့် ဌာနစစ်ဆေးသည့်အပိုင်းသို့ ပေးပို့ခြင်း

အချက်အလက်များဖြည့်သွင်းပြီးပါက စနစ်၏ Step (4) တွင်"Term and Condition" တွင် Check Mark On ပေး၍"Make Payment"ကို နှိပ်ပါက Online Application Form ကြေး ပေးသွင်းသည့်အပိုင်းသို့ရောက်ရှိသွားမည်။ အောက်ပါ Online Payment များဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး Payment ပေးသွင်းမှု အောင်မြင်ပါက ဌာနစစ်ဆေးသည့်အပိုင်းသို့ ရောက်ရှိနေမည်ဖြစ်သည်-

(၁) AYA Pay

(၂) MPU(e-Commerce Pay)

အဆင့်(၄)-Online Sales မှတ်ပုံတင်(Online Sales Certificate) ရယူခြင်းနှင့် အချက်အလက် မပြည့်စုံပါက အချက်အလက် ပြန်လည်ပေးပို့ခြင်း

ဌာနမှစစ်ဆေးပြီး၍ Approve ပေးပြီးသွားပါက လျှောက်ထားသူ၏ User Page ၏ Approved List တွင် မှတ်ပုံတင်ထုတ်ပေးမှု အချက်အလက်များ ရောက်ရှိနေမည်ဖြစ်သည်။ ၎င်း List ၏ Action တွင် Detail ကို နှိပ်ပါက Certificate Number ပါသည့် Online Sales မှတ်ပုံတင်လက်မှတ်ရရှိပြီဖြစ်ပါသည်။ Certificate Print ထုတ်ယူလိုပါက Print ကို နှိပ်၍ထုတ်ယူရမည်။

ဌာနမှ စစ်ဆေးရာတွင် လိုအပ်ချက်ရှိပါက "ပြင်ဆင်ရမည့် အချက်အလက် Message"အား ပြန်လည်ပေးပို့ရာတွင် User Page ၏ In Progress List တွင် ရောက်ရှိနေမည်ဖြစ်သည်။ ၎င်း List ၏ "Turn Down / Reject" နှိပ်ပါက Message ကို တွေ့မြင်ရမည်ဖြစ်ပြီး လိုအပ်သည့်အချက်အလက်များ ပြန်လည်ပြင်ဆင်၍ Step(၄) တွင် "ReSubmit-(လက်ရှိMake Payment) နှိပ်၍ ပြန်လည်ပေးပို့ရမည်။

eComReg System wGrSfykwifxm;onh
Online Sales rSfykwifxm;rlrsm; tm;
trsm;jynfolodrSpf&efazmfjyxm;rI

eComReg System တွင် www.ecomreg.gov.mmဖြင့် ဝင်ရောက်ပြီးပါက "Registed Business" Menu တွင် မှတ်ပုံတင်ကြေး ပေးသွင်းပြီးသည့် မှတ်ပုံတင်ပြီး Online Sales ဆိုင်များ၏ စာရင်းအား Valid / Invalid Status နှင့်တကွ ဖော်ပြထားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက စုံစမ်းမေးမြန်းဆက်သွယ်ရန်-

e-mail - dot.ecomreg@gmail.com

Phone - 067-408226 067-408485

**Nang Naseri ၊ နည်းပညာ**

# မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် နိုင်ငံခြားသားပိုင်စက်ရုံ ၈၀ ရာခိုင်နှုန်းကျော်အထိ ရှိနေ

မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် နိုင်ငံခြားသားပိုင်စက်ရုံ ၈၀ ရာခိုင်နှုန်းကျော်အထိ ရှိနေကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။ လက်ရှိမြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းတွင် တရုတ်အထည်ချုပ်စက်ရုံ ၅၀ ရာခိုင်နှုန်းကျော်၊ ကိုရီးယားစက်ရုံ ၁၀ ရာခိုင်နှုန်းကျော်ရှိပြီး နိုင်ငံခြားသားပိုင်စက်ရုံ ၈၀ ရာခိုင်နှုန်းကျော်အထိရှိကြောင်း သိရသည်။



နိုင်ငံခြားသားပိုင်စက်ရုံများ များပြားခြင်းကြောင့် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများ လျော့နည်းစေရန် စကားပြန်များကို ဘာသာစကား ပြောတတ်ရုံသာမကဘဲ စွမ်းဆောင်ရည်မြှင့်တင်ရေးများ ဆောင်ရွက်နေပြီး ထုတ်ပြန်ချက်၊ ကြေညာချက်များကို အချိန်နှင့်တစ်ပြေးညီ ပုဂ္ဂလိက လုပ်ငန်းရှင်များကို မျှဝေပေးရန်လည်း တောင်းဆိုထားကြောင်း သိရသည်။

ပြည်တွင်း၌ လက်ရှိတွင် CMP စက်ရုံနဲ့ CMP တစ်ဆင့်ခံ စက်ရုံပေါင်း ၇၈၈ ရုံရှိနေပြီး ရန်ကုန်နှင့်ပဲခူးတွင်ရှိသည့် အထည်ချုပ်စက်ရုံ ၅၃ ရုံကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့(NSSA) အသိအမှတ်ပြု ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းများကို အလုပ်သမားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ အထည်ချုပ်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၄၃၁၆ ဒသမ ၈၉သန်းကျော်ရရှိပြီး ယခင် ၂၀၂၂ ခုနှစ် ပို့ကုန်တန်ဖိုးထက် တိုးတက်လာကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံသည် ကုန်ကြမ်းပိုင်းတွင် သွင်းကုန်ကိုသာ အဓိကအားထားနေရပြီး မြန်မာနိုင်ငံ၏ အထည်တင်ပို့သူများတွင် စက်ရုံကြီးများက နိုင်ငံခြားသားပိုင် (သို့မဟုတ်) ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီများအတွက် ပူးတွဲသဘောတူညီချက်ဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်သည်။

အထည်ချုပ်စက်ရုံ အများစုသည် ပို့ကုန်အားထားသည့် စက်ရုံများဖြစ်ကြပြီး ညှပ်-ချုပ်-ထုတ် (CMP) စနစ်ဖြင့် လုပ်ကိုင်လျက်ရှိကြကာ အမှာစာများအတွက် ကုန်ကြမ်းများကို နိုင်ငံခြားကတင်သွင်း၍ ချုပ်လုပ်လျက်ရှိကြောင်းသိရသည်။



# မြန်မာ့ထောပတ်သီး တန်ချိန် ၁၀၀၀ ကျော်ကို ပြင်သစ်နှင့်အိန္ဒိယက မှာယူမှုရှိနေ

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထောပတ်သီး တန်ချိန်၁၀၀၀ကျော်ကို ပြင်သစ်နှင့်အိန္ဒိယနိုင်ငံတို့က ဝယ်ယူရန်အတွက် မှာယူမှုများရှိနေကြောင်း မြန်မာနိုင်ငံထောပတ်သီးတင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ပြင်သစ်နှင့်အိန္ဒိယနိုင်ငံတို့က အမှာစာများ ရရှိထားရာတွင် ပြင်သစ်နိုင်ငံက ထောပတ်သီး တန်ချိန် ၈ တန်နှင့် အိန္ဒိယနိုင်ငံက တန်ချိန် ၁၀၀၀ ကို မှာယူထားခြင်းဖြစ်သည်။

ပြည်တွင်း၌ လက်ရှိတွင် ထောပတ်သီးများ စတင်ထွက်ပေါ်နေပြီဖြစ်သော်လည်း ပြည်ပသို့တင်ပို့နိုင်မည့် အရည်အသွေးကောင်းသည့် ထောပတ်သီးများမှာ နိုဝင်ဘာလဆန်းပိုင်းမှသာ လှိုင်လှိုင်ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ထောပတ်သီးတင်ပို့ရာတွင် ကမ္ဘာ့ပေါက်ဈေးနှင့်အညီ ထောပတ်သီးတစ်တန်လျှင်ကျပ်၃၅သိန်းဖြင့်ရောင်းချရန် အဆိုပြုထားပြီး ပြည်တွင်းဈေးကွက်တွင် ရန်ကုန်လက်လီဈေးမှာ တစ်ကီလိုလျှင် ကျပ် ၇၀၀၀ (UAE 8000) အထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ပုံမှန်အားဖြင့် မြန်မာပြည်အနေနှင့် ထောပတ်သီးကို ပြည်ပဈေးကွက် တင်ပို့ရာတွင် မှာယူမှုများပြီး နိုင်ငံချင်းနီးစပ်သည့် ထိုင်းနိုင်ငံဈေးကွက်ကို အဓိကထားတင်ပို့နေခြင်းဖြစ်ကာ လက်ရှိတွင် ကြိုတင်အမှာစာပေးပို့ကာ ဝယ်ယူမှုရှိနေသည့် ပြင်သစ်နှင့် အိန္ဒိယနိုင်ငံများသို့ ဦးစားပေးတင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

ထောပတ်သီးကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် မြောက်ပိုင်း) စသည့် ဒေသများတွင် တွင်ကျယ်စွာ စိုက်ပျိုးမှုရှိနေကာ ပြည်ပဈေးကွက်အတွက် တိုးချဲ့စိုက်ပျိုးမှုတွေလည်းရှိနေကြောင်း သိရသည်။

တစ်ဧကလျှင် Export Quality ထောပတ်သီးတန်ချိန် ၅၀၀၀ မှ ၁၀၀၀၀ ကြားထွက်ရှိပြီး ယခုနှစ်တွင် မိုးရွာသွန်းမှု များပြားခဲ့သည့်အတွက် ပြီးခဲ့သည့်ရာသီထက် အထွက်နှုန်း ပိုများနေပြီး ဈေးကောင်းရရှိကြောင်းလည်း သိရသည်။

ပန်းဆု-စုစည်းသည်

# ဥများပြန်လည်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် ဥစက်ရုံများ စတင်လည်ပတ်နေပြီဟုဆို

ပြီးခဲ့သည့် စက်တင်ဘာလမှစတင်ကာ ပြည်တွင်း၌ ဝဥများ စတင်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် ဝဥစက်ရုံများ ပြန်လည် လည်ပတ်လျက်ရှိကြောင်း သိရသည်။



စက်တင်ဘာလဆန်းပိုင်း ဝဥ စတင်ထွက်ပေါ်ချိန်တွင် ဝဥအစို တစ်ပိဿာလျှင် စက်ရုံအရောက်ဈေးနှုန်းမှာ ၁၀၂၅ ကျပ်ခန့်ရှိပြီး ယခင်နှစ် ဝဥစတင်ထွက်ပေါ်ချိန်က ၆၀၀-၈၀၀ ကျပ်သာရရှိခဲ့သည့်အတွက် ယခုနှစ်တွင် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဝဥအစိုများကို စက်ရုံများတွင် စက်ဖြင့် ရေဆေး၊ အခွံခွာ၊ ပါးပါးလှီး၍ အခြောက်ခံကာ ထုတ်လုပ်ခြင်းဖြစ်ပြီး ဝဥအစို ၆ ဒသမ ၇ ပိဿာလျှင် ဝဥအခြောက် တစ်ပိဿာရရှိပြီး ဝဥအခြောက်အပြားများကို ထုပ်ပိုးပြီး နိုင်ငံခြားသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ယခင်က မန္တလေး၊ ချင်းရွှေဟော် ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တရုတ်သို့ တင်ပို့ခဲ့သော်လည်း ယခုအခါ ရန်ကုန်မှတစ်ဆင့် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းဆိပ်ကမ်းသို့ တင်ပို့ကြောင်း ဝဥစက်ရုံလုပ်ငန်းရှင်များထံမှ သိရသည်။

ပြည်တွင်း၌ ဝဥရာသီ ကုန်ဆုံးချိန်ဖြစ်သော ဇန်နဝါရီလမှ ဩဂုတ်လအထိ ဝဥစက်ရုံများ ရပ်နားထားပြီး လက်ရှိတွင် ဝဥများပြန်လည်ထွက်ပေါ်နေပြီဖြစ်သည့်အတွက် စက်ရုံများ ပြန်လည် လည်ပတ်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဝဥသီးနှံကို ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးထားပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အဓိက စိုက်ပျိုးထားခြင်းဖြစ်ကာ ဒေသခံတောင်သူများအနေနှင့် ဝဥကို ကုန်ကြမ်းအဖြစ် တူးဖော်ရောင်းချကြသည့်အပြင် အချို့သော လုပ်ငန်းရှင်များက တန်ဖိုးမြှင့်ထုတ်လုပ်ပြီး ရောင်းချကြကြောင်း သိရသည်။

# မြန်မာနိုင်ငံက ပြုပြင်ထုတ်လုပ်သည့် အေးခဲအသားများကို နိုင်ငံတကာဈေးကွက်သို့ တရားဝင်တင်ပို့ရန် စီစဉ်နေ

မြန်မာနိုင်ငံက ပြုပြင်ထုတ်လုပ်သည့် အေးခဲအမဲသား၊ အေးခဲဆိတ်သား၊ အေးခဲဘဲသား စသည့် အေးခဲအသားများကို တရုတ်အပါအဝင် ပြည်ပဈေးကွက်များဆီသို့ တရားဝင်တင်ပို့ရန် စီစဉ်နေကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

နိုင်ငံတွင်း အေးခဲအသားထုတ်လုပ်ရန် လိုအပ်သည့် အရည်အသွေး၊ လိုက်နာရမည့် ကျင့်စဉ်များအတွက် အမိန့်ညွှန်ကြားချက်များကိုလည်း မကြာမီရက်ပိုင်းအတွင်း ထုတ်ပြန်သွားရန်ရှိကြောင်း ယင်းဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက အောက်တိုဘာ ၁၈ ရက်တွင် ပြောသည်။

"အခုထိ အေးခဲသား တရားဝင်တင်ပို့တာက မရှိသေးပါဘူး။ ဒါပေမဲ့ တရားဝင်တင်ပို့မှုတွေ ဆောင်ရွက်ဖို့ သက်ဆိုင်ရာပို့မယ့် နိုင်ငံရဲ့ လိုအပ်ချက်တွေ၊ ကျန်းမာရေးစစ်ဆေးချက်တွေ ပြည့်ဝအောင်လုပ်ပေးဖို့ လိုပါတယ်။ အဲဒါကို တရုတ်နိုင်ငံနဲ့ စတင်ဆောင်ရွက်မယ်။ နောက်ဆိုလည်း ကိုယ့်ဆီက အေးခဲအသားယူမယ့် နိုင်ငံတွေသူတို့ရဲ့ ကျန်းမာရေးစစ်ဆေးမှု လိုအပ်ချက်တွေ လိုက်နာပြီးဆောင်ရွက်မှာပါ"ဟု ၎င်းကပြောသည်။ အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ လက်ရှိတွင် ရင်းနှီးမြှုပ်နှံသူများနှင့် အဆင့်မီ သားသတ်ရုံများ တည်ဆောက်ရန် ဆွေးနွေးနေသည့်အပြင် နေပြည်တော်၊ ပဲခူး၊ မိတ္ထီလာတို့ တွင်လည်း တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဇုန်များ တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံအနေနှင့် လက်ရှိတွင် ကျွဲ၊ နွားအရှင်များကို G to G စနစ်ဖြင့် တရုတ်နိုင်ငံသို့သာ တင်ပို့နေခြင်းဖြစ်ပြီး ယင်းစနစ်အပြင် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ (GACC) ခွင့်ပြုချက်နှင့်ပါ ကျွဲနွားအရှင် အေးခဲအသားများကိုတင်ပို့ရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

အခြားသော နိုင်ငံများကိုတော့ တင်ပို့မည့်နိုင်ငံက လိုအပ်သည့် တိရစ္ဆာန်ပိုင်းဆိုင်ရာ ပရိုတိုကောများကို ညှိနှိုင်းပြီး B to B စနစ်ဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

# “သီတင်းကျွတ်၊ တန်ဆောင်မုန်းက ပွင့်လင်းရာသီလည်း ဖြစ်တဲ့အတွက် အိမ်ခြံမြေ အရောင်းအဝယ်က ပိုပြီးတော့ ကောင်းလာမှာပါ”

## မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ပဲခူးတိုင်းဒေသကြီး အတွင်းရေးမှူး ဦးမြင့်ကျော်နှင့် ဆက်သွယ်မေးမြန်းခြင်း


**စီးပွားရေးအချက်အချာကျသလို ရင်းနှီးမြှုပ်နှံလိုသူများ စိတ်ဝင်စားရာ နေရာထဲတွင် ပဲခူးမြို့သည် တစ်ခုအပါအဝင်ဖြစ်သည်။ လတ်တလောတွင် ရွှေ၊ ဒေါ်လာဈေးကွက် ကမောက်ကမ ဖြစ်ပေါ်နေချိန် ရင်းနှီးမြှုပ်နှံလိုသူ၊ရွှေ့ပြောင်းနေထိုင်လိုသူများသည် စီးပွားရေးအချက်အချာကျမည့် မြို့နယ်များဆီသို့ ခြေဦးလှည့်လျက်ရှိသည်။ သို့ဖြစ်ရာ အဆိုပါ ပဲခူးမြို့ရှိ အိမ်၊ ခြံ၊ မြေကွက်ဈေး အခြေအနေ မည်သို့ရှိနေပါသလဲဆိုခြင်းအား မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရေးမှူး ဦးမြင့်ကျော်နှင့် ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**ပဲခူးရဲ့ အိမ်ခြံမြေဈေးကွက်အခြေအနေလေး ပြောပြပေးပါဦး။**

ဈေးကွက်အခြေအနေက ပြောမယ်ဆိုရင် အခွန်ကိစ္စ ကြေညာတော့ လူတွေက တစ်မျိုးလေးဖြစ်သွားပြီးတော့ အရောင်းအဝယ်နည်းနည်းလေး တုံ့ဆိုင်းသွားတာရှိတယ်။တုံ့ဆိုင်းသွားပေမယ့်လည်း အခုလက်ရှိအချိန်မှာက ရေကြီးတာတွေ ဘာတွေနဲ့ဆိုတော့ နည်းနည်းလေးအရောင်းအဝယ် အေးသွားတယ်။ အခွန်မှာတော့ ရောင်းခွန်ရယ်၊ ဝယ်ခွန်ရယ်ကတော့ ရှိနေပြီးသားပေါ့။ ခြံမြေတစ်ကွက်ကို ရင်းနှီးမြှုပ်နှံမယ်ဆိုလို့ရှိရင်တော့ သေချာပေါက် အခွန်ဆောင်ရမယ်ဆိုတာကို နားလည်ရမှာပါ။အခွန်ကိုလည်း ကြောက်နေလို့လည်းမရဘူး။ အခွန်ပေးခြင်းအားဖြင့်လည်း နိုင်ငံတော်အတွက်လည်းကောင်းမယ်။ ဒီအခွန်ကလည်း ပြည်သူတွေရဲ့ လိုအပ်ချက်ကို ပြန်သုံးတာပဲဆိုတာကို နားလည်ရမယ်။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာလည်း အခွန်ကို ကြောက်နေလို့မရဘူး။ ပေးဆောင်ရမယ်။ အရောင်းခွန်ရော အဝယ်ခွန်ကိုရော သေချာစနစ်တကျနဲ့ ပေးဆောင်ရမယ်။ အဲတော့ ဒီအခွန်တွေသည်လည်း အခုကဖြစ်တဲ့အခွန်မဟုတ်ပါဘူး။ နဂိုကတည်းက ရှိနေတဲ့အခွန်ဖြစ်ပါတယ်။ အခွန်နဲ့ပတ်သက်ပြီးတော့ အရောင်းအဝယ်တုံ့ဆိုင်းပေမယ့်လည်း ပြန်ပြီးတော့ကောင်းလာမှာပါ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းက ပွင့်လင်းရာသီလည်း ဖြစ်တဲ့အတွက် အိမ်ခြံမြေ အရောင်းအဝယ်က ပိုပြီးတော့ ကောင်းလာမှာပါ။ ရင်းနှီးမြှုပ်နှံမှုလည်း လာကြမယ်လို့ထင်ပါတယ်။

**ဈေးနှုန်းအခြေအနေလည်း သိပါရစေ။**

အဓိက ပဲခူးတိုင်းဒေသကြီးထဲမှာတော့ အရင်အခြေအနေနဲ့စာရင် လက်ရှိအခြေအနေမှာက ၃၀ ရာခိုင်နှုန်းလောက်တော့ တက်သွားတာပေါ့။ မြို့တွင်းပိုင်း၊ မြို့ပြင်ပိုင်းတွေမှာ ဈေးတက်တယ်။ စက်မှုလုပ်ငန်းတွေ အထိုက်အလျောက်တက်သွားပါတယ်။ ပဲခူးမှာတော့ စက်ရုံဆောက်ချင်တဲ့သူ၊ လုပ်ငန်းလုပ်ချင်တဲ့သူတွေအတွက်ကတော့ အင်မတန်ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်နဲ့ယှဉ်လို့ရှိရင် ပဲခူးရဲ့ စက်မှုဇုန်စရိတ်က အင်မတန်နည်းပါတယ်။ ဒီမှာ တက်သွားတယ်ဆိုလို့ရှိရင်လည်း သိန်း ၁၅၀၀ နဲ့ သိန်း ၂၀၀၀ ကြား ဝယ်လို့ရမယ်။ လမ်းပေါ်ဆိုလို့ရှိရင်တော့ ကျပ်သိန်း ၂၅၀၀ နဲ့ သိန်း ၃၀၀၀ ကြားလောက်ပါပဲ။ ရာခိုင်နှုန်းအားဖြင့် စက်မှုဇုန်ဘက်က ၂၀ ရာခိုင်နှုန်း၊ အိမ်ခြံမြေဘက်ကတော့



၃၀ ရာခိုင်နှုန်းလောက် တက်သွားတာတွေ့ရပါတယ်။ အခုလက်ရှိကတော့ အိမ်ရာစီမံကိန်းလုပ်မယ့်ဟာတွေ သုံးလေးခုတော့ ဝင်နေတယ်။

**အမြတ်ခွန်ဆောင်ရမယ့် ကိစ္စက အိမ်ခြံမြေဈေးကွက်အပေါ် သက်ရောက်မှုရှိပါသလား။**

အခွန်နှုန်းထားကတော့ နဂိုအတိုင်းပဲ ရှိနေပါတယ်။ ဒါပေမယ့်လို့လည်း လူတွေက အမြတ်ခွန်ပါ ဆောင်ရမယ်ဆိုတော့ တစ်မျိုးဖြစ်သွားတာပေါ့လေ။ အရင်တုန်းကတော့ အမြတ်ခွန်ကတော့ ရောင်းခွန်ဆောင်ပြီးတဲ့အချိန်မှာ အမြတ်ခွန်ကို ရောင်းတဲ့သူက ဒါကို ကြေညာလိုက်တဲ့အခါမှပဲ ဆောင်ချင်လည်းရတယ်။ မဆောင်ချင်လည်းရတယ်။ အခုကတော့ အမြတ်ခွန်ကို သေချာပေါက် ရှင်းတမ်းထုတ်ပြီးတော့မှပဲ ဝယ်သူရဲ့ အမည်ပေါက်ကို ဖောက်လို့ရမယ်ဆိုတာကို ကြေညာလိုက်တဲ့အတွက် အမြတ်ခွန်ကတော့ သေချာပေါက်ဆောင်ရမယ်။ ဒီအမြတ်ခွန်ဆိုတာကလည်း တစ်ချိန်ချိန်မှာ ပြန်ပြီးတော့ ငွေဖြူပြလို့ရတဲ့ အခြေအနေပါလို့

**အဓိက ပဲခူးတိုင်းဒေသကြီးထဲမှာတော့ အရင်အခြေအနေနဲ့စာရင် လက်ရှိအခြေအနေမှာက ၃၀ ရာခိုင်နှုန်းလောက်တော့ တက်သွားတာပေါ့။ မြို့တွင်းပိုင်း၊ မြို့ပြင်ပိုင်းတွေမှာ ဈေးတက်တယ်။ စက်မှုလုပ်ငန်းတွေ အထိုက်အလျောက်တက်သွားပါတယ်။ ပဲခူးမှာတော့ စက်ရုံဆောက်ချင်တဲ့သူ၊ လုပ်ငန်းလုပ်ချင်တဲ့သူတွေအတွက်ကတော့ အင်မတန်ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရန်ကုန်နဲ့ယှဉ်လို့ရှိရင် ပဲခူးရဲ့စက်မှုဇုန်စရိတ်က အင်မတန်နည်းပါတယ်။ ဒီမှာ တက်သွားတယ်ဆိုလို့ရှိရင်လည်း သိန်း ၁၅၀၀ နဲ့ သိန်း ၂၀၀၀ ကြား ဝယ်လို့ရမယ်။**

**တိုပွ**

ပြည်သူတွကို ပြောချင်ပါတယ်။ ဒီဟာတွေကို ကြောက်စရာမလိုဘူး။ ဥပမာ အမြတ်ခွန် သိန်းတစ်ထောင်ဆောင်တယ်ဆို သိန်းတစ်ထောင်နဲ့တန်တဲ့ ပစ္စည်းတစ်ခုကို ပြန်ပြီးတော့ ဝယ်လို့ရတယ်။ ငွေဖြူပြလို့ရတယ်။ နောက်တစ်ကြိမ် ထပ်ပြီး ပြန်ဆောင်စရာမလိုတော့ဘူး။ သိန်းတစ်ထောင် နဲ့ခြံအရောင်းအဝယ်လုပ်လိုက်ပြီး သိန်းတစ်ထောင် အမြတ်ခွန်ဆောင်တယ်ဆိုလို့ရှိရင် ကားဝယ်တယ်ဆိုရင် ဒီကားအတွက် ထပ်ပြီး ဆောင်စရာမလိုတော့ဘူး။ ဒီလိုမျိုး ငွေဖြူပြလို့ရတဲ့အတွက် အခွန်ကို ကြောက်စရာမလိုပါဘူး။ ပြောရမယ်ဆိုရင် ရင်းနှီးမြှုပ်နှံတဲ့အပိုင်းမှာလည်း အေးအေးလူလူနဲ့ နိုင်တဲ့ဘက်ကနေပြီးတော့ သိန်းတစ်ရာနိုင်တယ်၊ သိန်းနှစ်ရာနိုင်တယ်။ အဲဒါလေးတွေနဲ့ ရင်းနှီးမြှုပ်နှံတယ်။ ပြောချင်တာကတော့ တကယ်တမ်းလုပ်ငန်းလုပ်မယ့်သူတွေကတော့ သေချာပေါက် ပဲခူးတိုင်းဒေသကြီးကို ရွေးချယ်ကြတယ်။ဘာဖြစ်လို့လဲဆိုတော့ အလုပ်လုပ်ကိုင်မယ့် အလုပ်သမားတွေပေါတယ်။ စက်မှုဇုန်ဆိုလည်း မီးဆိုလည်း အဆင်သင့်ရအောင် စီစဉ်ပေးနေတာဖြစ်တဲ့အတွက် စိတ်ရှုပ်စရာမရှိတဲ့အတွက် စက်မှုဇုန်သမားတွေလည်း များများစားစား ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ပဲခူးမှာ ရင်းနှီးမြှုပ်နှံမယ်ဆို ဘယ်လိုအားသာချက်တွေ ရှိနိုင်ပါသလဲ။**

ပဲခူးတိုင်းဒေသကြီးရဲ့ အားသာချက်ကတော့ အလုပ်သမားတွေ ပေါပေါများများရှိသလို လျှပ်စစ်မီးအတွက် စိုးရိမ်စရာ မရှိဘူး။ တစ်ပတ်နှစ်ပတ်အတွင်းကို လျှောက်ထားတာနဲ့ ချက်ချင်းရအောင် စီစဉ်ပေးနေတယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့လည်း လိုအပ်တဲ့ MIC ကို တင်ရမယ်ဆိုရင်လည်း ချက်ချင်း One Stop Service နဲ့ စီစဉ်ပေးနေပါတယ်။

**ဖြည့်စွက်ပြောချင်တာရှိပါသလား။**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဗဟို)ကတော့ ပဲခူးမှာ ရေဘေးကြောင့် ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို လှူဒါန်းနေတာရှိပါတယ်။ အခြေခံစားသောက်ကုန်တွေ၊ လူသုံးကုန်ပစ္စည်းတွေဖြစ်တဲ့ ဖျာ၊ ခေါင်းအုံး၊ ခြင်ထောင်၊ စောင်၊ ဆန်၊ ဆီ၊ ဖယောင်းတိုင်ပါမယ်။ ကြက်သွန်၊ မုန့်ခြောက်နဲ့ အဝတ်အထည်တွေကို လှူဒါန်းပေးလျက်ရှိပါတယ်။ ဒါကတော့ အသင်းရဲ့လုပ်ဆောင်ချက်တွေပါ။ ဈေးကွက်အနေနဲ့က ပဲခူးဈေးကွက်မှာကတော့ အကျိုးဆောင်တွေက သူ့ဟာနဲ့သူ လုပ်နေကြတာပေါ့။ တကယ်တမ်းတော့ ဈေးကွက်မှာ ထိထိမိမိနဲ့ စက်ရုံ၊ အလုပ်ရုံဆိုရင်လည်း ရင်းနှီးမြှုပ်နှံမှုလာလုပ်တဲ့သူတွေ ချောချောမွေ့မွေ့နဲ့ ပြေပြေလည်လည်လေးနဲ့ လုပ်နိုင်အောင် တိုင်းဒေသကြီး အစိုးရအဖွဲ့လည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေတယ်လို့ ပြောချင်ပါတယ်။ တိုင်းအစိုးရအဖွဲ့လည်း MIC တင်ဖို့ ထောက်ခံချက်ပေးဖို့နဲ့ အခြားကိစ္စတွေဆိုလည်း ဆောင်ရွက်ပေးပါတယ်။ နောက်ထပ်ပြီးတော့ လျှပ်စစ်မီးကိစ္စအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လိုအပ်တဲ့ လျှပ်စစ်မီးပမာဏကိုလည်း ချက်ချင်းဆိုသလို ဆောင်ရွက်ပေးနေတယ်လို့ ပြောချင်ပါတယ်။

# o&Şm;oibñft pm;taomufjzñfhpGufypönf (Food Additives) rsm;*Rbwañ;

အစားအသောက် ဖြည့်စွက်ပစ္စည်းများဟုဆိုလျှင် ကျွန်ုပ်တို့ ပတ်ဝန်းကျင်နှင့် ပတ်သက်မှုရှိမည်ဟု ထင်မိသူနည်းပါလိမ့်မည်။ သို့သော် ကျွန်ုပ်တို့အိမ်ရှိ မီးဖိုချောင်မှာပင် အစားအသောက် ဖြည့်စွက်ပစ္စည်းများကို နေ့စဉ်အသုံးပြုနေကြသည်ကို သတိမပြုမိကြပေ။ လူသားတို့သည် မီးကိုအသုံးပြု၍ ချက်ပြုတ်စားသောက်ခြင်းသည် အစိမ်းလိုက် စားသောက်ခြင်းထက်ပို၍ အရသာရှိသည်ကို စတင်သိရှိခဲ့သည့်အချိန်မှစ၍ အစားအစာများကို ချက်ပြုတ်စားသောက်လာကြသည်မဟုတ်ပါလော။ ထိုမှတစ်ဆင့် မိမိတို့ကြိုက်နှစ်သက်သည့် အစားအစာများကို ကြာရှည်ခံအောင် ထားသိုသိမ်းဆည်းလိုသည့်အလျောက် ဆားကိုအသုံးပြု၍ ဆားနယ်ခြင်း၊ အချဉ်တည်ခြင်း၊ ကျပ်ခိုးတိုက်ခြင်း စသည့်နည်းလမ်းများဖြင့် တာရှည်ခံအောင် ပြုလုပ်လာကြသည်။ ယနေ့ခေတ်တွင်လည်း ကျွန်ုပ်တို့ နေ့စဉ် အစားအစာများချက်ပြုတ်ရာတွင် မပါမ ဖြစ်ထည့်သွင်းချက် ပြုတ်လေ့ရှိသည့် ဆား၊ ဟင်းချိုမှုန့်၊ အရောင်တင်မှုန့်၊ အရသာမှုန့်နှင့် သကြားတို့သည့် အိမ်ရှင်မများ အသုံးများဆုံးသော မီးဖိုချောင်သုံး အစားအသောက် ဖြည့်စွက်ပစ္စည်းများ ဖြစ်ကြပေသည်။ အစားအစာဖြည့်စွက်ပစ္စည်းများအား မည်သည့်အတွက် အသုံးပြုကြသည်ကို စာဖတ်သူတို့ သိရှိပြီးသည့်အတိုင်း အရောင်းအဆင်းလှပစေရန်၊ အရသာကောင်းမွန်စေရန်၊ တာရှည်ခံစေရန်၊ ဘက်တီးရီးယား၊ မှိုပေါက်ပွားမှုမဖြစ်စေရန်၊ အစားအစာများ နူးညံ့စေရန်၊ မာကျောစေရန်၊ ပွစေရန်၊ အာဟာရတန်ဖိုးတိုးစေရန်နှင့် အသီးများ မှည့်စေရန် စသည်တို့အတွက် ထည့်သွင်းအသုံးပြုရခြင်း ဖြစ်ပေသည်။

၁၉ ရာစုလောက်မှစ၍ ထွန်းကားလာသော အစားအသောက်ဖြည့်စွက်ပစ္စည်းများ ထည့်သွင်းထုတ်လုပ်လာသည့် နည်းပညာများသည် ၂၀ ရာစုအလယ်ခန့်တွင် တွင်တွင်ကျယ်ကျယ် ထွန်းကားလာခဲ့သည်ဟု ဆိုရပေမည်။ အစားအသောက် ဖြည့်စွက်ပစ္စည်းများကို သုံးစွဲလာရသည့် အဓိကအကြောင်းအရင်းကို လေ့လာကြည့်ပါက စားသုံးသူများအနေဖြင့် အရောင်အဆင်းလှပပြီး အနံ့ အရသာ ကောင်းမွန်သည့် အစားအစာများကိုသာ စားသုံးလိုခြင်း၊ ထုတ်လုပ်ရောင်းချသူများမှလည်း စားသုံးသူလိုအပ်ချက်များ ဖြည့်ဆည်းရန်၊ တာရှည်ခံရန်နှင့် မိမိကုန်ပစ္စည်းများ ဈေးကွက်ထိုးဖောက်နိုင်စေရန်အတွက် FoodAdditives များကို အသုံးပြုလာကြောင်း တွေ့ရှိရသည်။ ယနေ့ခေတ်တွင် အစားအစာဖြည့်စွက်ပစ္စည်းအမျိုးပေါင်း ၃၀၀၀ ကျော်ခန့် ဈေးကွက်အတွင်းရောက်ရှိနေပြီး ဆားနှင့်သကြားသည် အသုံးအများဆုံး သာ အစားအသောက် ဖြည့်စွက်ပစ္စည်းဖြစ်ကြောင်း လေ့လာမှတ်သားရသည်။

အစားအသောက် ဖြည့်စွက်ပစ္စည်းများကို အုပ်စုခွဲခြားလေ့လာကြည့်ပါက သဘာဝဖြည့်စွက်ပစ္စည်း၊ သဘာဝတူ ဖြည့်စွက်ပစ္စည်းနှင့် လူတို့ဖန်တီးထားသော ဖြည့်စွက်ပစ္စည်းဟူ၍ အုပ်စုကြီးသုံးခုရှိသည်။ လူတို့ဖန်တီးထားသော ဖြည့်စွက်ပစ္စည်းများကြောင့် စားသုံးသူကို ဘေးဥပဒ်ဖြစ်စေနိုင်သည့်အတွက် ၎င်းတို့အား မှန်မှန်ကန်ကန်နှင့် တိတိကျကျ သုံးစွဲတတ်ရန် လွန်စွာရေးကြီးသည်။ အသုံးပြုနိုင်သည့် အဆင့်အနေဖြင့် ထပ်မံခွဲခြားကြည့်ပါက ဆေးဝါးပစ္စည်းများတွင် အသုံးပြုသောအဆင့်၊ အစားအစာများတွင် အသုံးပြုသောအဆင့်၊ တိရစ္ဆာန်အစားအစာများတွင် အသုံးပြုသောအဆင့်နှင့် စက်မှုလုပ်ငန်းသုံးအဆင့်ဆိုပြီး သန့်စင်မှုနှင့် အရည်အသွေးပေါ် မူတည်၍ အဆင့်လေးဆင့် ခွဲခြားထားပါသေးသည်။ အသုံးများသော အစားအသောက် ဖြည့်စွက်ပစ္စည်းများမှာ Aluminium silicate, Amimo acid compound, ammonium carbonates, sodium nitrate, propyl gallate, BHT, BHA, TBHQ, Monosodium glutamate, white sugar, potassium bromate, potassium sorbate, sodium benzoate, colours (erythrosine(red),cantaxanthin(orange), amaranth(azoic red) tartrazone( azoic yellow) စသည်တို့ဖြစ်ကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အစားအသောက် ဖြည့်စွက်ပစ္စည်းများကို ရွေးချယ်၍တိုက်ရိုက်ထည့်သွင်း၍သော် လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ထည့်သွင်းအသုံးပြုလေ့ရှိသည်။

## အိအိထွေး

တန်ဆေး လွန်ဘေးဆိုသည့်အတိုင်း အစားအသောက် ဖြည့်စွက် ပစ္စည်းများကို အလွန်အကြူးသုံးစွဲပါက စားသုံးသူအား အစာခြေလမ်းကြောင်းဆိုင်ရာ ချို့ယွင်းမှုများဖြစ်သည့် ဝမ်းလျှောခြင်း၊ အာရုံကြောဆိုင်ရာရောဂါများ၊ အိပ်မပျော်ခြင်းများ၊ စိတ်တိုလွယ်ခြင်းများ၊ ပန်းနာရင်ကျပ်ရောဂါ၊ အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း စသည့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဥပဒေများ၊ နည်းဥပဒေများ၊ သုံးစွဲပုံ စံချိန်စံညွှန်းများ (CODEX)ချမှတ်ခဲ့သည်။ အစားအသောက် ဖြည့်စွက်ပစ္စည်းပါဝင်မှုကို သာမန်မျက်စိဖြင့် ခွဲခြားနိုင်ခြင်းမရှိသည့်အတွက် ပြင်ပဓာတ်ခွဲခန်းများသို့ ပေးပို့၍ HPLC, GC, GCMS စသည့် ခေတ်မီဓာတ်ခွဲစမ်းသပ် စက်ကိရိယာများဖြင့်သာ စမ်းသပ်စစ်ဆေးနိုင်သည်။ ထို့ကြောင့် အစားအသောက်ဖြည့်စွက်ပစ္စည်းများကို မိမိတို့ထုတ်ကုန်များတွင် ထည့်သွင်းအသုံးပြုမည်ဆိုပါက သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးပြီး တိတိကျကျ မှန်မှန်ကန်ကန် သုံးစွဲရန်အထူးလိုအပ်လှပေသည်။ သို့မှသာ စားသုံးသူများအတွက် ဘေးဥပဒ်ကင်းသော အစားအစာများကို ထုတ်လုပ်နိုင်မှာဖြစ်ပေသည်။

လက်ရှိကာလတွင် အစားအသောက်ဖြည့်စွက်ပစ္စည်းများအဖြစ် ထည့်သွင်းအသုံးပြုလေ့ရှိသည့် အရောင်၊ အနံ့၊ အရသာ၊ ဓေးပျစ်ပစ္စည်း၊ ပျော်ဝင်ပစ္စည်း၊ တာရှည်ခံပစ္စည်းတို့ကို မှတ်ရလွယ်ကူစေရန် E Code No.များဖြင့် တွဲ၍မှတ်သားကြရာ အရောင်လှပစေရန် ထည့်သည့် (Food Color) ဖြည့်စွက်ပစ္စည်းများကို E 100s ဖြင့်လည်းကောင်း၊ တာရှည်ခံဆေး (Preservative and Acid) E 200s ဖြင့်လည်းကောင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidents)ကို E 300s ဖြင့်လည်းကောင်း၊ Emulsifiers,Stabilisers and thickners ကို E 400s ဖြင့်လည်းကောင်း၊ anti-caking agents ကို E 400s ဖြင့်လည်းကောင်း၊ Flavour ကို E 600s၊ Sweeteners, glazing agents, foaming agents and gases ကို (E 900s) ဖြင့်လည်းကောင်း၊ အခြားသော ဖြည့်စွက်ပစ္စည်းများကို E 1000s စသည်ဖြင့် သတ်မှတ်ထားကြောင်း လေ့လာသိရှိရသည်။

အချို့သောထုတ်ကုန်များ၏ ပါဝင်ပစ္စည်း (Ingredients) တွင် ထည့်သွင်းအသုံးပြုထားသည့် အစားအသောက်ဖြည့်စွက်ပစ္စည်းအမျိုးအစားကို အပြည့်အစုံဖော်ပြခြင်းမရှိဘဲ E No. များသာ ဖော်ပြထားသည့်အတွက် မိမိဝယ်ယူသောပစ္စည်းတွင် မည်သည့် ဖြည့်စွက်ပစ္စည်းများ ထည့်သွင်းအသုံးပြုထားသည်ကို ယေဘုယျအားဖြင့် သိရှိနိုင်မည်ဖြစ်သလို မိမိထုတ်ကုန်အတွက် ထည့်သွင်းအသုံးပြုရမည့် ဖြည့်စွက်ပစ္စည်းများ၏ အာနိသင်မှန်ကန်မှု ရှိ မရှိနှင့် အကျိုးအပြစ်များကို သိရှိစေရန် Google Search Box တွင် E No.များရိုက်နှိပ်၍ အလွယ်တကူရှာဖွေဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ လေ့လာသိရှိထားသည်များကို မျှဝေပေးလိုက်ခြင်းဖြစ်ပါသည်။

**ကိုးကား- Use of Food additives ဆွေးနွေးပွဲ**
**https:dermnetnz.org/topics/food-additives-and-e-number**

## ပြည်ပဆန်ဈေးနှုန်းများ

18-10-2023 rS 24-10-2023 txd

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 550 - 555 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 535 - 545 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 570 - 580 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 560 - 570 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 555 - 560 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 545 - 550 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 570 - 580 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 560 - 570 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 555 - 560 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 540 - 550 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 570 - 580 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 560 - 570 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 555 - 560 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 540 - 550 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 610 - 620 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 600 - 610 | |
| 24 | A-1 , 2 (Sortexed) | 450 - 460 | |
| 25 | B-1 , 2 (Sortexed) | 440 - 450 | |
| 26 | B-1,2 (Non-Sortexed) | 425 - 435 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ၅-၁၀-၂၀၂၃ မှ ၁၈-၁၀-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 836 | 10 | - | - | 1 | 847 |
| | Form AANZ | 14 | - | - | - | - | 14 |
| | Form AHK | 3 | - | - | - | - | 3 |
| | Form AI | 358 | 7 | - | - | - | 365 |
| | Form AJ | 27 | - | - | - | - | 27 |
| | Form AK | 287 | 7 | - | - | - | 291 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 31 | 2 | - | - | - | 33 |
| | Form E | 403 | 8 | - | - | - | 441 |
| | Form Korea | 38 | 2 | - | - | - | 40 |
| | E Form D | 373 | - | - | - | - | 373 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 2370 | 33 | - | - | 1 | 2404 |

ကွမ်းသီးသည် လယ်ယာထွက်ကုန်အုပ်စုဝင်သီးနှံတစ်ခုဖြစ်သည်။ ကွမ်းသီးကို အာရှတိုက်ရှိ နိုင်ငံများ၊ အထူးသဖြင့် အရှေ့တောင်အာရှနိုင်ငံများတွင် ရိုးရာအစဉ်အလာတစ်ခုအနေဖြင့် ရိုးရာပွဲတော်များတွင် စားစရာသီးနှံတစ်ခုအနေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ယဉ်ကျေးမှုနှင့်ဘာသာရေးအလိုက် အသုံးပြုသည့်ပုံစံများ အနည်းငယ်စီ ကွဲပြားကာ ကွမ်းသီးကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိကြသည်။ သို့သော်လည်း ယခုခေတ်မီဖွံ့ဖြိုးသောနည်းပညာတိုးတက်သည့်ခေတ်တွင် ကွမ်းသီး၏ အသုံးဝင်ပုံမှာ များပြားလှသဖြင့် မိရိုးဖလာ အသုံးပြုမှုများကနေ စီးပွားရေးသီးနှံတစ်ခုအဖြစ် လူအများ၏စိတ်ဝင်စားမှုကို ရရှိလာနေသည်။ နိုင်ငံတကာ ကုန်သွယ်မှုတွင်လည်း ကွမ်းသီးသည် အရေးပါသည့်သီးနှံတစ်ခုဖြစ်လာသည်။

ကွမ်းသီးပင်သည် အပူပိုင်းဒေသတွင် ကြီးထွားသောအပင်ဖြစ်သဖြင့် အာရှနိုင်ငံအများစု ဖြစ်သည့် အိန္ဒိယ၊အင်ဒိုနီးရှား၊ တရုတ်၊ မလေးရှား၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံ၊ ဘူလ်တန်၊ သီရိလင်္ကာ၊ နီပေါနှင့် အာဖရိကတိုက်တွင် ကင်ညာ၊ မော်လ်ဒိုက် စသည့် နိုင်ငံတို့တွင် စိုက်ပျိုးဖြစ်ထွန်းသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ကွမ်းသီးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံတစ်ခုဖြစ်ပြီး ကမ္ဘာ့ဈေးကွက်သို့လည်း ဈေးကွက်ဝေစု၏တစ်ဝက်ခန့်ကို ဖြန့်ဝေလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာနှင့် သီရိလင်္ကာ စသည့်နိုင်ငံများသည်လည်း ကွမ်းသီး၏ကမ္ဘာ့ဈေးကွက်ဝေစုကို အများဆုံး ရယူထားသည့်နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိကြသည်။

နိုင်ငံတကာတွင် ကွမ်းသီးကုန်သွယ်မှုကို လေ့လာမည်ဆိုပါက ၁၉၆၅ ခုနှစ်နောက်ပိုင်းမှစ၍ ကွမ်းသီးကုန်သွယ်မှုများရှိလာပြီး ကွမ်းသီးစိုက်ပျိုးသည့်နိုင်ငံများတွင်လည်း စိုက်ပျိုးဧရိယာများ တိုးချဲ့စိုက်ပျိုးလာကြသည်။ ကွမ်းသီးစိုက်ပျိုးမှုနှင့်ပတ်သက်၍ လေ့လာထားသည့် စာတမ်းတစ်ခုတွင် သုတေသနပြုထားသည်မှာ ကမ္ဘာတွင် ကွမ်းသီးစိုက်ပျိုးမှုသည် ၁၉၆၁ ခုနှစ်မှစ၍ ၂၀၂၀ ခုနှစ်အထိ နှစ်စဉ်ပျမ်းမျှ စိုက်ပျိုးမှုနှုန်းမှာ (၃ ဒသမ ၆၆ ရာခိုင်နှုန်း)စီ တိုးတက်နေသည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့ကုန်သွယ်မှုတွင် ကွမ်းသီးကို အဓိကတင်ပို့နေသည့် ထိပ်တန်း ငါးနိုင်ငံမှာ အင်ဒိုနီးရှား၊ မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် မလေးရှားတို့ဖြစ်ပြီး အဓိက တင်သွင်းနေသည့် ထိပ်တန်း ငါးနိုင်ငံမှာ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အီရန်နှင့် တရုတ်တို့ဖြစ်ကြပြီး အာရှနိုင်ငံများမဟုတ်သည့် အာရပ်စော်ဘွားများပြည်ထောင်စု၊ မော်လ်ဒိုက်နှင့် အမေရိကန်ပြည်ထောင်စုတို့မှလည်း ကွမ်းသီးတင်သွင်းမှုများကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသည်။ ဤသို့ ကွမ်းသီးို အပ်သည့် ဈေးကွက် များပြားလာခြင်းကြောင့် ထိုင်းနိုင်ငံတွင် အချိန်တိုတိုအတွင်း အသီးသီးနိုင်ပြီး ရောဂါ/အပြစ်အနာကင်းစင်သော ကွမ်းသီးများ ထုတ်လုပ်နိုင်ရေး သုတေသန ပြုနေကြောင်းနှင့် အင်ဒိုနီးရှားတောင်ပိုင်းဒေသများတွင်လည်း ကွမ်းပင်စိုက်ပျိုးသော ဧရိယာများကို ယခင်နှစ်များထက် (၂၀ရာခိုင်နှုန်း) တိုးမြှင့်ကာ စိုက်ပျိုးလျက်ရှိသည်။

ထိုင်းနိုင်ငံတွင် နိုင်ငံခြားတိုင်းပြည်များမှ ကွမ်းသီးလိုအပ်မှုဈေးကွက်များ များပြားလာခြင်းကြောင့် ထိုင်းနိုင်ငံသည် ကွမ်းပင်တိုးချဲ့စိုက်ပျိုးမှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာပြီး "Mak" သီးနှံဟူသောအမည်ဖြင့် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ထိုင်းနိုင်ငံထွက် ကွမ်းသီးရောင်းအားမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိနေသည်။



# ကွမ်းသီး အသုံးဝင်ပုံနှင့် ကမ္ဘာ့ ကုန် သွယ် မှု တွင် ကွမ်းသီးအရေးပါလာပုံ

Mar Tin Phyoe(နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးဌာနခွဲ)

ဤသို့ ကွမ်းသီး ကုန်သွယ်မှုဈေးကွက် များပြားလာခြင်း အကြောင်းရင်းများမှာ ကွမ်းသီးမှ အခြေခံကုန်ကြမ်းကို အသုံးပြုပြီး မိတ်ကပ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆေးဆိုးခြင်းလုပ်ငန်းတို့တွင် အဓိကအသုံးပြုခြင်းကြောင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် ကွမ်းသီးကို ချောကလက်မုန့်လုပ်ငန်းတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဆာရီများတွင် အရောင်ကာလာဆိုးခြင်းနှင့် ဆေးဝါးထုတ်လုပ်ခြင်းများတွင်လည်းကောင်း အသုံးပြုကြပြီး အမေရိကန်နိုင်ငံတွင် သစ်သားထုတ်လုပ် ခြင်းလုပ်ငန်း၊ သတ္တုဆေးမှုတ်ခြင်းလုပ်ငန်းများတွင် အသုံးပြုကြကြောင်း သိရသည်။ ထို့အပြင် ကွမ်းသီးကို အမှုန့်အဖြစ် ကြိတ်ပြီး တခြားသော ဓာတုပစ္စည်းများပေါင်းစပ်ကာ ( ရေမွှေးသုံး) ရနံ့အဆီအဖြစ်လည်း ထုတ်လုပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်ကွမ်းသီးအဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံမှ ကွမ်းသီးများကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေသည်။ အိန္ဒိယနိုင်ငံသည် ကွမ်းသီးလိုအပ်မှုများစွာကြီးမားသည်ကတစ်ကြောင်း၊ ပြည်ပမှ ကွမ်းသီးတင်သွင်းမှုကို မြင့်မားသော အခွန်ကောက်ခံမှုနှုန်းဖြင့် တားမြစ်ထားသည်ကတစ်ကြောင်း၊ မြန်မာနှင့်အိန္ဒိယနိုင်ငံကြားတွင် ကွမ်းသီး တရားမဝင်ကုန်သွယ်မှုများမှာလည်း များပြားလာဖွယ်ရှိနေသည်။

မြန်မာနိုင်ငံမှ ကွမ်းသီးများကို အဓိကအားဖြင့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို တင်ပို့လျက်ရှိနေသည်။ ကမ္ဘာ့ကုန်သွယ်မှု ကိန်းဂဏန်းများအရ ကွမ်းသီးတင်ပို့နေသည့် ထိပ်တန်း ငါးနိုင်ငံတွင် မြန်မာနိုင်ငံပါဝင်သည်။ ၂၀၂၁ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံသည် ကွမ်းသီးတင်ပို့မှုနှင့်ပတ်သက်၍ ကမ္ဘာ့ပို့ကုန်ဈေးကွက်တွင် ဒုတိယနေရာတွင်ရှိနေသည်။ အိန္ဒိယနိုင်ငံသည် ၎င်းကိုယ်တိုင် ကွမ်းသီးများကို တင်ပို့/တင်သွင်းခြင်းများ ပြုလုပ်သည့်နိုင်ငံဖြစ်ပြီး ကွမ်းသီးတင်သွင်းမှုနှင့်ပတ်သက်၍ အခွန်ကောက်ခံမှု မူဝါဒနှစ်မျိုး ချမှတ်ထားသည်။ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများမှ ကွမ်းသီးတင်သွင်းပါက အခွန်သက်သာခွင့်အစီအစဉ် (Duty Free Tariff Scheme)ကို ခံစားနိုင်ပြီး ယင်းအစီအစဉ်အောက်မှ တင်သွင်းပါက အခွန်(၄၀ရာခိုင်နှုန်း) ကောက်ခံမည်ဖြစ်သည်။ ယင်းအစီအစဉ်နှင့် အကျုံးမဝင်သော တင်သွင်းမှုများကို အခွန်(၁၀၀ရာခိုင်နှုန်း)အထိ ကောက်ခံပါသည်။

တရုတ်နိုင်ငံသို့ ကွမ်းသီးတင်သွင်းပါက ကွမ်းသီးတင်သွင်းမှုနှင့်ပတ်သက်၍ အခွန်ကောက်ခံမှု မူဝါဒသုံးမျိုး ချမှတ်ထားပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ကွမ်းသီးတင်သွင်းပါက အခွန်ကင်းလွတ်ခွင့်(သုည ရာခိုင်နှုန်း)၊အာဆီယံ-တရုတ်လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်အစီအစဉ်အောက်မှ တင်သွင်းပါက အခွန်ကင်းလွတ်ခွင့်(သုည ရာခိုင်နှုန်း)နှင့် ယင်းအစီအစဉ်များတွင် အကျုံးမဝင်သော တင်သွင်းမှုများကို အခွန်(၁၀ရာခိုင်နှုန်း)ထိ ကောက်ခံသည်။

ထိုင်းနိုင်ငံသို့ ကွမ်းသီး တင်သွင်းမှုနှင့်ပတ်သက်၍ အခွန်ကောက်ခံမှု မူဝါဒ လေးမျိုး ချမှတ်ထားသည်။ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများမှ ကွမ်းသီးတင်သွင်းပါက အခွန်ကင်းလွတ်ခွင့်(သုည ရာခိုင်နှုန်း)၊ အာဆီယံနိုင်ငံအချင်းချင်း အစီအစဉ်အောက်မှ တင်သွင်းပါက အခွန်ကင်းလွတ်ခွင့် (သုည ရာခိုင်နှုန်း)၊ အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် အစီအစဉ်အောက်မှတင်သွင်းပါက အခွန်ကင်းလွတ်ခွင့်(သုည ရာခိုင်နှုန်း)နှင့် ယင်းအစီအစဉ်များတွင် အကျုံးမဝင်သော တင်သွင်းမှုများကို အခွန် (၄၀ ရာခိုင်နှုန်း) (သို့မဟုတ်) ၁ ကီလိုဂရမ်လျှင် ၃၃ ဒသမ ၅၀ ဘတ်အထိ ကောက်ခံသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကွမ်းသီး တင်သွင်းမှုနှင့်ပတ်သက်၍ အခွန်ကောက်ခံမှုမူဝါဒမှာတစ်မျိုးတည်းသာဖြစ်ပြီး ကွမ်းသီးတင်သွင်းသူသည် အခွန် (၂၅ရာခိုင်နှုန်း) ကျသင့်မည်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ ကွမ်းသီး တင်သွင်းပါက ကွမ်းသီးတင်သွင်းမှုနှင့်ပတ်သက်၍ အခွန်ကောက်ခံမှုမူဝါဒမှာ တစ်မျိုးတည်းသာဖြစ်ပြီး ကွမ်းသီးတင်သွင်းသူသည် အခွန်(၅ရာခိုင်နှုန်း) ကျသင့်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများမှ ကွမ်းသီးတင်သွင်းသူများသည် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသအောက်ရှိ အစီအစဉ်များမှ ကွမ်းသီးကို အခွန်ကင်းလွတ်ခွင့် (သုည ရာခိုင်နှုန်း)ဖြင့် တင်သွင်းနိုင်သောကြောင့် မြန်မာနိုင်ငံမှ ကွမ်းသီးတင်ပို့သူများအနေဖြင့် ပိုမို တင်ပို့နိုင်မည့် အခွင့်အလမ်းကောင်းများအဖြစ် ရရှိနိုင်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center)၊ | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ



# ယနေ့ကာလအခြေအနေနှင့် အတိတ်က ဂန္ဓီ၏ စီးပွားရေးအမြင်

စောနိုင်(အသုံးချဘောဂဗေဒ)

## နိဒါန်း

အိန္ဒိယနိုင်ငံကို ဗြိတိသျှတို့လက်အောက်မှ လွတ်မြောက်စေရန်လည်းကောင်း၊ အိန္ဒိယဆင်းရဲနွမ်းပါးသူများ၏ အခွင့်အရေးအတွက်လည်းကောင်း တိုက်ပွဲဝင်ခဲ့သည့် လိမ္မာပါးနပ်သော နိုင်ငံရေးသမား၊ အိန္ဒိယနိုင်ငံအတွက် ကြီးမြတ်သော ခေါင်းဆောင်တစ်ဦးဖြစ်သည့် မဟတ္တမဂန္ဒီ ကွယ်လွန်ခဲ့သည်မှာ ၇၅ နှစ်ပင်ရှိခဲ့ပြီ။ ဂန္ဒီ၏အယူအဆ၊ အမြော်အမြင်များသည် အိန္ဒိယနိုင်ငံသားများသာမက ကမ္ဘာ့လူသားများကလည်း အဖိုးတန်အတွေးအခေါ်များအဖြစ် ယနေ့တိုင် လက်ခံနေကြဆဲဖြစ်သည်။ ယခုအိန္ဒိယနိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေကို အကဲဖြတ်ရင်း ဂန္ဒီ၏စီးပွားရေးအတွေးအမြင်များ၊ အယူအဆများသည် ယနေ့အချိန်အထိ အသုံးတည့်နေဆဲဖြစ်သည်ကို သုတေသီတို့က စဉ်းစားမိလာသည်။

ဂန္ဒီ အသက်ရှင်နေစဉ်ကာလများက လက်ခံကျင့်သုံးခဲ့သည့် သူ၏ အတွေးအခေါ်များနှင့် သဘောတရားများသည် ယနေ့ခေတ် လူမှုဘဝများ၊ ခေတ်ပြိုင်စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အဖိုးတန်သည့် လမ်းညွှန်မှုများသဖွယ်အလုပ်ဖြစ်နိုင်သည်။ တာဝန်ရှိသူများကို ထိုးထွင်းသိမြင်မှုများ ဆက်လက်ပံ့ပိုးပေးလျက်ရှိသည်။ ဂန္ဒီ၏နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်သည့်အယူအဆအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

## မိမိကိုယ်ကို အားကိုးခြင်း

ဂန္ဒီ၏မိမိကိုယ်မိမိ အားကိုးအားထားပြုခြင်း အယူအဆသည် နိုင်ငံ့စီးပွားရေး၊ ဒေသစီးပွားရေးရှုထောင့်မှကြည့်လျှင် ပြည်တွင်းထုတ်ကုန်နှင့်ဝန်ဆောင်မှုများ၊ဒေသအလိုက်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုထုတ်လုပ်မှုများမြှင့်တင်ပေးသည့်အတွေးမျိုးဖြစ်သည်။ မသေချာမရေရာမှုများသော ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးထဲတွင် ပြည်တွင်း၊ မိမိတို့နေထိုင်ရာမြို့ရွာဒေသတွင်း စီးပွားရေးအခြေအနေအားကောင်းလာစေရန် လုပ်ဆောင်ရန် လိုအပ်သည်။ မိမိတို့နိုင်ငံတွင်း သို့မဟုတ် ဒေသတွင်းဖူလုံရေးကို ဦးစားပေးလုပ်ဆောင်မှုများသည် နိုင်ငံခြားကုန်ပစ္စည်းများအပေါ် မှီခိုအားထားနေမှုကို လျှော့ချနိုင်ပြီး ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရာရောက်သည်။ ထိုအယူအဆကို နှစ်သက်သော အိန္ဒိယအစိုးရသည်လည်း မိတ်အင်အိန္ဒိယ (Make in India) ကမ်ပိန်းကို အကောင်အထည်ဖော်လုပ်ဆောင်ခဲ့သည်။

## ရေရှည်တည်တံ့မှု

ဂန္ဒီသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပေါင်းစပ်လုပ်ကိုင်သည့် ရေရှည် တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးထားခဲ့သူဖြစ်သည်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများနှင့် အရင်းအမြစ်များ ရှားပါးမှုကဲ့သို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၏ဖိအားပေးခြင်းကို ခံနေရသည့် ယနေ့ကမ္ဘာကြီးတွင် လွန်ခဲ့သောနှစ်များစွာက ဂန္ဒီ၏အလေးထား အာရုံစိုက်မှုသည် မူဝါဒချမှတ်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဖိုးတန်သော လမ်းညွှန်မှုများကို ပေးသကဲ့သို့ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊နိုင်ငံသားများတစ်ကိုယ်ရေသန့်ရှင်းမှုနှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ် မိုဒီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂ရက်နေ့တွင် Swachh Bharat Mission အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ထိုနေ့ရက်သည် ဂန္ဒီ၏မွေးနေ့ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာအကြမ်းမဖက်ရေးနေ့ (International Day of Non-Violence)အဖြစ် သတ်မှတ်ထားသည့်နေ့လည်းဖြစ်သည်။ အစီအစဉ်၏ ရည်ရွယ်ချက်မှာ ဘေးပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ လွတ်လွတ်လပ်လပ် မစွန့်စင်ခြင်းအလေ့အကျင့်ကို ဖျောက်ပစ်ရန်၊ စနစ်တကျ အညစ်အကြေးစွန့်သည့်ကျေးရွာများ ဖန်တီးရန်နှင့်အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတိုးတက်စေရန်ဖြစ်သည်။ထို့ပြင် အစီအစဉ်၌ အညစ်အကြေးစွန့်ပြီးနောက် လက်ဖြင့် သန့်စင်ခြင်းအလေ့အကျင့် ပပျောက်ရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှု အလေ့အထများကို သတိပြုမိစေရေးနှင့် အမူအကျင့် ပြောင်းလဲရေးတို့ မြှင့်တင်လုပ်ဆောင်ရန်လည်း ပါဝင်သည်။

## ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း

ဂန္ဒီသည် ဗဟိုချုပ်ကိုင်မှုအောက်တွင် ဒေသဖွံ့ဖြိုးရေးကိုဖြစ်စေသည့် သယံဇာတအရင်းအမြစ်များကို ဗဟိုချုပ်ကိုင်မှု လျှော့ချပေးခြင်းနှင့်စီးပွားရေးစွမ်းဆောင်မှုအားကို ယုံကြည်သက်ဝင်သူလည်းဖြစ်သည်။ ဒေသခံလူထုအား စိတ်ဓာတ်ခွန်အားဖြစ်စေရန်၊ ဝင်ငွေမညီမျှမှုကို လျှော့ချနိုင်ရန်နှင့် အားလုံးပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန်ဟူသော ပန်းတိုင်ကို ဦးတည်နေသည့် ဂန္ဒီ၏အတွေးအမြင်များသည် ယနေ့ခေတ်စီးပွားရေးစနစ်များတွင် အသုံးပြုနိုင်ပေသည်။

## အကြမ်းမဖက်မှုနှင့် ကျင့်ဝတ်ရှိသော စီးပွားရေး

ဂန္ဒီ၏အကြမ်းမဖက်အတွေးအခေါ်သည် စီးပွားရေးလုပ်ဆောင်မှုများနှင့်လည်း ဆက်စပ်လျက်ရှိသည်။။ ကျင့်ဝတ်ရှိသော စီးပွားရေးအလေ့အကျင့်များ၊ မျှတသောလုပ်ခလစာများနှင့်ငွေကြေးများ တရားမျှတစွာ ခွဲဝေခြင်းတို့သည် ဂန္ဒီ၏ယုံကြည်မှုနှင့် ထပ်တူရှိနေသည်။

တာဝန်ယူတတ်သော အရင်းအနှီး အားပြုစီးပွားရေးစနစ်၊ လူမှုတာဝန်သိစီးပွားရေးလုပ်ငန်းစည်မျဉ်းများနှင့်လည်း လျော်ညီသော အယူအဆများဖြစ်သည်။ ယနေ့ ခေတ်ပြိုင်စီးပွားရေးအလေ့အကျင့်များတွင် ထိုအယူအဆများ၏ အရေးပါမှုသည် ပို၍ထင်ရှားလာနေသည်။

## ခြိုးခြံမှုနှင့်ရိုးရှင်းစွာ နေထိုင်မှု

ဂန္ဒီသည် လိုအပ်ချက်အနည်းဆုံးနှင့် အရိုးရှင်းဆုံး နေထိုင်မှုဘဝကို နှစ်သက်၍ အခြားသူများကိုလည်း ထိုကဲ့သို့ နေထိုင်မှု ဟန်ကို လက်ခံကျင့်သုံးနိုင်စေရန် အားပေးခဲ့သည်။ ဂန္ဒီ၏အတွေးအခေါ်များကို လက်ခံလိုက်နာခြင်းအားဖြင့် အင်အားကြီးမားလာသော စားသုံးသူဝါဒနှင့် ရုပ်ပိုင်းဆိုင်ရာ အလွန်အမင်း ဖွံ့ဖြိုးနေသည့် ယနေ့ကမ္ဘာကြီးတွင် အလွန်အကျွံစားသုံးမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်သည့်ဆိုးကျိုးများကို လျှော့ချနိုင်ပေသည်။

## လူ့အသိုက်အဝန်းနှင့် လူမှုရေးအရင်းအနှီး

ဂန္ဒီသည် လူမှုအသိုက်အဝန်းနှင့် လူမှုရေးအရင်းအနှီးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းများအဖြစ် လက်ခံထားသူဖြစ်ပြီး မကြာခဏ အလေးပေး ပြောကြားခဲ့ဖူးသည်။

ဆက်သွယ်နည်းပညာထွန်းကားလာသော ၂၁ရာစုကမ္ဘာတွင် ခိုင်မာသော လူမှုဆက်ဆံရေးကွန်ရက်များ၊ လူမှုအသိုက်အဝန်းအတွင်း ကောင်းမွန်သော ထိတွေ့ဆက်ဆံမှုများနှင့်လူမှုရေးရာ သဟဇာတဖြစ်မှုတို့သည် စီးပွားရေးပြောင်း လွယ်ပြင်လွယ်ဖြစ်မှုနှင့် လူမှုဘဝဖူလုံမှုတို့ကို အထောက်အကူဖြစ်စေနိုင်ပေသည်။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု

ဂန္ဒီသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လူထုဘဝမြှင့်တင်ရေးတို့ကိုလည်း အလေးထား အာရုံစိုက်ခဲ့သည်။ နိုင်ငံများစွာတွင် ကျေးလက်ဒေသ အများအပြားသည် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများပြည့်နှက်လျက်ရှိသည်။ ထို့ကြောင့် ကျေးလက်ဒေသနေပြည်သူများ ၎င်းတို့ဒေသကိုပင် အမှီပြု ရပ်တည်နိုင်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိရေး လုပ်ဆောင်မှုများ၌ ဂန္ဒီ၏စီးပွားရေးဆိုင်ရာ အတွေးအခေါ် အယူအဆများကို အသုံးပြု၍ အကောင်အထည်ဖော်နိုင်ပေသည်။

## အားလုံးပါဝင်မှု

လူ့အဖွဲ့အစည်း သို့မဟုတ် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အားထုတ်လုပ်ဆောင်မှုများတွင် အဆိုပါလူ့အဖွဲ့အစည်း သို့မဟုတ် ဒေသတွင် ပါဝင်နေသူအားလုံးကို ၎င်းတို့၏လူမှုရေး သို့မဟုတ် စီးပွားရေးအခြေအနေအဆင့်အတန်းများကို ထည့်သွင်းမစဉ်းစားဘဲ ဝင်လုပ်ဆောင်စေခြင်းကိုလည်း ဂန္ဒီက ထောက်ခံအားပေးခဲ့သည်။ ဝင်ငွေမညီမျှမှုကို ကိုင်တွယ်ဖြေရှင်းရေးနှင့် နိုင်ငံသားများအားလုံး စီးပွားရေးတွင် ပါဝင်နိုင်မှုသေချာစေရေးသည် နိုင်ငံအစိုးရတို့၏ အရေးကြီးသော မူဝါဒပန်းတိုင်ဖြစ်လာနေသည့် ယနေ့အချိန်အခါတွင် ဂန္ဒီ၏အိုင်ဒီယာသည် အလွန်အသုံးတည့်နေသည် ဟုဆိုရပေမည်။

## နိဂုံး

မဟတ္တမဂန္ဒီ၏ အဓိက အိုင်ဒီယာများဖြစ်သည့် ပြည်တွင်းကို မှီခိုအားကိုးမှု၊ ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်မှု၊ ဗဟိုချုပ်ကိုင်မှု လျှော့ချမှုနှင့် ကျင့်ဝတ်ရှိသော စီးပွားရေးလုပ်ငန်းတို့ကို အားပေးမှုတို့သည် ယနေ့အချိန်ကာလတွင် ရင်ဆိုင်နေရသော စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးနှင့် ပိုမိုမျှတပြီး ရေရှည်တည်တံ့သော စီးပွားရေးဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေသည့်အသိအမြင်များ၊ လမ်းညွှန်မှုများဖြစ်လာသည်။

ပိုမို ရှုပ်ထွေးလာနေသော ခေတ်သစ်ကမ္ဘာ့စီးပွားရေးအခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်စေရန် အချို့သော စီးပွားရေးအတွေးအခေါ် အယူအဆများမှာလည်း ပြုပြင်ကျင့်သုံးရမည့်အနေအထားမျိုးရှိသည်။ မပြုပြင်ဘဲနှင့် အသုံးပြုပါကလည်း အလုပ်ဖြစ်နိုင်ပေမည်။ စစ်ပွဲများဆီသို့ပိုမိုဦးတည်လာသော ယနေ့ကမ္ဘာကြီး၌ဂန္ဒီ၏ငြိမ်းချမ်းရေးနှင့်အကြမ်းမဖက်မှု အတွေးအမြင်တို့သည် အိန္ဒိယစီးပွားရေးသာမက ကမ္ဘာကြီး၏စီးပွားရေးပြန်လည်ကောင်းမွန်လာရေးအတွက်လည်း အထောက်အကူဖြစ်စေမည်မှာ သေချာသည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ရောင်းချလျက်ရှိသော အခြေခံစားကုန်များ၏ ဈေးနှုန်းအခြေအနေ

၂၀၂၃ခုနှစ် အောက်တိုဘာလ တတိယပတ်အတွင်း နေပြည်တော် ကောင်စီနယ်မြေတွင် အခြေခံ စားကုန်များဖြစ်သော ရွှေဘိုပေါ်ဆန်း တစ်ပြည် ကျပ် ၆၅၀၀၊ ဧည့်မထတစ်ပြည် ကျပ် ၃၅၀၀၊ မနောသုခ တစ်ပြည် ကျပ် ၃၄၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်နီ လက်လီဈေးမှာ (ကြီး)တစ်ပိဿာ ကျပ် ၃၆၀၀၊ (လတ်)တစ်ပိဿာ ကျပ် ၃၃၀၀၊ (သေး)တစ်ပိဿာ ကျပ် ၃၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကြက်သွန်ဖြူ လက်လီဈေးမှာ (ကြူကုတ်)တစ်ပိဿာ ကျပ် ၈၅၀၀ မှ ၈၈၀၀ ထိ၊ (ရှမ်း)တစ်ပိဿာ ကျပ် ၉၀၀၀ မှ ၁၁၀၀၀ ထိ၊ ငရုတ်သီးခြောက် လက်လီဈေးမှာ(အရှည်)တစ်ပိဿာ ကျပ် ၁၆၀၀၀ မှ ၁၈၀၀၀ ထိ၊ (အပု)တစ်ပိဿာ ကျပ် ၂၄၀၀၀ မှ ၃၀၀၀၀ ထိ၊ အာလူး လက်လီဈေးမှာ ကျပ် ၂၀၀၀ မှ ၂၅၀၀ ထိ၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၈၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်ဥ လက်လီဈေးမှာ တစ်လုံး ကျပ် ၂၄၀ မှ ၂၆၀ထိဖြစ်သည်။ နေပြည်တော်ကောင်စီ နယ်မြေ၏ အသား/ငါး ဈေးနှုန်းများမှာ ကြက်သား (CP)တစ်ပိဿာ ကျပ် ၇၂၀၀ မှ ၁၂၀၀၀ ထိ၊ ကြက်သား (ဗမာ) တစ်ပိဿာ ကျပ် ၁၆၀၀၀ မှ ၂၀၀၀၀ ထိ၊ ဝက်သား တစ်ပိဿာ ကျပ် ၁၄၀၀၀ မှ ၁၆၀၀၀ ထိ၊ အမဲသား တစ်ပိဿာ ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ ထိ၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ ထိ၊ ငါးကြင်း တစ်ပိဿာ ကျပ် ၁၃၅၀၀ မှ ၁၅၀၀၀ ထိ ရောင်းဝယ်နေကြောင်း သိရသည်။

စားသုံးဆီ ဈေးနှုန်းများမှာ ပဲဆီတစ်ပိဿာလျှင် ကျပ် ၁၅၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၅၂၀၀ နှင့် နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ထွန်းမင်းသန့်(နေပြည်တော်)**

# အိန္ဒိယနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် တောင်ကိုရီးယားကုမ္ပဏီများ စိတ်ဝင်စား



တောင်ကိုရီးယားကုမ္ပဏီများသည် အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် စိတ်ဝင်စားမှုမြင့်မားလာကြောင်းသိရသည်။ နှစ်နိုင်ငံ ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈ ဘီလီယံအထိရှိခဲ့ရာ အဆိုပါနှစ်အတွင်း အိန္ဒိယနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံမှ ဝယ်ယူ တင်သွင်းမှုမှာအမေရိကန်ဒေါ်လာ ၁၈ဒသမ၈ဘီလီယံဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ အိန္ဒိယနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၉ ဘီလီယံဖြစ်သည်။

၂၀၁၉ ခုနှစ်က နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ သာရှိခဲ့ပြီး တောင်ကိုရီးယားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံဖိုးသာ တင်ပို့နိုင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံအထိ ကျဆင်းသွားပြီးနောက် ၂၀၂၁ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံအထိ ပြန်လည်မြင့်တက်လာခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈ ဘီလီယံအထိ မှတ်တမ်းတင်ဖွယ် မြင့်မားလာခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် ဩဂုတ်လအထိ ကာလတွင် တောင်ကိုရီးယားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၁ ဒသမ၇ ဘီလီယံဖိုး တင်ပို့နိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံဖိုး တင်သွင်းခဲ့ပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုမြှင့်တင်ရန် "Korea Plus" Initiative အစီအစဉ် ဆောင်ရွက်ခဲ့သဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာတွင် တောင်ကိုရီးယားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ FDI စီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၇ဒသမ ၈ ဘီလီယံအထိ ရောက်ရှိခဲ့ သည်ဟု Export-Import Bank of Korea (တောင်ကိုရီးယားနိုင်ငံ ပို့ကုန်-သွင်းကုန်ဘဏ်)က ထုတ်ပြန်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံမှ တောင်ကိုရီးယားနိုင်ငံသို့FDIစီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၅ဒသမ ၂ဘီလီယံအထိ ရောက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံမှ TaTa Daewoo နှင့် Aditya Birla Group တို့က အဓိက ရင်းနှီးမြှုပ်နှံကြခြင်းဖြစ်သည်။ Ta Ta Motors သည် တောင်ကိုရီးယားနိုင်ငံရှိ Daewoo Commercial Vehicle Company ကို ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၂ သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံတွင် ကိုရီးယားကုမ္ပဏီအရေအတွက် စုစုပေါင်း၆၀၀ကျော်ဖွင့်လှစ်၍ လုပ်ငန်းလည်ပတ်နေကြသည်ဟု ဆိုးလ်မြို့ရှိ အိန္ဒိယသံရုံးက ပြောကြားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံမှ အိန္ဒိယနိုင်ငံတွင် ထပ်မံ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများမှာ LG Energy Soulution ၏ ဖက်စပ်ဘက်ထရီစက်ရုံ၊ ဆမ်ဆောင်းအီလက်ထရောနစ်၏ ဈေးနှုန်းသက်သာသော Galaxy Tab A9 Tablet၊ ချန်နိုင်းမြို့ရှိ လက်ရှိ Lotte Wellfood စက်ရုံတွင် Choco Pie ထုတ်လုပ်ရန် စက်ရုံတိုးချဲ့ဆောက်လုပ်ခြင်းတို့ပင် ဖြစ်ကြသည်။

**ပပ(စီးပွားရေးသံမှူး)**
**ကိုရီးယားသမ္မတနိုင်ငံ**



# ထိုင်းနိုင်ငံ ပုဂ္ဂလိကကဏ္ဍက အရှေ့အလယ်ပိုင်း အခြေအနေများကို စောင့်ကြည့်လျက်ရှိ

အစ္စရေးနှင့် ဟားမက်စ်တို့အကြား ပဋိပက္ခအရှိန် မြင့်တက်လာမှုအပေါ် စိုးရိမ်လျက်ရှိပြီး ကုန်သွယ်မှုတန်ဖိုး ဘတ် ၄၀ ဘီလီယံခန့်ရှိသော ထိုင်းနှင့်အစ္စရေး နှစ်နိုင်ငံကုန်သွယ်မှုအပေါ် သက်ရောက်လာနိုင်သည့် အလားအလာ ရှိ၊ မရှိ ထိုင်းလုပ်ငန်းရှင်များအနေဖြင့် စောင့်ကြည့်လျက်ရှိကြောင်း ထိုင်းကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Sanan Angubolkul က ပြောကြားခဲ့သည်။

ပဋိပက္ခအရှိန်မြင့်တက်လာပါက အရှေ့အလယ်ပိုင်းရှိနိုင်ငံများနှင့်ကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း၊ ထိုင်းနိုင်ငံနှင့် အစ္စရေးနိုင်ငံအကြား ကုန်သွယ်မှုအပေါ် သိသိသာသာ သက်ရောက်မှုမရှိကြောင်း၊ ယခုနှစ် ပထမ ရှစ်လအတွင်း နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၈၅၇ သန်း (ဘတ် ၃၁ဒသမ၈ ဘီလီယံ)ရှိကြောင်း၊ တစ်နှစ်ပတ်လုံး ကုန်သွယ်မှုသည် ဘတ် ၄၀ ဘီလီယံဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း၏ ၀ ဒသမ ၂-၀ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ အစ္စရေးတွင် ထိုင်းနိုင်ငံသား အလုပ်လုပ်ကိုင်နေသူ ၃၀၀၀၀ ခန့်ရှိကြောင်း၊ ထိုင်းနိုင်ငံသားများကယ်ထုတ်နိုင်ရေးအစိုးရမှ အစီအမံများဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းက ဆက်လက်ပြောကြားသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခသည် ရှည်ကြာနေမည်ဆိုပါက ကမ္ဘာ့ဆီဈေးနှုန်းများ မြင့်တက်လာနိုင်ပြီး နိုင်ငံတွင်း ဆီဈေးနှုန်းအပေါ်တွင်လည်း သွယ်ဝိုက်သက်ရောက်နိုင်ကြောင်း၊ ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း အတက်အကျဖြစ်မည်ကို စိုးရိမ်လျက်ရှိပြီး စွမ်းအင်အရာရှိများအနေဖြင့် ဆီထောက်ပံ့မှုအပေါ် အနှောင့်အယှက်ဖြစ်နိုင်ခြေကို စောင့်ကြည့်နေကြောင်း၊ ဆီကြွယ်ဝသောဒေသတွင် ဖြစ်ပွားသဖြင့် ဆီဈေးနှုန်းမြင့်တက်လာမည်ကို စိုးရိမ်ကြောင်း၊ ကမ္ဘာ့ဆီထောက်ပံ့မှု၏ ၃၃ ရာခိုင်နှုန်းသည် အရှေ့အလယ်ပိုင်းဒေသဖြစ်ကြောင်း၊ ယခုကဲ့သို့ သေချာမှုမရှိသေးသော အချိန်ကာလတွင် စွမ်းအင်ချွေတာရေးကို သတိပြုစေလိုကြောင်း စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Prasert Sinsukprasertက ဖြည့်စွက်ပြောကြားသည်။

ပဋိပက္ခကြာမြင့်မှုကြောင့် ကမ္ဘာ့ဆီထောက်ပံ့မှုအပေါ် သက်ရောက်မှုမရှိသော်လည်း အာဏာပိုင်များအနေဖြင့် မဟာဗျူဟာကျသော အရန်ဆီအစီအစဉ်ကို ကြိုတင်စီစဉ်ထားရန် လိုအပ်ပါကြောင်း၊ထိုင်းနိုင်ငံသို့ ထောက်ပံ့နေသော ဆီ ၅၇ ရာခိုင်နှုန်းသည် အရှေ့အလယ်ပိုင်းမှ တင်သွင်းရပါကြောင်း၊ နိုင်ငံ့အရန်ရေနံစိမ်းသည် လက်ရှိတွင် လီတာ ၃ ဒသမ ၀၁ ဘီလီယံရှိပြီး လမ်းခရီးတွင် လီတာ ၁ ဒသမ ၆၃ ဘီလီယံ သယ်ဆောင်လာနေဆဲဖြစ်ကြောင်း Mr. Prasert က ဖြည့်စွက်ပြောကြားသည်။

**သီတာဝင်း(စီးပွားရေးသံမှူး)၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့။**

# ဗီယက်နမ်၊ တရုတ်-လာအို နိုင်ငံတကာအအေးကွင်းဆက် ကုန်စည်ပို့ဆောင်ရေး ရထားများ စတင်ပြေးဆွဲ

သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ သယ်ဆောင်သည့် နိုင်ငံတကာ အအေးကွင်းဆက် ကုန်စည်ပို့ဆောင်ရေး ရထားနှစ်စင်းသည် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်မှလာအိုနိုင်ငံ(တရုတ်-လာအို)နှင့် ဗီယက်နမ်နိုင်ငံ(တရုတ်-ဗီယက်နမ်)တို့သို့ အောက်တိုဘာ ၁၆ ရက်က စတင်ပြေးဆွဲနေပြီဖြစ်သည်။

တရုတ်နိုင်ငံ Xinhua သတင်းဌာန၏ ဖော်ပြချက်အရ ကနဦး ရထားခရီးစဉ် နှစ်ခုသည် ယူနန်ပြည်နယ် Yuxi မြို့ရှိ့anhe ဘူတာမှ စတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါရထားများသည် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့နှင့် ဗီယက်နမ်နိုင်ငံ လာအိုကိုင်မြို့တို့ကို တစ်ရက်ခန့်အကြာတွင် အဆိုပါရထားများရောက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

လက်ရှိတွင် ယူနန်ပြည်နယ် ကူမင်းမှ ဗီယင်ကျန်းမြို့သို့ တရုတ်-လာအို နိုင်ငံတကာ အအေးကွင်းဆက် ကုန်စည်ပို့ဆောင်ရေး ရထားနေ့စဉ်ပြေးဆွဲရန် စီစဉ်ထားပြီး ကူမင်းနှင့်လာအိုကိုင်ကြား တစ်ပတ်လျှင် တစ်ကြိမ်ပြေးဆွဲရန် စီစဉ်ထားသည်။

ဝန်ဆောင်မှုအော်ပရေတာဖြစ်သည့် China Railway Kunming Bureau Group Co., Ltd.မှ သုံးစွဲသူများ၏ လိုအပ်ချက်နှင့် လိုအပ်ချက်များအပေါ် အခြေခံ၍ အနာဂတ်တွင် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၏ ကြိမ်နှုန်းကို ချိန်ညှိသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ နိုင်ငံတကာ အအေးကွင်းဆက် ကုန်စည်ပို့ဆောင်ရေးရထားများ ပြေးဆွဲခြင်းဖြင့် ရထားလမ်း ခရီးစဉ်အတွင်းပါဝင်သည့် ဒေသတွင်း နိုင်ငံများအတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်များကို ရရှိစေနိုင်ပြီး ကုန်ပစ္စည်းထုတ်လုပ်သူ လုပ်ငန်းရှင်များအတွက် ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချစေနိုင်ခြင်း၊ သုံးစွဲသူများအတွက်လည်း သန့်ရှင်းလတ်ဆတ်သည့် ကုန်စည်များကို အသုံးပြုနိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများအတွက်လည်း ကုန်ကျစရိတ် သက်သာစွာဖြင့်အကျိုးအမြတ်ပိုမို ရရှိနိုင်ခြင်း၊ နိုင်ငံတကာကုန်သွယ်မှု အခွင့်အရေးများပေါ်ပေါက်၍ကမ္ဘာ့ဈေးကွက်သို့အလွယ်တကူ ဝင်ရောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သည်။

**ဝင့်နန္ဒာကျော်ကျော်(စီးပွားရေးသံမှူး)၊ ဗီယက်နမ်။**



# ကျောက်ကာရွာမှ မြန်မာ့ရိုးရာ ယွန်းလက်ရာ

သန်းသန်းတင်(မုံရွာ)



ဘုရားမတင် နတ်မဝင် လူတွင်ပန်းဆယ်မျိုးဟူ၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ပန်းပညာဆယ်မျိုးကို ရှေးဘိုးဘွားများက မှတ်တမ်းတင်ထားခဲ့ကြသည်။ ပန်းပညာဆယ်မျိုးမှာ ပန်းပဲ၊ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းပု၊ ပန်းရန်၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်းတို့ဖြစ်ကြသည်။

ပန်းဆယ်မျိုးအနက် ယွန်းထည်ပညာကို ၁၅၅၅-၁၅၆၂ခုနှစ်အတွင်း ဘုရင့်နောင်မင်းကြီးသည် မဏိပူရ၊ ဇန်းမော်၊ ဇင်းမယ် (ယခု ချင်းမိုင်)နှင့်လင်းဇင်း(ယခု Lan Xang) တို့ကို အောင်မြင်စွာ သိမ်းသွင်းခဲ့ပြီး ရွှေလီမြစ်တစ်လျှောက် ယူနန်ပြည်နယ်သို့ ဆန်တက်စဉ် ကျွမ်းကျင်သော လက်မှုပညာရှင် အများအပြားကို ဗမာပြည်သို့ ခေါ်ဆောင်လာခဲ့သည်။ ထိုစဉ်က ချင်းမိုင်ဒေသရှိ ယွန်း သို့မဟုတ် လာအိုရှမ်း (Laos Shan)လူမျိုးစုများ၏လက်မှုပညာများကို မြန်မာနိုင်ငံတွင်း တင်သွင်းခဲ့ချိန်မှစကာ မြန်မာနိုင်ငံတွင် လက်ရာ ပြောင်မြောက်သည့် ယွန်းထည်ပစ္စည်းများ စတင်ထွန်းကားလာသည်ဟု ယူဆကြသည်။ ယွန်းလူမျိုးများကို အစွဲပြု၍ ယွန်းထည်ဟု ခေါ်တွင်လာခဲ့သည်။

ယွန်းထည်ပစ္စည်းများထုတ်လုပ်သည့်လက်မှုပညာကိုပန်းယွန်းဟုခေါ်သည်။ ယွန်းသည် မြန်မာ့သစ်တောများမှ သဘာဝပေါက်သစ်စေးပင် (Melanorrhoeausaitatissima) မီလာနိုဟိုရီးယား ယူဆီတတ်တီစီမမှ ခြစ်ထုတ်ထားသောအစေးဖြစ်သည်။ ၎င်းသည် အဝါဖျော့ရောင်ရှိပြီး လေနှင့်ထိတွေ့ပါက အမည်းရောင်အဖြစ် ပြောင်းသွားသည်။ စုတ်တံဖြင့်သုတ်သောအခါ သို့မဟုတ် အပေါ်မှ အုပ်သောအခါ မာကျောပြောင်လက်ကာ ချောမွတ်သည့်မျက်နှာပြင်တစ်ခုဖြစ်ပေါ်လာသည်။ သစ်စေးသုတ်ထားသော ယွန်းထည်ပစ္စည်းများသည် အပူနှင့်စိုထိုင်းမှုဒဏ်ကို ခံနိုင်စွမ်းရှိသည်။

ယွန်းထည်လုပ်ငန်းသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပုဂံ၊ မန္တလေး၊ အင်းဝ၊ ဝက်သဲ (ရေဦးနယ်)၊ ကျောက်ကာ(မုံရွာမြို့နယ်) နေရာများသည် မြန်မာ့ရိုးရာ ယွန်းထည်လုပ်ငန်းများ လုပ်ကိုင်ကြကြောင်း လေ့လာသိရှိရသည်။ ယင်းတို့အနက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက်ကာကျေးရွာမှ ယွန်းထည်လုပ်ငန်းအကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

ကျောက်ကာကျေးရွာသည် မုံရွာမြို့အရှေ့ဘက် ၉မိုင်အကွာတွင် တည်ရှိပြီး အိမ်ခြေ ၈၀၀ခန့်ရှိကာ ကျောက်ကာတောင်ရွာနှင့် ကျောက်ကာမြောက်ရွာဟူ၍ နှစ်ရွာရှိသည့်အနက် ကျောက်ကာမြောက်ရွာသည် တစ်ရွာလုံးနီးပါး ယွန်းလက်မှုရိုးရာလုပ်ငန်းဖြင့် အသက်မွေးလုပ်ကိုင်လာသည်မှာ နှစ်ပေါင်း(၂၀၀)ကျော်ခန့် ကြာမြင့်ပြီဖြစ်ကြောင်း၊ မိဘဘိုးဘွားဘီဘင်လက်ထက်ကတည်းက ပြုလုပ်သုံးစွဲခဲ့သည့် ယွန်းထည်ပစ္စည်းများက သက်သေပြနေကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ကျောက်ကာရွာထွက် ယွန်းထည်ပစ္စည်းများသည် ကျောက်ကာထည်ဟူ၍ ထင်ရှားကျော်ကြားသည်။ ယွန်းထည်လုပ်ငန်းသည် ရွာ၏ယဉ်ကျေးမှုအမှတ်လက္ခဏာဖြစ်ပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ရပ်တည်ခဲ့ရာမှ ယခုယွန်းလုပ်ငန်းလုပ်ကိုင်သူ နည်းပါးလာခဲ့ရာ ယွန်းလုပ်ငန်းရှင် ၁၄ ဦးနှင့် ယွန်းလုပ်သား ၅၅ ဦးခန့် ရှိသည်။ မုံရွာမြို့ အရှေ့ဘက် ကျောက်ကာရွာသို့ သွားသည့်လမ်းကို ကျောက်ကာလမ်းဟု အမည်တွင်ပြီး ယွန်းထည်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ကိုယ်စားပြု၍ လမ်းဆုံအဝိုင်းပတ်တွင် ဆွမ်းအုပ်ပုံဖန်တီးကာ အမှတ်သင်္ကေတ ပြုလုပ်ထားသည်။

ယွန်းထည်ပစ္စည်းထုတ်လုပ်ပုံနည်းလမ်းမှာ လက်သက်သက်ဖြင့်သာ ထုတ်လုပ်ရခြင်းဖြစ်၍ လက်မှုလုပ်ငန်း(Hand Made) စစ်စစ်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် ရှေးကျသည့်အမွေအနှစ်အဖြစ်လည်းကောင်း တန်ဖိုးထားကြခြင်းဖြစ်သည်။

ယွန်းထည်ပစ္စည်းပြုလုပ်ရာတွင် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများမှာ ဝါး၊ ရိုးမှုန့်(ပုဂံဒေသမှ ဝယ်)၊ ကျွန်းလွှစာမှုန့်(မုံရွာသစ်စက်မှ ဝယ်)၊ သစ်စေး(မင်းကင်း၊ တောင်ငူ၊ မြို့လှ၊ ဘားအံ၊ သထုံ၊မော်လမြိုင်မှ ဝယ်)၊ ဟင်္သပဒါး( ရန်ကုန်၊ မန္တလေးရှိ အိန္ဒိယဆေးရောင်စုံဆိုင်များ၊ ရွှေထီး၊ ရွှေဆိုင်းဆိုင်များမှ ဝယ်)၊ ရောင်စုံဆေးမှုန့်( မြန်မာ့ဓာတု ကုန်ထုတ်လုပ်ငန်းစု၊ ရန်ကုန်၊ မန္တလေးရှိ အိန္ဒိယဆေးရောင်စုံဆိုင်များမှ ဝယ်)၊ ရွှေဆိုင်း(မန္တလေးမြို့ မျက်ပါးရပ် ရွှေဆိုင်းဆိုင်များမှ ဝယ်)၊ ကော်ပတ်( မုံရွာကုန်မာဆိုင်များမှ ဝယ်)၊ သဘော်ဆေး(မုံရွာမြို့မှ ဝယ်) စသည်တို့ လိုအပ်ကြောင်း သိရသည်။

ယွန်း၏ ကောင်းခြင်းဂုဏ်ကို ယွန်းအလွှာများဖြင့် သတ်မှတ်ကြသည်။ ယွန်းထည်ပစ္စည်းထုတ်လုပ်ပုံအဆင့်ဆင့်မှာ ပထမဦးစွာ မဲတင်းခ ဝါးများကို အဆစ်လိုက်ဖြတ်ပြီး တစ်လက်မခန့် နှီးလောင်းများပြုလုပ်ကာ လိုချင်သောအရွယ်ရရှိအောင် နှီးဖြာ၊ နှီးစိပ်ခြင်းပြုလုပ်ရသည်။ ယွန်းထည်ပစ္စည်းတစ်ခုပြုလုပ်ရာတွင် အဖြူထည်/အကြမ်းထည်ဖြစ်စေရန် လွှာယူထားသော ဝါးနှီးဖြင့် လိုချင်သောပုံစံရအောင် အောက်ခြေမှစ၍ အဆင့်ဆင့်ပုံသွင်းခွေယူ နှီးထိုးခြင်းကို ဒုတိယအဆင့်ပြုလုပ်ပါသည်။ ဆက်လက်၍ အဖြူထည်၊ အကြမ်းထည်အား ချောမွေ့စေရန် ဓားကောက်ဖြင့် နှီးခြစ်ခြင်းလုပ်ငန်းကို ပြုလုပ်သည်။

ကျွန်းသားမှရသော လွှစာမှုန့်နှင့် သစ်စေးရောနှောကာ အဖြူထည်၊ အကြမ်းထည်များကို ခိုင်ခံ့မှုရှိစေရန် သုတ်လိမ်းခြင်းဖြစ်သည့် သားရိုးကိုင်ခြင်းလုပ်ငန်းကို ပြုလုပ်သည်။ သားရိုးကိုင်ပြီးသော ပစ္စည်းများကို ပေ(၃၀)ပတ်လည် အကျယ် လေလုံမြေတိုက်အတွင်းသို့ သစ်စေးအိပ်အောင် ၅ရက်ကြာမြင့်အောင်ထားခြင်းကို တိုက်ချခြင်းဟုခေါ်ကြောင်းသိရှိရသည်။ တိုက်ချပြီးနောက် တိုက်ဖော်ပြီး အမှုန့်ကြိတ်ထားသော နူးညံ့သည့် နွံမှုန့်နှင့်သစ်စေးရော၍ အပျော့သုတ်လိမ်းကာ ခြောက်သွေ့စေရန် ထပ်မံ၍ တိုက်ချခြင်းကို ခုနစ်ရက်ကြာပြုလုပ်ပြီးမှ တိုက်ဖော်ပါသည်။ တိုက်ဖော်ပြီး ပစ္စည်းအထည်များအား ရေစွတ်ကာ အာလူးကျောက်ခဲဖြင့် ပွတ်တိုက်ပြီး ထပ်မံ၍အုန်းဆံဖတ်ဖြင့် အထည်ချောမွေ့စေရန် ပွတ်တိုက်အမှုန်ခါခြင်းလုပ်ငန်းကို ပြုလုပ်ရပါသည်။ ဆက်လက်၍ အလယ်အလတ်တန်းစား သစ်စေးကို ယွန်းထည်ပစ္စည်း၏ အတွင်း/အပြင် သုတ်လိမ်းပြီး အထည်မာစေရန်နှင့် သစ်စေးအိပ်စေရန် တိုက်ချခြင်း၊ လေနှင့်နေထိတွေ့ရန် တိုက်ဖော်ခြင်းလုပ်ငန်းများကို ခုနစ်ရက်ကြာအောင် ပြုလုပ်ကြောင်းသိရပါသည်။ ညီညာခိုင်ခံ့သည် အချောထည်ဖြစ်စေရန် စစ်ယူထားသော သစ်စေးဖြင့် အချောတစ်ထပ်သုတ်ခြင်းကို ပြုလုပ်ပြီးနောက် တိုက်ချခြင်း၊ တိုက်ဖော်ခြင်းလုပ်ငန်းကို ပြုလုပ်ရာတွင် အချိန် (၁၀)ရက်ခန့်ကြာမြင့်ပါသည်။ ပြီးနောက် ဆန်ခါငါးမျိုးဖြင့် အကြိမ်ကြိမ် နေရောင်အောက်တွင် စစ်ထားသောသစ်စေးဖြင့် အရောင်တင်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကာ အသင့်သုံးစွဲနိုင်သည့်အနက် ထည်ပစ္စည်းဖြစ်စေရန် တိုက်ချခြင်း၊ တိုက်ဖော်ခြင်းလုပ်ငန်းကို အချိန် ၁၂ ရက်ခန့်ကြာအောင် ပြုလုပ်ရသည်။ အသင့်သုံး အနက်ထည်များရရှိပြီးပါက ကညစ်တံဖြင့် ယွန်းထည်ပေါ်တွင် ဗုဒ္ဓဝင်ဇာတ်ကြီးဆယ်ဘွဲ့၊ လေးတော်တင်၊ မြင်းခင်း၊ ပုဂံခေတ်ပန်းချီ၊ ပန်းမျိုးစုံ စသည်ဖြင့် ယွန်းပန်းချီ အလှဆင်ခြင်းလုပ်ငန်းကို လုပ်ကိုင်ပါသည်။ အချောအနက်ထည်ပစ္စည်းများကို အသင့်ရောင်းချနိုင်ရန် ဆေးပန်းရေးခြင်း သို့မဟုတ် ကညစ်ရေးထားသော လက်ရာအတွင်း အရောင်စုံနှစ်သက်ရာ အရောင်ဆေးမှုန့်သွင်းခြင်းလုပ်ငန်းကိုလုပ်ကိုင်ပြီး ယွန်းထည်ပစ္စည်းအတွင်းပိုင်းအား နောက်ဆုံးအဆင့် ဟင်္သပဒါးအနီသုတ်ခြင်းကို ပြုလုပ်ရကြောင်း သိရပါသည်။

## wefzdk;ftSef, Gfx nfypü fxkwfvkyfkH

ဘာသာရေး၊သာသနာရေးသုံး၊မင်္ဂလာအခမ်းအနား ကန်တော့ပွဲသုံး၊ တိုင်းရင်းသားရိုးရာ ဓလေ့သုံးပစ္စည်းများအတွက် ကြိုးခင်းအထည်ကြီးများ ပြုလုပ်ရန် ကြိုးချောင်းကလေးများနှင့် လိုအပ်သော ပန်းခွေ၊ သဇင်ခွေများဖြင့် ပုံဖော်အလှဆင်ခြင်းလုပ်ငန်းကို ပြုလုပ်ပါသည်။ ၎င်းလုပ်ငန်းကို ပန်းကြွကြိုးခင်းခြင်းဟု ခေါ်ဝေါ်ကြောင်း သိရပါသည်။ ထို့နောက် အုပ်အညွန့်၊ အုပ်၊ သုံးချောင်းထောက် ခြေထောက်များကို ပန်းပွတ်ထိုးခြင်း ပြုလုပ်သည်။ ရွှေချရန် လိုအပ်သော အချောယွန်းထည်များအား ရွှေချခြင်းလုပ်ငန်းများကို လုပ်ကိုင်ရကြောင်း သိရသည်။

ယွန်းထည်ပစ္စည်းတစ်ခုပြုလုပ်ရာတွင် ယွန်းထည်ပစ္စည်း မည်သည့်အရွယ်အမျိုးအစားဖြစ်စေ ကြာမြင့်ချိန် အနည်းဆုံး(၆)လ၊(၈)လ၊ တစ်နှစ်ထိ ကြာမြင့်ပါသည်။ ပစ္စည်းအရေအတွက် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လုပ်ကိုင်ရသည့် ကြာမြင့်ချိန်နှင့် လုပ်ငန်းပြုလုပ်ရသည့်အဆင့်ဆင့်မှာ အတူတူပင်ဖြစ်သည်။ လုပ်ငန်းလုပ်ကိုင်မှုမှာလည်း နေ့စဉ်လည်ပတ်လျက်ရှိပြီး အထူးအော်ဒါများရှိပါက ပိုမိုထုတ်လုပ်ကြသည်။ မိုးရာသီတွင် အကြမ်းထည်၊ အဖြူထည်များ စုစည်းထားပြီး ပွင့်လင်းရာသီရောက်ပါက အချောထည်များ ပိုမိုပြုလုပ်ကြသည်။

## vkyfom;tiftm;

ယွန်းလုပ်ငန်းလုပ်ကိုင်သူများသည် လုပ်ငန်း အကြီး/အသေး ပေါ်မူတည်၍ တစ်ပိုင်တစ်နိုင် မိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်းနှင့် နေ့စား ယွန်းလုပ်သားများ ငှားရမ်း၍ လုပ်ကိုင်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ ယွန်းလုပ်ငန်းသည် အဆင့်ဆင့်လုပ်ကိုင်ရသောလုပ်ငန်းဖြစ်၍ ယွန်းလုပ်သားများသည် ကျွမ်းကျင်မှုကဏ္ဍအလိုက် ယွန်းလုပ်ငန်းများတွင် အလှည့်ကျ လုပ်ကိုင်ကြသည်။ လုပ်အားခအနေဖြင့် အမျိုးသမီး လုပ်သားတစ်ဦး တစ်ရက်လုပ်ခ ကျပ် ၅၀၀၀/၆၀၀၀၊ အမျိုးသားလုပ်သားတစ်ဦး တစ်ရက်လုပ်ခ ကျပ် ၈၀၀၀/၁၀၀၀၀ ပေးချေရကြောင်း သိရှိရသည်။

## ap;Eef/ap;uGf

ကျောက်ကာရွာမှ ပြုလုပ်သည့် ယွန်းထည်ပစ္စည်းများမှာ ဆွမ်းအုပ်(ရွှေချ၊ အနီ)၊ အဖုံးမပါ ပွဲပြင်အုပ်(ရွှေချ၊ အနီ)၊ အုပ်စုံ (ရွှေချ၊ အနီ)၊ ဒေါင်းလန်း၊ သုံးခြောက်ထောက် စသည်တို့ကို အရွယ်အစားအမျိုးမျိုးဖြင့် ဈေးနှုန်းအနည်းဆုံး ကျပ် ငါးထောင် /ရှစ်ထောင်မှ အများဆုံး ကျပ် ရှစ်သောင်း/တစ်သိန်းထိ ဈေးနှုန်းအသီးသီးဖြင့် ရောင်းချကြကြောင်း သိရသည်။

ကျောက်ကာရွာမှထွက်ရှိသော ရိုးရာလက်မှုယွန်းထည်များကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်၊ ပဲခူး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟင်္သာတ စသည့်မြန်မာပြည်အနှံ့ရှိ သက်န်းပရိက္ခရာဆိုင်များသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။ ကျောက်ကာရွာရှိ ဆုတောင်းပြည့်ရွှေဂူနီမြတ်စွာဘုရား ကြီးတွင် ယွန်းထည်ဆိုင်ခန်းများ ဖွင့်လှစ်၍လည်း ရောင်းချပါသည်။ နယ်စပ်ဒေသ မြဝတီမြို့ကုန်သည်များမှ တစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့၏ ချိတ်ဆက်ပေးသောပြည်တွင်းကုန်စည်ပြပွဲများ၌ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခြင်းဖြင့် ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကလည်း မြန်မာ့ယွန်းထည်များကို နှစ်သက်စွာ ဝယ်ယူကြကြောင်း သိရသည်။

မြန်မာ့ရိုးရာ ယွန်းထည်လုပ်ငန်းသည် ရှေးနှစ်ပေါင်းများစွာမှ ရှင်သန်ထွန်းကားလာသော ယဉ်ကျေးမှုအမွေအနှစ် လက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံတော်မှလည်း အသေးစား၊ အငယ်စား၊ အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်မှု၊လက်မှုလုပ်ငန်းများကို အားပေးကူညီလျက်ရှိပါသည်။ ယွန်းထည်လုပ်ငန်းများ ရှင်သန်တိုးတက်စေရေးအတွက် ပုဂံယွန်းကောလိပ်မှ ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ခေတ်မီဆန်းသစ်သည့် ယွန်းပညာအသစ်အဆန်းများ၊ နည်းပညာများအား ပို့ချလျက်ရှိရာ မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းအမွေအဖြစ် ခံယူသင်ကြားစေခြင်းဖြင့် ကမ္ဘာ့အလယ်တွင် မြန်မာ့ယွန်းထည်ဟု ဂုဏ်ယူဝင့်ကြွားနိုင်ရန် မြန်မာ့ရိုးရာ ယွန်းလုပ်ငန်းရှင်များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

# pawmbps;uGESSfdfjem;om;yg0ifl




ထွန်းသက်ထွန်း

နိုင်ငံတစ်ခုသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ရာတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI ဖြင့် ဝင်ရောက်သည်ရှိသလို ရှယ်ယာဈေးကွက်သို့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Equity Investment)အနေနှင့် ဝင်ရောက်ခြင်းများလည်းရှိသည်။ ဤနှစ်မျိုးစလုံးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီတူညီမျှ အရေးကြီးသည်။ သို့အတွက်ကြောင့် မူဝါဒချမှတ်သူ (Policy maker) များအနေနှင့် FDI ဖွံ့ဖြိုးတိုးတက်ရေးကိုသာမက ရှယ်ယာဈေးကွက် (Equity Market) ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးရန်လိုအပ်သည်။

အာရှဒေသအပါအဝင် အာဆီယံစတော့အိပ်ချိန်းအားလုံးတွင် နိုင်ငံခြားသားပါဝင်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုထားပြီးဖြစ်သည်။ အချို့ စတော့အိပ်ချိန်းများတွင် ရာခိုင်နှုန်းအပြည့် ပါဝင်ခွင့်ပြုထားပြီး အချို့စတော့အိပ်ချိန်းများတွင် အကန့်အသတ်ဖြင့် ခွင့်ပြုပြီးဖြစ်သည်။ အချို့နိုင်ငံများတွင် အရေးကြီးကဏ္ဍ နှင့် သာမန်ကဏ္ဍဟူ၍ ခွဲခြားကာ နိုင်ငံခြားသားပါဝင်မှုကို ခွင့်ပြုထားခြင်းများလည်းရှိသည်။

နိုင်ငံတစ်ခု၏ စတော့ဈေးကွက်သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခွင့်ပြုခြင်းဖြင့် ပြည်တွင်းဈေးကွက်အတွင်း အဓိကကျသည့် အချက် (၄) ချက်ကို အထောက်အကူဖြစ်စေပါသည်။ ယင်းအချက်များမှာ-

## (က) ရင်းနှီးငွေစီးဆင်းမှု ပိုမိုကောင်းမွန်စေခြင်း

စတော့အိပ်ချိန်းတစ်ခု၏ အဓိကလုပ်ငန်းစဉ်မှာ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ရန်အတွက် သမားရိုးကျကာလတို ဘဏ်ချေးငွေရယူခြင်းမှသည် ကာလရှည်ရင်းနှီးငွေရယူခြင်းဆိုသည့် လမ်းကြောင်းကို ကူးပြောင်းပေးခြင်းဖြစ်သည်။ ပေါ်ထွန်းစ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကာလရှည် ငွေကြေးအရင်းအနှီးများစွာ လိုအပ်သည်။ သို့သော်လည်း ပြည်တွင်းဈေးကွက်မှ လုံလောက်သည့် အရင်းအနှီးရရှိရန်၊ အထူးသဖြင့် Supply Side မှ ငွေကြေးများရရှိရေးတွင် အားနည်းနေသေးသည်။ သို့အတွက် ပြည်တွင်းစတော့ဈေးကွက်ထဲသို့ စီးဝင်လာမည့် ပြည်ပငွေကြေးအဖွဲ့အစည်းများ (Foreign fund) များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်။

## (ခ) ကာလရှည်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေခြင်း

စတော့အိပ်ချိန်းများသည် ရင်းနှီးမြှုပ်နှံသူများအား ငွေဖြစ်လွယ်စေရန် (liquidity ဖြစ်စေရန်) ဆောင်ရွက်ပေးသည်။ စတော့ရောင်းချသူများအတွက် လက်ရှိပေါက်ဈေးနှင့် လွယ်ကူစွာရောင်းချနိုင်ရန်၊ စတော့ဝယ်ယူသူများအတွက် လက်ရှိပေါက်ဈေးဖြင့် ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးသည်။ တစ်နည်းအားဖြင့် ရင်းနှီးမြှုပ်နှံသူများအား အကျိုးအမြတ်ကောင်းသည့် စတော့များကို ဝယ်ယူကာ ကာလရှည်၊ ကာလတို ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးသည်။ သို့သော်လည်း စည်းမျဉ်းထိန်းကျောင်းသူများ၊ စတော့ထုတ်ဝေသည့် ကုမ္ပဏီများအနေနှင့် ကာလတို ဈေးကစားခြင်းထက် စတော့ဈေးနှုန်း ပိုမိုတည်ငြိမ်မှုရှိသည့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုမျိုးကို ပိုမိုကြိုက်နှစ်သက်လေ့ရှိသည်။ မိမိဈေးကွက်သို့ ရောက်ရှိလာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အများအားဖြင့် ကာလရှည် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးခြင်းဖြစ်သည့်အတွက် ၎င်းတို့ ဝင်ရောက်လာခြင်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု Sustainable Development ကို အထောက်အပံ့ ဖြစ်စေသည်။

## (ဂ) ကောင်းမွန်သည့်ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်ကိုဖြစ်စေခြင်း

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဖွဲ့များသည် ရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီ ၎င်းတို့ ဝင်ရောက်ရန် ရည်ရွယ်သည့် ကုမ္ပဏီ၏ ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု မည်မျှကောင်းမွန်သည်ဆိုသည့်အချက်ကို အဓိကထား ကြည့်လေ့ရှိသည်။ အဆိုပါအချက်များ ကောင်းသည်ဆိုမှသာ အခြားသော အချက်အလက်များကို ဆက်လက်ကြည့်ရှုပြီး ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်လေ့ရှိသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်လိုသည့် ကုမ္ပဏီများအနေနှင့် ပွင့်လင်းမြင်သာမှုနှင့် ကောင်းမွန်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်ကို တည်ဆောက်ထားမည်ဆိုပါက ပြည်ပရင်းနှီးမြှုပ်နှံသူများကို အလွယ်တကူ ဆွဲဆောင်နိုင်မည်ဖြစ်သည်။

## (ဃ) ဈေးကွက်ဖွံ့ဖြိုးရေးကို ပိုမိုအထောက်အကူဖြစ်စေခြင်း

တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများအနေနှင့် ကုမ္ပဏီများ၏ သတင်းအချက်အလက်များကို စိစစ်ရန်၊ ဆန်း စစ်ရန် ခက်ခဲမည်။ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေနှင့်မူ သတင်း အချက်အလက်ကို အပြည့်အဝအခြေခံပြီး ဝယ်/ရောင်း ပြုလုပ်ကြသည့်အတွက် ၎င်းတို့ ဝယ်ယူရင်းနှီးသည့် ကုမ္ပဏီသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက် အချက်ပြမှု Signal တစ်ခုဖြစ်စေပြီး ယင်းစတော့များကို ပြည်တွင်းရင်းနှီးမြှုပ်နှံသူများ အလွယ်တကူလိုက်ပါဝယ်ယူမည်ဆိုပါက ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးရှိစေမည်ဖြစ်သည်။ အဆုံးတွင် ဈေးကွက်ပိုမိုသွက်လက်လာမည်ဖြစ်သလို ဈေးကွက်ဖွံ့ဖြိုးမှုကို ပိုမိုအထောက်အကူဖြစ်စေမည်။

## အိမ်နီးချင်းစတော့အိပ်ချိန်းအချို့နှင့် နိုင်ငံခြားသားပါဝင်မှု

ဟိုချီမင်းစတော့အိပ်ချိန်းကို ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ စာရင်းဝင်ကုမ္ပဏီပေါင်း ၄၀၄ ခုရှိသည်။ စတော့အိပ်ချိန်းဖွင့်လှစ်ချိန်တွင် နိုင်ငံခြားသားပါဝင်မှုကို ၂၀ ရာခိုင်နှုန်းသာခွင့်ပြုခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ခွင့်ပြုခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းသို့ ထပ်မံတိုးမြှင့်ခွင့်ပြုခဲ့ပြီး ယခုအခါ အရေးကြီးစီးပွားရေးကဏ္ဍအချို့မှလွဲ၍ ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုပေးခဲ့သည်။

> **စတော့အိပ်ချိန်းတစ်ခု၏ အဓိကလုပ်ငန်းစဉ်မှာ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ရန်အတွက် သမားရိုးကျကာလတို ဘဏ်ချေးငွေရယူခြင်းမှသည် ကာလရှည်ရင်းနှီးငွေရယူခြင်း ဆိုသည့်လမ်းကြောင်းကို ကူးပြောင်းပေးခြင်းဖြစ်သည်။ ပေါ်ထွန်းစ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကာလရှည် ငွေကြေးအရင်းအနှီးများစွာ လိုအပ်သည်။**

ထိုင်းစတော့အိပ်ချိန်းကို ၁၉၇၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာရင်းဝင်ကုမ္ပဏီ ၇၈၄ ခု ရှိသည်။ ကန့်သတ်ထားသည့် ကဏ္ဍအချို့မှလွဲ၍ စာရင်းဝင်ကုမ္ပဏီအများစု ကိုနိုင်ငံခြားပါဝင်မှု ၄၉ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးခဲ့သည်။ သို့သော် ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများကို ၂၅ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြုခဲ့သည်။ သို့အတွက် ထိုင်းစတော့ဈေးကွက်သည် သိသာထင်ရှားသည့် တိုးတက်မှုများကို ရရှိခဲ့သည်။

မည်သို့ပင် စတော့ဈေးကွက်သို့ နိုင်ငံခြားသားများ ပါဝင်ခွင့်ပြုသော်လည်း သတ်မှတ်ထားသည့် ရာခိုင်နှုန်း ပြည့်မီစေရန်မည်သည့် နိုင်ငံခြားသားကမျှ ဝယ်ယူခြင်း မပြုသည်ကိုလည်း သတိချပ်ရမည်ဖြစ်သည်။ သို့သော် စတော့ဈေးကွက်သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခြင်းဖြင့် အိမ်ရှင်နိုင်ငံ၏ စတော့ဈေးကွက်ကို သိသာသည့် တိုးတက်ပြောင်းလဲမှုများ ဖြစ်စေသည့် သာဓကများစွာရှိသည်။

အောက်ဖော်ပြပါ ဇယားတွင် ဟိုချီမင်းစတော့အိပ်ချိန်းနှင့် ထိုင်းစတော့အိပ်ချိန်းတို့၏ ခုနှစ်အလိုက် စတော့အိပ်ချိန်းတွင် နိုင်ငံခြားသားပါဝင်ထားသည့် ရာခိုင်နှုန်းနှင့် စတော့အညွှန်းကိန်းကို တိုးတက်မှုရရှိပုံကို ဖော်ပြထားသည်။

**ဟိုချီမင်းစတော့အိပ်ချိန်းတွင် နှစ်အလိုက် နိုင်ငံခြား ပါဝင်မှုနှင့် စတော့အညွှန်းကိန်းအား အကျိုးသက်ရောက်မှု**

| ခုနှစ် | နိုင်ငံခြားသားပါဝင်မှု | စတော့အညွှန်းကိန်းတိုးတက်မှု |
|---|---|---|
| ၂၀၀၄ | ၃ % | ၄၃% |
| ၂၀၀၅ | ၁၁% | ၂၉% |
| ၂၀၀၆ | ၁၅% | ၁၄၄% |
| ၂၀၀၇ | ၂၃% | ၂၃% |

**ထိုင်းစတော့အိပ်ချိန်းတွင် နှစ်အလိုက် နိုင်ငံခြား ပါဝင်မှုနှင့် စတော့အညွှန်းကိန်းအား အကျိုးသက်ရောက်မှု**

| ခုနှစ် | နိုင်ငံခြားသားပါဝင်မှု | စတော့အညွှန်းကိန်းတိုးတက်မှု |
|---|---|---|
| ၁၉၉၁ | ၈% | ၁၆% |
| ၁၉၉၂ | ၇% | ၂၆% |
| ၁၉၉၃ | ၁၇% | ၈၈% |

## မြန်မာနိုင်ငံ စတော့ဈေးကွက်နှင့် နိုင်ငံခြားသားပါဝင်မှု

အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သည့် မြန်မာကုမ္ပဏီဥပဒေ (၂၀၁၇) အရ မြန်မာကုမ္ပဏီများတွင် နိုင်ငံခြားသား အများဆုံး (၃၅%) ပါဝင် ဝယ်ယူရင်းနှီးမြှုပ်နှံခွင့်ပြုသည့်တိုင် မြန်မာကုမ္ပဏီတစ်ခု၏ Status ပြောင်းလဲခြင်း မဖြစ်စေသည့် ပြဋ္ဌာန်းချက်များကို သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သည်။ စတော့ဈေးကွက် စာရင်းဝင်အများနှင့် သက်ဆိုင်သောကုမ္ပဏီများသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီး ကြပ်မှုကော်မရှင် (Securities Exchange Commission of Myanmar) ၏ကြီးကြပ်မှုအောက်တွင် ရှိနေပေရာ ကော်မရှင်မှ လိုအပ်သည့် ညွှန်ကြားချက်များကို ၂၀၂၀ ခု မတ်လ ၆ ရက်နေ့ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

စတော့အိပ်ချိန်းသည် သက်ဆိုင်ရာ စာရင်းဝင် ကုမ္ပဏီတစ်ခုချင်းစီမှ သတ်မှတ်ပေးမည့် နိုင်ငံခြားသားပါဝင်မှု အချိုးအစားအတိုင်း ရောင်းဝယ်မှုပမာဏ ကျော်လွန်သွားခြင်း မရှိစေရန် ထိန်းကျောင်းကာ ရောင်းဝယ်ပေးလျက်ရှိသည်။ YSX Website ပါစာရင်းများအရ FMI (12.60 %)၊ MTSH (4.5%)၊ MCB (0%)၊ FPB (31.5%)၊ TMH (4.5%)၊ EFR (1.35%)၊ AMATA 25.72% နှင့် MAEX (4.5% ) အသီးသီး ပါဝင်ခွင့်ပြုထားကြောင်း သိရှိရသည်။

Ref: www.ysx-mm.com



VICTORY
VICTORY
MYANMAR GROUP CO., LTD.
ကမ္ဘာ့အသိအမှတ်ပြု
မြန်မာ့အရည်အသွေးအကောင်းဆုံး
SINCE 1961
MONDE SELECTION
2020
GOLD AWARD
CWSA
DOUBLE GOLD
CHINA WINE & SPIRITS AWARDS
SIP AWARDS
20 20
PLATINUM
LONDON SPIRITS
LSC
GOLD
2020
COMPETITION
MONDE SELECTION
BELGIUM
CWSA AWARDS
HONG KONG
SIP AWARDS
U.S.A
LONDON SPIRITS
COMPETITION
U.K
SINCE 1886
MANDALAY
PREMIUM PRODUCT
EXPORT
AGED 3 YEARS
DISTILLED, BLENDED AND BOTTLED IN MANDALAY
Mandalay Export ကို London Spirits Competition အဖွဲ့အစည်းကြီးမှ
ကမ္ဘာ့နံပါတ်(၃) အရည်အသွေးဆိုင်ရာ အကောင်းဆုံးအဖြစ် သတ်မှတ်ခဲ့ပါတယ်။

# Charoen Pokphand Produce (Myanmar) Co.,Ltd

## Charoen Pokphand Produce Myanmar မှ
## တင်သွင်း ဖြန့်ဖြူးရောင်းချသော
# စိုက်ပျိုးရေးဆေးများ




**No.18 B, Oak Pon Seik Street, Quarter (8), Mayangone Township, Yangon.**
**Ph : 09 777777390, 09 962759971~72**
**www.facebook.com/CPP Crop Protection Myanmar**

COMMERCE INTERNATIONAL

# ရပ်ဝန်းနှင့် ပိုးလမ်းမ လုပ်ဆောင်ချက်များကို တရုတ်သမ္မတ ကြေညာ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရပ်ဝန်းနှင့်ပိုးလမ်းမ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်မိန့်ခွန်း ပြောကြားခဲ့မှုနှင့်အတူ ရပ်ဝန်းနှင့်ပိုးလမ်းမ အရည်အသွေးမြင့် လုပ်ဆောင်ချက် ရှစ်ရပ်ကိုလည်း ထည့်သွင်းကြေညာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် ကြေညာသွားသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ အရည်အသွေးမြင့် လုပ်ဆောင်ချက် ရှစ်ရပ်မှာ (၁) ရပ်ဝန်းနှင့်ပိုးလမ်းမကို သုံးဘက်မြင် အပြန်အလှန်ချိတ်ဆက်သည့် ကွန်ရက်အဖြစ် တည်ဆောက်မည်၊ (၂) ပွင့်လင်းသော ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တည်ဆောက်မှုကို အားပေးထောက်ခံမည်၊ (၃) လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်မည်၊ (၄) အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ဆောင်ရွက်မည်၊ (၅) သိပ္ပံနည်းပညာ ဆန်းသစ်ဖန်တီးမှုကို တွန်းအားပေးမည်၊ (၆) ပြည်သူအချင်းချင်း သွားလာဆက်ဆံရေးကို အားပေးဆောင်ရွက်မည်၊ (၇) ဂုဏ်သိက္ခာ၊ သမာဓိရှိသောလမ်းကို တည်ဆောက်မည်နှင့် (၈) ရပ်ဝန်းနှင့်ပိုးလမ်းမ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဟူသည့် အချက်များပင်ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမ မိတ်ဖက်နိုင်ငံများနှင့်အတူ စွမ်းအင်၊ အခွန်စည်းကြပ်မှု၊ ဘဏ္ဍာရေး၊ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဘေးအန္တရာယ် လျှော့ချရေး၊ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး၊ ပညာရှင်အဖွဲ့၊ မီဒီယာနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍများ၌လည်း ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပလက်ဖောင်းတစ်ရပ်ကို တည်ဆောက်သွားမည် ဖြစ်ကြောင်းကိုလည်း သမ္မတရှီကျင့်ဖျင်က ထည့်သွင်း ပြောဆိုသွားကြောင်း သိရသည်။

**Source; Xinhua**




# အမေရိကန်တွင် တက်စလာထုတ်ကားများ ဈေးလျှော့ချ

လျှပ်စစ် မော်တော်ကားကုမ္ပဏီ တစ်ခုဖြစ်သည့် Tesla သည် ၎င်းတို့ထုတ် Model 3နှင့် Model Y မော်တော်ကားများကို အမေရိကန်ပြည်ထောင်စု ဈေးကွက်အတွင်း၌ ဈေးနှုန်းများကို လျှော့ချကာ ရောင်းချနေကြောင်း caranddriver.com ၏ အောက်တိုဘာ ၂၀ ရက်သတင်းတွင် ရေးသားဖော်ပြထားသည်။

Tesla အနေဖြင့် Model 3 မျိုးဆက် မော်တော်ကားများကို ၂ ဒသမ ၆၅ ရာခိုင်နှုန်းနှင့် Model Y မျိုးဆက် မော်တော်ကားများကို ၄ ဒသမ ၂၃ ရာခိုင်နှုန်း အသီးသီးလျှော့ချပေးခဲ့ခြင်းဖြစ်သည်။ Tesla သည် ထိုကဲ့သို့ ဈေးနှုန်းများ လျှော့ချရခြင်းမှာ အမေရိကန်ပြည်ထောင်စု၏ ကားဈေးကွက်အတွင်း၌ ဈေးကွက်ပြိုင်ဆိုင်မှု ပြင်းထန်လာခြင်းများကြောင့်ဟု Tesla မှ တာဝန်ရှိသူတစ်ဦးက ပြောသည်ဟု caranddriver.com တွင် ဆက်လက်ဖော်ပြထားသည်။

ဈေးကွက်အတွင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနေပြီဖြစ်သည့် Tesla ထုတ် Model 3 မျိုးဆက်ကားများဖြစ်သည့် Model 3 long range ကို အမေရိကန်ကန်ဒေါ်လာ ၄၇၂၄၀ ဒေါ်လာမှ ၄၅၉၉၀ ဒေါ်လာသို့ လည်းကောင်း၊ Model 3 performance ကို အမေရိကန်ဒေါ်လာ ၅၃၂၄၀ ဒေါ်လာမှ ၅၀၉၉၀ ဒေါ်လာသို့လည်းကောင်း အသီးသီး လျှော့ချပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် Tesla သည် Model Y long-range ၏ ဈေးနှုန်းကို အမေရိကန်ဒေါ်လာ ၅၀၄၉၀ ဒေါ်လာမှ ၄၈၄၉၀ ဒေါ်လာသို့ လျှော့ချပေးခဲ့ပြီး Model Y performance မျိုးကွဲကိုမူ အမေရိကန်ဒေါ်လာ ၅၄၄၉၀ ဒေါ်လာမှ ၅၂၄၉၀ ဒေါ်လာသို့ လျှော့ချပေးလိုက်ခြင်းဖြစ်သည်။

Teslaသည် ပြီးခဲ့သည့် စက်တင်ဘာလ အစောပိုင်းကလည်း Model S နှင့် Model X တို့၏ ဈေးနှုန်းများကို တစ်ကြိမ် လျှော့ချပေးခဲ့ဖူးသည်။

**Source; caranddriver.com**

# တရုတ်နိုင်ငံ ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၆၀ ပါဝင်ပြသမည်

နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံတွင် ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် တရုတ် နိုင်ငံတကာသွင်းကုန်ပြပွဲ (China International Import Expo-CIIE)တွင် ကမ္ဘာ့နိုင်ငံပေါင်း ၆၀ က ပါဝင်ပြသရန် အတည်ပြုထားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များ၏ ထုတ်ဖော်ပြောဆိုချက်ကို ကိုးကားပြီး ဆင်ဟွာသတင်းတစ်ရပ်က အောက်တိုဘာ ၂၀ ရက်တွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် ကျင်းပမည့် အဆိုပါ ဆဋ္ဌမအကြိမ်မြောက် တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲ (China International Import Expo-CIIE)သည် CIIE ၏ အရေးပါသော ပြပွဲတစ်ခုဖြစ်ပြီး ပါဝင်ပြသသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ နည်းပညာ တီထွင်ဆန်းသစ်မှုများကို ပြသကြမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် စက်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများကိုလည်း အားကောင်းစေမည်ဖြစ်ကြောင်း အမျိုးသားပြပွဲနှင့် ကွန်ဗင်းရှင်းစင်တာ (ရှန်ဟိုင်း) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက်ပြပွဲတွင် နိုင်ငံတကာ ပြခန်းများ၌ ဖွံ့ဖြိုးမှုအနည်းဆုံးမှ ဖွံ့ဖြိုးပြီးနိုင်ငံများအထိ တိုးတက်မှုအဆင့် အမျိုးမျိုးရှိသည့် နိုင်ငံများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကျင်းပမည့် National Convention & Exhibition Centreသည် စတုရန်းမီတာ ၂၅၀၀ ကျယ်ဝန်းသည်။ အဆိုပါ တရုတ်နိုင်ငံပြခန်းသည် CIIE ပြပွဲသမိုင်းတစ်လျှောက်တွင် အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။ ယင်းပြခန်းတွင် အဆင့်မြင့် တံခါးဖွင့်ဝါဒနှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် တရုတ်နိုင်ငံ၏ လက်ရှိအောင်မြင်တိုးတက်မှု အခြေအနေများကို အလေးထား ဖော်ပြမည်ဖြစ်ကြောင်းလည်း သိရသည်။

ဆဋ္ဌမအကြိမ်မြောက် တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲ၏ စီးပွားရေးပြခန်းတွင် ပင်မပြခန်းဧရိယာ ခြောက်ခု ထည့်သွင်းပြသမည်ဖြစ်သည်။ ထို့ပြင် ကုမ္ပဏီပေါင်း ၃၀၀၀ ကျော်က ပါဝင်ပြသရန် အတည်ပြုထားကြောင်းနှင့် ပြပွဲဧရိယာကိုလည်း စတုရန်းဧရိယာ မီတာ ၃၆၀၀၀၀ အထိ တိုးချဲ့သွားရန် ပြင်ဆင်နေကြောင်း သိရသည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်